# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# ပဉ္စမပုံမှန်အစည်းအဝေး
# (၃၃) ရက်မြောက်နေ့ မှတ်တမ်း

အကြမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| ၃ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၃) ရက်မြောက်နေ့ အစီအစဉ်ကြေညာခြင်း | ၂ |
| ၄ | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၂ |
| ၅ | ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၃ |
| ၆ | (က) အင်္ဂလိပ်ကိုလိုနီလက်ထက်တွင် အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းခဲ့သော ယနေ့တိုင် တည်ဆဲဥပဒေများဖြစ်သည့် ဥပဒေများအား မြန်မာဘာသာသို့ ဘာသာပြန်ဆို ပြဋ္ဌာန်းပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၄ |
| ၇ | (ခ) ဆိုလာမီးရယူရန် ဆန္ဒရှိသော ပြည်သူလူထုများထံမှ သတ်မှတ်ကျသင့်နှုန်းထားငွေများကို ကောက်ခံထားသည်မှာ တစ်နှစ်ကျော်ကာလအထိ ကြာမြင့်ခဲ့သော်လည်း ယနေ့တိုင် ဆိုလာလျှပ်စစ်မီးစနစ်ဖြန့်ဖြူး တပ်ဆင်ပေးနိုင်ခြင်းမရှိသေးသဖြင့် မည်သည့်အတွက်ကြောင့်ဆောင်ရွက်ပေးခြင်းမရှိသည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း | ၉ |
| ၈ | (ဂ) သမဝါယမအသင်းပိုင် အဆောက်အဦများ၊ မြေနေရာများကို မည်ကဲ့သို့စီမံခန့်ခွဲပြီး အသင်းသားများနှင့် နိုင်ငံတော်က မည်သည့်အကျိုးအမြတ်များ ရရှိနေကြောင်းသိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၂ |
| ၉ | (ဃ) ဆောမြို့နယ်၊ ငှက်ချောင်ကျေးရွာအုပ်စုရှိ သာဂေါင်းရေသွယ်မြောင်းနှင့် ရေသွယ်လျှောက်ခေါင်းတို့အား ရေရှည်ခိုင်ခံ့မည့် ကျောက်ရိုးကွန်ကရစ်မြောင်းပေါင်နှင့် ကွန်ကရစ်ရေသွယ် လျှောက်ခေါင်းတို့ကို အမြန်ဆုံး တည်ဆောက်ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၈ |
| ၁၀ | (င) ဟုမ္မလင်းမြို့နယ်၊ ကက်သာစံပြ၊ တုံဟဲ၊ သောင်သွဒ်၊ ကျွန်းကုန်းကျေးရွာများမှတစ်ဆင့် ဖောင်းပြင်မြို့နယ် မင်းယားကျေးရွာအထိ ကျေးရွာချင်းဆက်၊ မြို့နယ်ချင်းဆက်လမ်းများကို မြေသားလမ်းအဆင့် ကနဦးဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၂၀ |

| | | |
|---|---|---|
| ၁၁ | (စ) ဆော့လော်မြို့နယ်၊ မြို့မရပ်ကွက်အတွင်းရှိ မြို့တွင်းလမ်း အရှည်ပေ ၅၂၈၀၊ အကျယ် ၁၄ ပေလမ်းအား ကတ္တရာလမ်း သို့မဟုတ် ကွန်ကရစ်လမ်း သို့မဟုတ် ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၂၃ |
| ၁၂ | ဦးမြင့်ဦး၊ သနပ်ပင်မဲဆန္ဒနယ်က မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီ ဥပဒေကြမ်းကို လက်ခံဆွေးနွေးရန် အဆိုတင်သွင်းခြင်းနှင့် ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း | ၂၆ |
| ၁၃ | မြန်မာနိုင်ငံ တိုင်းရေးဆေးကောင်စီ ဥပဒေကြမ်းကို လွှတ်တော်က လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း | ၃၂ |
| ၁၄ | မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီဥပဒေကြမ်းကို လက်ခံဆွေးနွေးရန် ဥပဒေကြမ်းကော်မတီသို့ လွှဲအပ်မည်ဖြစ်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း | ၃၄ |
| ၁၅ | ဒေါ်သန္တာ၊ အိမ်မဲမဲဆန္ဒနယ်က တင်သွင်းသည့် ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်နေ့တွင် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ မစ္စယန်ဟီလီ၏ သတင်းထုတ်ပြန်ချက်အား ပြင်းထန်စွာကန့်ကွက်ကြောင်း အရေးကြီးအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း | ၃၅ |
| ၁၆ | ဒေါ်သန္တာ၊ အိမ်မဲမဲဆန္ဒနယ်က တင်သွင်းသည့် အရေးကြီးအဆိုနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း | ၆၈ |
| ၁၅ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၃၃) ရက်မြောက်နေ့ရပ်နားကြောင်းနှင့် အစည်းအဝေး (၃၄) ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း | ၇၃ |

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမ ပုံမှန်အစည်းအဝေး

# (၃၃)ရက်မြောက်နေ့ အစီအစဉ်

# [ ၂၅-၇-၂၀၁၇ ] (အင်္ဂါနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမ ပုံမှန်အစည်းအဝေး (၃၃)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဒေါ်ခင်စောဝေ၊ ရသေ့တောင် မဲဆန္ဒနယ်၏ **အင်္ဂလိပ်ကိုလိုနီ လက်ထက်တွင် အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းခဲ့သော ယနေ့တိုင်တည်ဆဲ ဥပဒေများ ဖြစ်သည့် ဥပဒေများအား မြန်မာဘာသာသို့ ဘာသာပြန်ဆို ပြဋ္ဌာန်းပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးစိုင်းသီဟကျော်၊ မိုင်းရယ် မဲဆန္ဒနယ်၏ **ဆိုလာမီးရယူရန် ဆန္ဒရှိသော ပြည်သူလူထုများထံမှ သတ်မှတ်ကျသင့်နှုန်းထားငွေများကို ကောက်ခံထားသည်မှာ တစ်နှစ်ကျော်ကာလအထိ ကြာမြင့်ခဲ့သော်လည်း ယနေ့တိုင် ဆိုလာလျှပ်စစ်မီးစနစ် ဖြန့်ဖြူးတပ်ဆင်ပေးနိုင်ခြင်း မရှိသေးသဖြင့် မည်သည့်အတွက်ကြောင့် ဆောင်ရွက်ပေးခြင်းမရှိသည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဒေါက်တာဒေါ်ခင်စိုးစိုးကြည်၊ ပြည် မဲဆန္ဒနယ်၏ **သမဝါယမအသင်းပိုင် အဆောက်အဦများ၊ မြေနေရာများကို မည်ကဲ့သို့စီမံခန့်ခွဲပြီး အသင်းသားများနှင့် နိုင်ငံတော်က မည်သည့်အကျိုးအမြတ်များ ရရှိနေကြောင်း သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးကျော်တင်၊ ဆော မဲဆန္ဒနယ်၏ **ဆောမြို့နယ်၊ ငှက်ချောင်ကျေးရွာ အုပ်စုရှိ သာဂေါင်း ရေသွယ်မြောင်းနှင့် ရေသွယ်လျှောက်ခေါင်း တို့အား ရေရှည်ခိုင်ခံ့မည့် ကျောက်ရိုးကွန်ကရစ်မြောင်းပေါင်နှင့် ကွန်ကရစ်ရေသွယ် လျှောက်ခေါင်းတို့ကို အမြန်ဆုံးတည်ဆောက် ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးမျိုးညွန့်၊ ဟုမ္မလင်း မဲဆန္ဒနယ်၏ **ဟုမ္မလင်းမြို့နယ်၊ ကက်သာစံပြ၊ တုံးဟဲ၊ သောင်သွဒ်၊ ကျွန်းကုန်းကျေးရွာများမှ တစ်ဆင့် ဖောင်းပြင် မြို့နယ် မင်းယားကျေးရွာအထိ ကျေးရွာချင်းဆက်၊ မြို့နယ်ချင်းဆက် လမ်းများကို မြေသားလမ်းအဆင့် ကနဦးဖောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးလာမာလေး၊ ဆော့လော် မဲဆန္ဒနယ်၏ **ဆော့လော်မြို့နယ်၊ မြို့မ ရပ်ကွက်အတွင်းရှိ မြို့တွင်းလမ်း အရှည်ပေ (၅၂၈၀)၊ အကျယ် (၁၄) ပေလမ်းအား ကတ္တရာလမ်း သို့မဟုတ် ကွန်ကရစ်လမ်း သို့မဟုတ် ကျောက်ချောလမ်းအဖြစ် ဆောင်ရွက် ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဦးမြင့်ဦး၊ သနပ်ပင် မဲဆန္ဒနယ်က **"မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီ ဥပဒေကြမ်း"** ကို လက်ခံဆွေးနွေးရန် အဆို တင်သွင်းခြင်းနှင့် ကိုယ်စားလှယ် တစ်ဦးက ထောက်ခံခြင်း၊

၇။ **“ မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီ ဥပဒေကြမ်း ”** ကို လွှတ်တော်က လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ် ရယူခြင်း၊

၈။ လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက ဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီသို့ လွှဲအပ်မည်ဖြစ်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

သို့မဟုတ်

လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ဥပဒေကြမ်းကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၉။ ဒေါ်သန္တာ၊ အိမ်မဲ မဲဆန္ဒနယ်က တင်သွင်းသည့် **“၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်နေ့တွင် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ မစ္စယန်ဟီလီ၏ သတင်းထုတ်ပြန်ချက်အား ပြင်းထန်စွာ ကန့်ကွက်ကြောင်း အရေးကြီးအဆို ”** ကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးမောင်မြင့်၊ မင်းကင်း မဲဆန္ဒနယ်၊

(ခ) ဦးအောင်သောင်းရွှေ၊ ဘူးသီးတောင် မဲဆန္ဒနယ်၊

(ဂ) ဒေါ်ယဉ်မင်းလှိုင်၊ ဂန့်ဂေါ မဲဆန္ဒနယ်၊

(ဃ) ဒေါ်နီနီမေမြင့်၊ တောင်ကုတ် မဲဆန္ဒနယ်၊

(င) ဦးထွန်းထွန်း၊ ပွင့်ဖြူ မဲဆန္ဒနယ်၊

(စ) ဦးဇာနည်မင်း၊ ရွှေကူ မဲဆန္ဒနယ်၊

(ဆ) ဦးဌေးဝင်းအောင်(ခ)ဦးပြုံးချို၊ ဒေါပုံ မဲဆန္ဒနယ်၊

(ဇ) ဒေါက်တာမောင်သင်း၊ မိတ္ထီလာ မဲဆန္ဒနယ်၊

(ဈ) ဒေါက်တာဒေါ်အေဇင်လတ်၊ ရွှေဘို မဲဆန္ဒနယ်၊

(ည) ဒေါက်တာဦးစိန်မြအေး၊ ဒလ မဲဆန္ဒနယ်၊

(ဋ) ဗိုလ်မှူးမြင့်မောင်၊ တပ်မတော်သားကိုယ်စားလှယ်၊

(ဌ) ဗိုလ်မှူးကျော်ဇင်မိုး၊ တပ်မတော်သားကိုယ်စားလှယ်၊

(ဍ) ဒေါ်ပြုံးကေသီနိုင်၊ ကလော မဲဆန္ဒနယ်၊

၁၀။ အရေးကြီးအဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၁။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး (၃၃)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၃၄)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး**

**(၃၃)ရက်မြောက်နေ့မှတ်တမ်း**

**၁၃၇၉ ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက်**

**(၂၀၁၇ ခုနှစ်၊ ဇူလိုင် ၂၅ ရက်)**

**(အင်္ဂါနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၃) ရက်မြောက်နေ့ကို နံနက် ၁၀း၁၅ နာရီအချိန်၌ စတင်ကျင်းပပါသည်။

ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။

**အချိန်၊ ၁၀း၁၅။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၃)ရက်မြောက်နေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါခင်ဗျား။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၃)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၃၅ ဦးရှိတဲ့အနက် ၄၀၆ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၃.၃၃ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာစောနိုင်(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၃)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအဖွဲ့ဝင် ကျွန်တော် ဒေါက်တာစောနိုင်၊ တောင်ဥက္ကလာပမဲဆန္ဒနယ်က ကိုယ်စား ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၅ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၄၀၆ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၇ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ ကိုယ်စားလှယ်များကတော့-

(၁) ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးနေထက်ဝင်း ခွင့် ၁ ရက်၊

(၂) သီပေါမဲဆန္ဒနယ်မှ ဦးစိုင်းသန့်ဇင် ခွင့် ၁ ရက်၊

(၃) မင်းပြားမဲဆန္ဒနယ်မှ ဦးစစ်နိုင် ခွင့် ၁ ရက်၊

(၄) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ချုပ်တောက်ထွန်း ခွင့် ၁ ရက်၊

(၅) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးမြင့်ဟန် ခွင့် ၁ ရက်၊

(၆) မာန်အောင်မဲဆန္ဒနယ်မှ ဦးတင်နု(ခ)တင်နုအောင် ခွင့် ၃ ရက်နှင့်

(၇) ရန်ကင်းမဲဆန္ဒနယ်မှ ဒေါ်ဇင်မာအောင် ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၂၂ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၇ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၂၉ ဦး ဖြစ်ပါတယ်ခင်ဗျား။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် အထက်ပါ ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၅ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၂၂ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၇ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၂၉ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ပါတော့မယ်။

**မူကြမ်း**

**အင်္ဂလိပ်ကိုလိုနီလက်ထက်တွင် အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းခဲ့သော ယနေ့တိုင်တည်ဆဲဥပဒေများဖြစ်သည့် ဥပဒေများအား မြန်မာဘာသာသို့ ဘာသာပြန်ဆို ပြဋ္ဌာန်းပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ပထမဦးစွာ ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်စောဝေ(ရသေ့တောင်မဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါရှင်။ ကျွန်မက ရခိုင်ပြည်နယ်၊ ရသေ့တောင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ အင်္ဂလိပ်ကိုလိုနီဘဝကျရောက်ခဲ့စဉ်က မြန်မာနိုင်ငံမှာ ဥပဒေအားလုံးနီးပါးကို အင်္ဂလိပ်ဘာသာဖြင့်သာ ရေးသားခဲ့ကြပါတယ်။ လွတ်လပ်ရေးရပြီးနောက်ပိုင်းမှာ ဥပဒေအချို့ကို မြန်မာဘာသာကို ပြန်ဆိုခဲ့ပါတယ်။ နောက်ပိုင်းမှာလည်း ဥပဒေသစ်များကို ရိုးသုံးမြန်မာစာဖြင့်သာ ရေးဆွဲပြဋ္ဌာန်းခဲ့ကြောင်းကိုလည်း တွေ့ရှိခဲ့ရပါတယ်။ ထိုကဲ့သို့ အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ ဘာသာပြန်ဆိုခဲ့တဲ့ဥပဒေများထဲမှ ၁၈၆၀ ခုနှစ် အင်္ဂလိပ်အစိုးရက ရေးဆွဲပြဋ္ဌာန်းခဲ့တဲ့ Penal Code ဟာ ၁၉၄၈ ခုနှစ်၊ မြန်မာသာသာပြန် တရားဥပဒေနှင့် ဝေါဟာရများအက်ဥပဒေအမှတ်(၂၇)အရ နိုင်ငံတော်အစိုးရမှ ဘာသာပြန်ဆိုခဲ့ပြီး ရာဇသတ်ကြီးဥပဒေအဖြစ် တရားရုံး၊ ဥပဒေရုံးများတွင် တရားဝင်ကျင့်သုံးလျက်ရှိတာ တွေ့ရှိရပါတယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဒုတိယနေ့မှာ ကျွန်မက ၁၈၆၀ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့တဲ့ ရာဇသတ်ကြီးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်သို့တင်သွင်းခဲ့ရာ အင်္ဂလိပ်ဘာသာဖြင့်ရေးသားတင်ပြခြင်းမဟုတ်ခဲ့တဲ့အတွက် ဆက်လက်ဆွေးနွေးရန်မသင့်ကြောင်း လွှတ်တော်က ဆုံးဖြတ်ခဲ့ပါတယ်။ ယခုအချိန်မှာ ဥပဒေပြုရေးအာဏာကို အပ်နှင်းခံထားရတဲ့ လွှတ်တော်အသီးသီးရှိ လွှတ်တော်ကိုယ်စားလှယ်အများစုမှာ ဥပဒေပညာတွေရော အင်္ဂလိပ်စာကျွမ်းကျင်မှုအပိုင်းတွေမှာ အားနည်းချက်များ ရှိနေပါတယ်။ အထူးသဖြင့် ဥပဒေတစ်ရပ်အား အင်္ဂလိပ်ဘာသာဖြင့် ရေးဆွဲခြင်း၊ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အပြန်အလှန်ဆွေးနွေးခြင်းတို့ဖြင့် ကျွမ်းကျင်သောဥပဒေပြုနိုင်တဲ့ အရည်အချင်းရှိသူများ အလွန်နည်းပါးလှပါတယ်။ ဥပဒေပြုလွှတ်တော်များအနေဖြင့် မြန်မာဘာသာဖြင့်သာ ဥပဒေပြုခွင့်ရနိုင်မှသာလျှင် ဥပဒေကောင်းများ ပေါ်လာနိုင်မှာဖြစ်ပါတယ်။ ဒါမှသာ ကိုလိုနီလောင်းရိပ်အောက်က လွတ်ကင်းပြီးတော့ မြန်မာဘာသာဖြင့် ဥပဒေပြုရေးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်တဲ့ လွှတ်တော်များဖြစ်လာမှာပါရှင်။

**မူကြမ်း**

ဥက္ကဋ္ဌကြီးရှင်။ လွှတ်တော်များအနေဖြင့် မိမိ၏နိုင်ငံ၊ မိမိ၏ပတ်ဝန်းကျင်၊ မိမိတို့၏အခြေအနေနဲ့ လိုက်လျောညီထွေရှိတဲ့ ဥပဒေများကို ရေးဆွဲခြင်း၊ ပြင်ဆင်ခြင်းတို့ကိုသာ အဓိကဆောင်ရွက်ရန်ဖြစ်ပါတယ်။ မူရင်းဥပဒေမှာ အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားသောဥပဒေဖြစ်ပါကလည်း လွှတ်တော်၏ ဥပဒေပြင်ဆင်ချက်များအား သင့်လျော်မှန်ကန်အောင် ဘာသာပြန်ဆိုရမည့်တာဝန်မှာ နိုင်ငံတော်အစိုးရ၊ ဌာန၊ ဝန်ထမ်း၊ အဖွဲ့အစည်းတာဝန်သာဖြစ်တယ်လို့ ယူဆမိပါတယ်ရှင်။ ဤရာဇသတ်ကြီးဥပဒေဟာ အကြိမ်ကြိမ်ဖြည့်စွက်၊ ပြင်ဆင်ခဲ့မှုတွေများ ရှိပါတယ်။ ၁၉၆၃ ခုနှစ်၊ တော်လှန်ရေးကောင်စီဥပဒေအမှတ်(၇)အရ ရာဇသတ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်းပြီး ရာဇသတ်ကြီးပုဒ်မ ၂၈၅ နဲ့ ၂၈၆ တွင် ခြောက်လထိ ထောင်ဒဏ်ဖြစ်စေ၊ တစ်ထောင်ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေဆိုတဲ့ စကားရပ်အစား သုံးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်တယ်ဆိုတဲ့ စကားရပ်ကို ထည့်သွင်းပြင်ဆင်ခဲ့ပါတယ်။ ရာဇသတ်ကြီးပုဒ်မ ၃၁၂ နောက်မှာလည်း အောက်ပါတို့ကို ပုဒ်မ ၃၁၂ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲ(ဃ)အဖြစ် ထည့်သွင်းရမည်ဟုလည်း ဖြည့်စွက်ပြဋ္ဌာန်းခဲ့ပါတယ်။ ၁၉၆၃ ခုနှစ်၊ တော်လှန်ရေးကောင်စီခေတ်မှာလည်း တော်လှန်ရေးကောင်စီဝင်များကိုယ်တိုင် အင်္ဂလိပ်-မြန်မာ နှစ်ဘာသာလုံးရေးသားခြင်းမဟုတ်ဘဲ ပညာရှင်များရေးသွား၍ လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့ခြင်းဖြစ်ပါတယ်။ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်ကအင်္ဂလိပ်ဘာသာဖြင့် ပြင်ဆင်ခြင်းမှာလည်း ပညာရှင်များ၏အကူအညီဖြင့် ပြင်ဆင်ခြင်းဖြစ်ပါတယ်။ ပြည့်စုံကောင်းမွန်ကြောင်းကိုလည်း တွေ့ရှိရပါတယ်။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးရှင်။ ဂျပန်ခေတ် ၁၉၄၃ ခုနှစ်ကစပြီးတော့ ဒီနေ့အထိ မြန်မာနိုင်ငံရဲ့ တရားဝင်ရုံးသုံးဘာသာစကားဟာ မြန်မာဘာသာစကားပဲဖြစ်ပါတယ်။ ဒါ့အပြင် လွတ်လပ်ရေးရပြီးနောက် အုပ်ချုပ်ခဲ့တဲ့ အစိုးရအားလုံးကလည်း မြန်မာဘာသာစကားကို တရားဝင်ရုံးသုံးဘာသာစကားအဖြစ် ပြဋ္ဌာန်းခဲ့ကြပါတယ်။ ကျွန်မတို့တွေ ဘာသာစကားတစ်ခုကို ရုံးသုံးဘာသာစကားအဖြစ်ဘာကြောင့်ပြဋ္ဌာန်းခဲ့ကြသလဲဆိုရင် ဒီနိုင်ငံမှာ မှီတင်းနေထိုင်ကြတဲ့ အများသုံးစွဲကြတဲ့ ဘာသာစကားဖြစ်တာကြောင့် အများစုနားလည်ကြတဲ့ ဘာသာစကားကို ပြဋ္ဌာန်းထားတာလို့လည်း ယုံကြည်မိပါတယ်။ ကိုယ့်ရဲ့မိခင်ဘာသာစကားဖြစ်တဲ့အတွက် အလေးထားတာလည်း ပါဝင်ပါတယ်။ ထို့အပြင် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁၅) အထွေထွေပြဋ္ဌာန်းချက်များခေါင်းစဉ်အောက်မှာရှိတဲ့ ပုဒ်မ ၄၅၀ မှာ မြန်မာစာသည် ရုံးသုံးစာ ဖြစ်သည်ဟု ရေးသားပြဋ္ဌာန်းထားပါတယ်။ သို့ဖြစ်ပါ၍ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် အောက်ပါမေးခွန်းကို မေးမြန်းအပ်ပါတယ်ရှင်။ အင်္ဂလိပ်ကိုလိုနီ ။

**မူကြမ်း**

**ဥက္ကဋ္ဌ။** ။ နိဂုံးချုပ်ပါ။ နိဂုံးချုပ်ပါ။

**ဥက္ကဋ္ဌ။** ။ ပြည်ထောင်စုရှေ့နေချုပ်ရုံးက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမြင့်(ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အားလုံးစိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့် ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ ရခိုင်ပြည်နယ်၊ ရသေ့တောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေ မေးမြန်းသွားတဲ့မေးခွန်းနဲ့ပတ်သက်လို့ ဖြေကြားမှာဖြစ်ပါတယ်။ ဒေါ်ခင်စောဝေရဲ့မေးမြန်းထားတဲ့ မေးခွန်းထဲမှာ အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားတဲ့ ယနေ့ထိတည်ဆဲဖြစ်တဲ့ ဥပဒေတွေအား မြန်မာ ဘာသာသို့ ပြန်ဆိုပေးဖို့ အစီအစဉ်ရှိ/မရှိ၊ အဲဒီလို ဘာသာပြန်ဆိုမရှိသေးတဲ့ကာလအတွင်းမှာ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ မြန်မာဘာသာဖြင့် ဥပဒေပြင်ဆင်ချက်အပေါ်မှာ အတည်ပြုနိုင်ရေး အတွက် နိုင်ငံတော်အစိုးရက အင်္ဂလိပ်ဘာသာကူညီပြန်ဆိုပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းထားခြင်း ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့မြန်မာနိုင်ငံမှာ ကိုလိုနီခေတ်ကစပြီးတော့ ဥပဒေပြဋ္ဌာန်းတဲ့အခါမှာ အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းခဲ့ပါတယ်။ လွတ်လပ် ရေးရပြီးတဲ့နောက် ၁၉၅၄ ခုနှစ်အထိ တည်ဆဲဥပဒေများကို ၁၉၅၆ ခုနှစ်မှာ အဲဒီအခါတုန်းက Burma Code လို့ခေါ်တဲ့ နောက်ပိုင်း Myanmar Code လို့ ပြောင်းလဲခေါ်ဝေါ်တဲ့ ဥပဒေ အတွဲ(၁)ကနေ (၁၃)အထိ စာအုပ်များထုတ်ဝေခဲ့ပါတယ်။ အဲဒီလိုထုတ်ဝေရတဲ့ဥပဒေတွေဟာ ၁၉၅၇ ခုနှစ်မှာ ဘာသာပြန်ဖို့အတွက် ဆောင်ရွက်ခဲ့ပါတယ်။ ဥပဒေတစ်ရပ်ပြဋ္ဌာန်းပြီးတော့ မြန်မာဘာသာပြန်ဥပဒေ နှင့် ဥပဒေဝေါဟာရအကြံပေးကော်မတီ ဖွဲ့စည်းခဲ့ပါတယ်။ အဲဒီကော်မတီက အချို့အချို့သော ဥပဒေ များကို ဘာသာပြန်တဲ့နေရာမှာ လေ့လာကြည့်ရင် ရာဇသတ်ကြီးရယ်၊ ကာလစည်းကမ်းသတ် အက်ဥပဒေရယ် နှစ်ခုကို ဘာသာပြန်ဆိုခဲ့တာကို လေ့လာတွေ့ရှိရပါတယ်။ ပထမအကြိမ် အမျိုးသား လွှတ်တော်မှာ မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၂)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ငြိမ်းက မြန်မာနိုင်ငံမှာ အင်္ဂလိပ်ဘာသာဖြင့် တည်ရှိနေတဲ့ဥပဒေတွေကို မြန်မာဘာသာကို

ပြန်ဆိုဖို့၊ မြန်မာဘာသာဖြင့် တင်သွင်းထားတဲ့ဥပဒေတွေကို အင်္ဂလိပ်ဘာသာပြန်ဆိုဖို့ကို ပြည်ထောင်စု ရှေ့နေချုပ်ကို အထူးတာဝန်တစ်ရပ်အနေဖြင့် ဆောလျင်စွာတာဝန်ပေးအပ်သင့်ကြောင်း အဆို တင်သွင်းခဲ့ပါတယ်။ အဲဒီအဆိုကို ၂၀၁၄ ခုနှစ်၊ မတ်လ ၂၆ ရက်နေ့မှာ အမျိုးသားလွှတ်တော်မှာ ဆွေးနွေးခဲ့ပါတယ်။ ဆွေးနွေးခဲ့ပြီးတဲ့နောက် အမျိုးသားလွှတ်တော်ရဲ့ဆုံးဖြတ်ချက်အရ ယခင်က ပြဋ္ဌာန်းခဲ့တဲ့ တည်ဆဲအင်္ဂလိပ်ဘာသာဖြင့် တည်ရှိနေတဲ့ဥပဒေတွေကို မြန်မာဘာသာပြန်ဆိုဖို့ ကောင်မရှင်တစ်ရပ်ဖွဲ့စည်းဖို့၊ ဥပဒေကြမ်းတစ်ရပ်ရေးသားဖို့ဆိုပြီးတော့ ဆုံးဖြတ်ခဲ့ပါတယ်။ အဲဒီ ဆုံးဖြတ်ချက်အရ အမျိုးသားလွှတ်တော်ရဲ့ဆုံးဖြတ်ချက် အင်္ဂလိပ်ဘာသာဖြင့်ပြဋ္ဌာန်းထားတဲ့ဥပဒေတွေ ကို မြန်မာဘာသာပြန်ဆိုရေးအတွက် ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေ ပြဋ္ဌာန်းခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၂၅)အား ၂၀၁၅ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့မှာ ပြဋ္ဌာန်းခဲ့ပါ တယ်။ အဲဒီဥပဒေအရ နိုင်ငံတော်သမ္မတရုံးကနေပြီးတော့ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့မှာ အမိန့်ကြော်ငြာစာအမှတ်(၁၆/၂၀၁၆)နဲ့ အဖွဲ့ဝင် ၁၈ ဦးပါတဲ့ ဥပဒေဘာသာပြန်ကော်မရှင်ကို ဖွဲ့စည်း ပေးခဲ့ပါတယ်။ ဥပဒေဘာသာပြန်ကော်မရှင်ဖွဲ့စည်းခဲ့ပေမဲ့ အဲဒီကာလတုန်းက ဘတ်ဂျက်အပြောင်း အလဲမှာ ကပ်ပြီးတော့ ပြဋ္ဌာန်းတဲ့အခါမှာ ဘတ်ဂျက်အဆင်သင့်တောင်းခံထားခြင်း မရှိတာရယ်၊ အစိုးရ အပြောင်းအလဲကာလဖြစ်နေတာရယ်၊ အချို့သောကော်မရှင်အဖွဲ့ဝင်လူကြီးများဟာ ဒီတာဝန်ကို ထမ်းဆောင်ဖို့အတွက် အသက်အရွယ်ကြီးရင့်မှုကြောင့် တာဝန်ထမ်းဆောင်ခြင်းမရှိကြောင်း တင်ပြ လာတာတွေရယ်၊ နောက် ကော်မရှင်အဖွဲ့ဝင်များကို ဒီထက်ပိုပြီးတော့ ကျစ်ကျစ်လျစ်လျစ်ဖွဲ့စည်းဖို့ လိုအပ်လာတာကြောင့် ဥပဒေပြင်ဆင်ရေးကို ဆောင်ရွက်ခဲ့ရပါတယ်။ ဥပဒေပြင်ဆင်တာနဲ့ပတ်သက် လို့ ဥပဒေကြမ်းတင်ဖို့ တင်ပြခဲ့တာကြောင့် ပြည်ထောင်စုလွှတ်တော်ကပဲ ဒုတိယအကြိမ် လွှတ်တော် သက်တမ်းမှာ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်နေ့မှာ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၁/၂၀၁၇)နဲ့ ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကို ပြဋ္ဌာန်းပေးခဲ့ပါတယ်။ အဲဒီ ဥပဒေပြဋ္ဌာန်းချက်အရ ၂၀၁၇ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့မှာ သမ္မတရုံးက အမိန့်ကြော်ငြာစာအမှတ် (၃၁/၂၀၁၇)နဲ့ ၁၅ ဦးပါဝင်သော ဥပဒေဘာသာပြန်ကော်မရှင်ကို ဖွဲ့စည်းခဲ့ပါတယ်။ ဖွဲ့စည်းပြီး ဒီကော်မရှင်ကလည်းပဲ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်ကစပြီးတော့ ကျခံသုံးစွဲဆောင်ရွက်ရမယ်လို့ ပြဋ္ဌာန်းတာကြောင့် ပြီးခဲ့တဲ့ ဧပြီလ ၁ ရက်နေ့ကစပြီးတော့၊ ဘတ်ဂျက်နှစ်မှာစတင်ပြီးတော့ လုပ်ငန်း များဆောင်ရွက်လျက်ရှိပါတယ်။

ဒီဥပဒေဘာသာပြန်ကော်မရှင်ဖွဲ့စည်းပြီးတဲ့နောက် လုပ်ငန်းတာဝန်များကို ကျွန်တော်တို့ အလျဉ်းသင့်သလို ဆက်လက်ပြီးတင်ပြလိုပါတယ်။ ကော်မတီဖွဲ့စည်းပြီးတဲ့နောက်ပိုင်းမှာ ၁၆ ရက် ၃ လမှာ ဖွဲ့စည်းခဲ့ပါတယ်။ ၃၀-၃-၂၀၁၇ ရက်နေ့မှာ ကော်မရှင်ရဲ့ ပထမဦးဆုံးအကြိမ် အစည်းအဝေး ကျင်းပခဲ့ပါတယ်။ ကျင်းပသည့် ကော်မရှင်ရဲ့ဆုံးဖြတ်ချက်အရ ဥပဒေဘာသာပြန်လုပ်ငန်းကော်မတီ ဖွဲ့စည်းရပါတယ်ခင်ဗျား။ အသေးစိတ်အောက်ခြေကနေပြီးတော့ လုပ်ငန်းအဖွဲ့ငယ်များ ကနဦး ဘာသာပြန်ဆိုဖို့အတွက် လုပ်ငန်းအဖွဲ့ငယ် ငါးဖွဲ့ကိုလည်း ဖွဲ့စည်းခဲ့ပါတယ်။ နောက် လုပ်ငန်း ကော်မတီကနေ ဦးဆောင်ပြီးတော့ ဦးစားပေးပြန်ဆိုရမယ့် ဥပဒေများကို စိစစ်ရွေးချယ်ခဲ့ပါတယ်။ ကော်မရှင်ရဲ့ရုံးလုပ်ငန်းများကို ဆောင်ရွက်ဖို့အတွက် ရွှေ့နေချုပ်ရုံးမှာ ဥပဒေဘာသာပြန်ကော်မရှင် ရုံးဆိုပြီးတော့ သီးခြားရုံးဖွဲ့စည်းရပါတယ် စသည်ဖြင့် ဥပဒေဘာသာပြန်ကော်မရှင်ရဲ့ရုံးလုပ်ငန်းများကို ရော၊ လုပ်ငန်းတာဝန်များကိုရော ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၂၆ ရက်နေ့မှာ ကော်မရှင်ဥက္ကဋ္ဌနှင့် လုပ်ငန်းအဖွဲ့ဝင်များ အစည်းအဝေးကျင်းပခဲ့ပါတယ်။ တစ်ခါ အသေးစိတ် ဆောင်ရွက်ရတဲ့ လုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ငယ်များရဲ့လုပ်ငန်းအစည်းအဝေးများကို ၈-၅-၂၀၁၇ ခုနှစ်မှာ စတင်ကျင်းပပြီး ဆက်လက်ပြီးတော့ပဲ လုပ်ငန်းအဖွဲ့ငယ်များရဲ့ဆောင်ရွက်ချက်နဲ့ လုပ်ငန်းကော်မတီဥက္ကဋ္ဌတို့က စဉ်ဆက်မပြတ်ဆက်လက်ပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ ဥပဒေ ဘာသာပြန်ကော်မရှင်အနေနဲ့ ကော်မတီဖွဲ့စည်းပြီးတဲ့နောက်ပိုင်းမှာ ဒီနေ့အထိ လုပ်ငန်းတာဝန်များကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပါတယ်။ ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေရဲ့ပုဒ်မ ၉ ပုဒ်မခွဲ(က) အရ ဘာသာပြန်ဖို့လိုအပ်တဲ့ တည်ဆဲအင်္ဂလိပ်ဘာသာဖြင့် ရှိတဲ့ဥပဒေများကို ကြည့်တဲ့အခါမှာ ဥပဒေ ပေါင်း ၁၃၇ ခုရှိတာကို လေ့လာတွေ့ရှိရပါတယ်။ လောလောဆယ်အားဖြင့် ယခင်တုန်းက ဥပဒေ ဘာသာပြန်ဥပဒေနဲ့ ဥပဒေဝေါဟာရအကြံပေးကော်မတီက ပြန်ဆိုခဲ့တဲ့ ရာဇသတ်ကြီးနဲ့ ကာလ စည်းကမ်းသတ်ဥပဒေအပါအဝင် အများပြည်သူနှင့်သက်ဆိုင်ပြီးတော့ အဓိကကျတဲ့ဥပဒေများကို ဦးစားပေးပြီးတော့ ပြန်ဆိုဖို့အတွက် ကော်မရှင်က စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါ်ခင်စောဝေ မေးမြန်းတဲ့ ဒုတိယမေးခွန်းနဲ့ပတ်သက်လို့ ဒုတိယအချက်နဲ့ပတ်သက်လို့ ဆွေးနွေးတင်ပြလိုပါတယ်။ မြန်မာဘာသာပြန်တဲ့ဥပဒေတွေကို အင်္ဂလိပ်ဘာသာပြန်ဆိုတာကတော့ ၁၉၈၈ ခုနှစ်၊ ရွှေ့နေချုပ်ဥပဒေ တွေရယ်၊ ၂၀၁၀ ခုနှစ်၊ ပြည်ထောင်စုရွှေ့နေချုပ်ဥပဒေပါ ပြဋ္ဌာန်းချက်များအရ ပြည်ထောင်စုရွှေ့နေ

ချုပ်ရုံးမှ ဘာသာပြန်ဆိုခဲ့ပါတယ်။ ဒီနေ့အထိ ဥပဒေပေါင်း မြန်မာဘာသာကနေ အင်္ဂလိပ်ဘာသာအထိ ၃၈၂ ခု ဘာသာပြန်ပြီးဖြစ်ပါတယ်။ ဥပဒေကြမ်းတင်တာနဲ့ပတ်သက်လို့ လုပ်ထုံးလုပ်နည်းအရ ပြည်ထောင်စုလွှတ်တော်တင်တဲ့အခါမှာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းက တင်တဲ့ဥပဒေကြမ်းရှိသကဲ့သို့ လွှတ်တော်ကိုယ်စားလှယ်ကနေပြီးတော့ တင်ပြသော Private Bill ဥပဒေကြမ်းများလည်း ရှိပါတယ်။ မူရင်းဥပဒေက အင်္ဂလိပ်ဘာသာဖြင့် ရှိနေမယ်ဆိုရင် ပြင်ဆင်သည့်ဥပဒေကလည်း အင်္ဂလိပ်စာသားဖြင့် ပြင်ရမှာဖြစ်ပါတယ်။ မူရင်းဥပဒေက မြန်မာဘာသာဖြင့်ရှိနေမယ်ဆိုရင်လည်း ပြင်ဆင်ချက်ဥပဒေက မြန်မာဘာသာဖြင့် ပြင်ရမှာဖြစ်ပါတယ်။ ပြည်ထောင်စုရှေ့နေချုပ်အနေနဲ့က တော့ ဥပဒေတွေကို မြန်မာဘာသာဖြင့် ပြဋ္ဌာန်းထားတာကို အင်္ဂလိပ်ဘာသာဖြင့် ပြန်ဆိုဖို့အတွက် တာဝန်ပေးအပ်ထားပေမယ့် အင်္ဂလိပ်ဘာသာဖြင့် ယခင်က ပြဋ္ဌာန်းခဲ့တဲ့ ဥပဒေများကို ရှေ့နေချုပ်ရုံးကို သီးခြားတာဝန်ပေးခြင်းမရှိပါဘူး။ ဒါပေမဲ့ ဥပဒေဘာသာပြန်ကော်မရှင် သီးခြားပြဋ္ဌာန်းထားပြီးတော့ ပြည်ထောင်စုရှေ့နေချုပ်က ဥက္ကဋ္ဌအဖြစ်ပါဝင်သောကော်မရှင်ကနေပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ လောလောဆယ်အားဖြင့် အင်္ဂလိပ်ဘာသာဖြင့် တည်ရှိနေတဲ့ ဥပဒေတစ်ရပ်ကို လွှတ်တော်ကိုယ်စားလှယ်အနေနဲ့ ပြင်ဆင်ရန်ဆန္ဒရှိနေမယ်ဆိုရင် ပြင်ဆင်လိုသောစကားရပ်ကို မြန်မာဘာသာဖြင့် ပြင်ဆင်ပေးမယ်ဆိုရင် ရှေ့နေချုပ်ရုံးအနေနဲ့ လိုအပ်သလို အင်္ဂလိပ်ဘာသာပြန်ဆိုတဲ့နေရာမှာ ကူညီပံ့ပိုးပေးမည်ဖြစ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဆိုလာမီးရယူရန် ဆန္ဒရှိသော ပြည်သူလူထုများထံမှ သတ်မှတ်ကျသင့်နှုန်းထားငွေများကို ကောက်ခံထားသည်မှာ တစ်နှစ်ကျော်ကာလအထိ ကြာမြင့်ခဲ့သော်လည်း ယနေ့တိုင် ဆိုလာလျှပ်စစ်မီးစနစ် ဖြန့်ဖြူး တပ်ဆင်ပေးနိုင်ခြင်းမရှိသေးသဖြင့် မည်သည့်အတွက်ကြောင့် ဆောင်ရွက်ပေးခြင်းမရှိသည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းသီဟကျော်(မိုင်းရယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုင်းရယ်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသီဟကျော် (ခ) စိုင်းဟပ် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ရပ်နားစဉ်ကာလအတွင်း မိမိရဲ့ မိုင်းရယ်မြို့နယ် မဲဆန္ဒနယ်အတွင်း ပြည်သူများနဲ့ သွားရောက်တွေ့ဆုံတဲ့အခါမှာလည်းကောင်း၊ ဌာနဆိုင်ရာပုံမှန်အစည်းအဝေးများမှာလည်း

ကောင်း ကျေးလက်နေပြည်သူများနှင့် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများက ကျေးလက်မီးလင်းရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆိုလာလျှပ်စစ်မီးများ တပ်ဆင်ပေးမည်ဟုဆိုကာ သတ်မှတ်ငွေကြေးများကောက်ခံထားသည်မှာ ကြာမြင့်ပြီဖြစ်ကြောင်း၊ ယနေ့အထိ လာရောက်တပ်ဆင်ပေးခြင်းမရှိသေးပါကြောင်း၊ မည်ကဲ့သို့ဆောင်ရွက်ပေးမည် စသဖြင့် မေးမြန်းတာ အမြဲကြုံတွေ့ခဲ့ရပါတယ်။ ဒါကြောင့်မို့လို့ မဲဆန္ဒနယ်ရှင်ပြည်သူများကိုယ်စား ကျွန်တော် ဒီနေ့ မေးမြန်းလိုတာကတော့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိတဲ့ ကျေးလက်ဒေသမီးလင်းရေးအတွက် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာလျှပ်စစ်မီးများဖြန့်ဖြူးပေးရန်၊ ဆိုလာလျှပ်စစ်မီးရယူရန် ဆန္ဒရှိတဲ့ ပြည်သူလူထုများထံမှ သတ်မှတ်ကျသင့်နှုန်းထားငွေများကို ကောက်ခံပြီး တစ်နှစ်ကျော်ကာလအထိ ကြာမြင့်ခဲ့သော်လည်း ယနေ့တိုင် ဆိုလာလျှပ်စစ်မီးဖြန့်ဖြူးတပ်ဆင်ပေးခြင်းမရှိသေးတဲ့အတွက် မည်သည့်အတွက်ကြောင့် ဆောင်ရွက်ပေးခြင်းမရှိသည်ကို သိရှိလိုပါတယ်။ မည်သည့်ကာလမှာ ဖြန့်ဖြူးပေးမယ်။ ဒါမှမဟုတ်ရင် ဌာနကကောက်ခံထားတဲ့ ငွေကြေးများ သက်ဆိုင်သူများသို့ ပြန်လည်ပေးအပ်ပေးနိုင်ခြင်းရှိ/မရှိနှင့် မည်ကဲ့သို့စီစဉ်ဆောင်ရွက်ထားရှိသည်ကို သိရှိလိုပါကြောင်း မဲဆန္ဒရှင်ပြည်သူများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုင်းရယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသီဟကျော်ရဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနကနေပြီး အကောင်အထည်ဖော်ဆောင်ရွက်တဲ့ ဆိုလာမီးတပ်ဆင်ရေးကိစ္စနှင့်စပ်လျဉ်းတဲ့ မေးခွန်းနှင့်ပတ်သက်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဖြစ်တဲ့ ကျွန်တော် ဦးလှကျော်မှ ပြန်လည်ဖြေကြားပေးပါ့မယ်။ ကျွန်တော်တို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိတဲ့ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း(NEP) ကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှစတင်ပြီးတော့ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိတဲ့နေရာမှာ ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းမှာ ကျေးရွာပေါင်း ၅၄၅ ရွာ၊

အိမ်ခြေပေါင်း ၂၀၁၉၈ အိမ်၊ စာသင်ကျောင်းပေါင်း ၂၃၅ ကျောင်း၊ ဘာသာရေးအဆောက်အဦ ၂၈၈ ခု၊ ကျန်းမာရေးအဆောက်အဦ ၇၁ ခုနှင့် လမ်းမီးတိုင်ပေါင်း ၂၇၂၅ တိုင်တို့ကို စုစုပေါင်းရန်ပုံငွေကျပ် ၆၂၀၃ ဘီလီယံနဲ့ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ စီမံကိန်းကျေးရွာများမှာရှိတဲ့ အိမ်သုံးဆိုလာလုပ်ငန်းတွေအတွက် ပြည်သူက ကုန်ကျငွေရဲ့ ၁၀ ရာခိုင်နှုန်းကနေ ၁၅ ရာခိုင်နှုန်းအထိ ထည့်ဝင်ရတာဖြစ်ပြီးတော့ အများသုံးအဆောက်အဦတွေဖြစ်တဲ့ စာသင်ကျောင်း၊ ကျန်းမာရေး၊ ဘာသာရေးနှင့် လမ်းမီးတိုင်တို့ကို စီမံကိန်းရန်ပုံငွေမှ ၁၀၀ ရာခိုင်နှုန်းကျခံဆောင်ရွက်သွားခြင်း ဖြစ်ပါတယ်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုင်းရယ်မြို့နယ်အတွင်းမှာရှိတဲ့ ကျေးရွာပေါင်း ၃၈ ရွာမှာ ဆိုလာ ၃၀ ဝပ် အိမ်ခြေ ၇၄၅ အိမ်၊ ဆိုလာ ၄၅ ဝပ် အိမ်ခြေ ၂၀၄ အိမ်နှင့် ဆိုလာ ၆၀ ဝပ် အိမ်ခြေ ၃၄၂ အိမ်နှင့် စာသင်ကျောင်း ၁၇ ကျောင်း၊ ကျန်းမာရေးဆေးပေးခန်းလေးခု၊ ဘာသာရေးကျောင်း ၁၂ ကျောင်းနှင့် လမ်းမီးတိုင် ၁၉၀ တိုင်တို့ကို ဆောင်ရွက်သွားဖို့ အစီအစဉ်ဖြစ်ပါတယ်။ ကမ္ဘာ့ဘဏ်ရဲ့ သဘောတူညီချက်အရ လုပ်ငန်းတွေကို စတင်ဆောင်ရွက်ဖို့ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလအတွင်းမှာ တင်ဒါခေါ်ယူခဲ့ပြီးတော့ မေလမှာ တင်ဒါဖွင့်ဖောက်ခဲ့ပါတယ်။ တင်ဒါခေါ်ယူရေး၊ စိစစ်ရွေးချယ်ရေး လုပ်ငန်းတွေကို ဆောင်ရွက်တဲ့နေရာမှာ ကမ္ဘာ့ဘဏ်ရဲ့ဝယ်ယူရေးလမ်းညွှန်ချက်နှင့်အညီ နိုင်ငံတကာမှ ပါဝင်ယှဉ်ပြိုင်ရတဲ့စနစ်ဖြစ်တဲ့ ICB Method (International Competitive Bidding) နဲ့ ဆောင်ရွက်ခဲ့ရခြင်းဖြစ်ပါတယ်။ ICB စနစ်အရ နိုင်ငံတကာ နည်းပညာစံချိန်စံညွှန်း နှင့်ကိုက်ညီပြီး အရည်အသွေးအာမခံချက်ပေးနိုင်မှုနှင့် ဈေးနှုန်းအနည်းဆုံးနဲ့ တင်သွင်းသူကို ရွေးချယ် ရတဲ့အတွက်ကြောင့် သတင်းစာတွေမှာ ကြော်ငြာထည့်တဲ့နေ့ကစပြီး စိစစ်ရွေးချယ်ပြီးတဲ့အထိ ကိုးလ ကြာ ဆောင်ရွက်ခဲ့ရပါတယ်။ တင်ဒါအောင်မြင်တဲ့ကုမ္ပဏီများနှင့် ၂၀၁၆ ခုနှစ် နိုဝင်ဘာလမှာ စာချုပ် ချုပ်ဆိုခဲ့ပြီး ကုမ္ပဏီများမှ ပစ္စည်းမတင်သွင်းမီ နမူနာပစ္စည်းရဲ့အရည်အသွေး၊ စံချိန်စံညွှန်းများကို လည်း စစ်ဆေးအတည်ပြုရပါတယ်။ တပ်ဆင်တဲ့စနစ်မှန်ကန်မှုရှိစေဖို့အတွက်လည်း တပ်ဆင်တဲ့ နောက် သတ်မှတ်စံချိန်စံညွှန်းနဲ့အညီ အမှန်အသုံးပြုနိုင်မှုရှိ/မရှိ အားကိုသိရှိနိုင်ဖို့ Pilot Installation ကိုလည်း ဆောင်ရွက်ရပါတယ်။ Pilot တပ်ဆင်ပြီးမှသာ ပစ္စည်းများတင်သွင်းခြင်း၊ တပ်ဆင်ခြင်းတို့ကို ဆောင်ရွက်ရခြင်းဖြစ်ပြီး စာချုပ်ပါစည်းမျဉ်းစည်းကမ်းတွေအရ ပစ္စည်းတင်သွင်းခြင်းတပ်ဆင်ခြင်း တို့ကို စာချုပ်ချုပ်ဆိုပြီးနောက် အချိန်ကိုးလ ထပ်မံပေးရတဲ့အတွက်ကြောင့် အချိန်ကာလကြာမြင့်နေရ ခြင်းဖြစ်ပါတယ်။

**မူကြမ်း**

ယခုအခါမှာ ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်း ဆောင်ရွက်မယ့် ကျေးလက်ဒေသမီးလင်းရေး လုပ်ငန်းအတွက် ဆိုလာပစ္စည်းတွေ တင်ဒါအောင်မြင်ထားတဲ့ LEMI Co.,Ltd ကနေပြီးတော့ ရန်ကုန်မြို့ ပစ္စည်းသိုလှောင်ရုံကို မေလအတွင်းက ပစ္စည်းများတင်သွင်းရောက်ရှိပြီးဖြစ်ပါတယ်။ ဇွန်လမှစပြီး မြို့နယ်တွေကို ပစ္စည်းများအရောက်ပို့ဆောင်သွားတာဖြစ်ပြီးတော့ ကျေးရွာတွေမှာ ဆက်လက်တပ်ဆင် သွားမှာဖြစ်ပါတယ်။ NEP စီမံကိန်းအရ Management Information System (MIS)နဲ့ အချက်အလက်တွေ ကောက်ယူမှုပုံစံပါဝင်ပြီးတော့ Installation ပြုလုပ်တဲ့အချိန်မှာ အချက်အလက် ကောက်ယူခြင်းနှင့် တပ်ဆင်ပြီးစီးချိန်မှာ အရည်အသွေးစိစစ်အကဲဖြတ်ခြင်းကိုလည်းပဲ Inspection and Verification Agent (IVA) စနစ်နဲ့ စနစ်တကျစိစစ်ဆောင်ရွက်ရတာဖြစ်တဲ့အတွက် ပြည်သူ များမှလည်း အရည်အသွေးပြည့်ဝပြီးတော့ အာမခံချက်ရှိတဲ့ ပစ္စည်းများ သုံးစွဲနိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင် ကျေးရွာသူကျေးရွာသားတွေ ဆိုလာပစ္စည်းများ စနစ်တကျသုံးစွဲတတ်စေဖို့အတွက် အသုံးပြုတဲ့ လက်စွဲစာအုပ်၊ ပြင်ဆင်ထိန်းသိမ်းခြင်းလက်စွဲစာအုပ်၊ လိုက်နာဆောင်ရွက်ရမယ့် ဆောင်ရန်/ရှောင်ရန်တွေအတွက် နံရံကပ်စာစောင်များဖြန့်ဝေပေးသွားမှာဖြစ်ပြီးတော့ သုံးစွဲပုံ နည်းစနစ်တွေကိုလည်း သင်တန်းပေးရှင်းလင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

သို့ဖြစ်တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုင်းရယ်မြို့နယ်အတွင်းမှာရှိတဲ့ ကျေးရွာ ၃၈ ရွာအတွက် ဆိုလာပစ္စည်းတွေကို ယခု ၂၀၁၇ ခုနှစ် ဇွန်လမှစပြီး ပေးပို့ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ကျေးရွာအရောက်ပစ္စည်းများ တပ်ဆင်ခြင်း လုပ်ငန်းတွေကို ဩဂုတ်လနောက်ဆုံးထားပြီး အပြီးသတ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**သမဝါယမအသင်းပိုင်အဆောက်အဦများ၊ မြေနေရာများကို မည်ကဲ့သို့စီမံခန့်ခွဲပြီး အသင်းသားများနှင့် နိုင်ငံတော်က မည်သည့်အကျိုးအမြတ်များ ရရှိနေကြောင်းသိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပြည်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စိုးစိုးကြည် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်ခင်စိုးစိုးကြည်(ပြည်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါရှင်။ ကျွန်မကတော့ ပဲခူးတိုင်းဒေသကြီး၊ ပြည်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်စိုးစိုးကြည် ဖြစ်ပါတယ်။ ကျွန်မဒီနေ့ လွှတ်တော်

ဥက္ကဋ္ဌကြီးကတစ်ဆင့် သမဝါယမအသင်းပိုင် အဆောက်အဦနေနဲ့ မြေနေရာတွေကို ဘယ်လိုစီမံခန့်ခွဲနေပါသလဲဆိုတဲ့ အကြောင်းအရာနဲ့ပတ်သက်ပြီးတော့ မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။

ကျွန်မတို့နိုင်ငံမှာရှိတဲ့ မြို့နယ်ပေါင်းအကုန်လုံးနီးပါးမှာ သမဝါယမအသင်းပိုင် မြေနေရာတွေ၊ အဆောက်အဦတွေများစွာရှိနေပါတယ်။ ဒီအဆောက်အဦတွေဟာ တော်လှန်ရေးကောင်စီခေတ်က ပြည်သူပိုင်သိမ်းပြီးတော့ ပြန်လည်လွှဲအပ်ပေးခဲ့တဲ့ နေရာတွေရှိသလို အသင်းပိုင်တဲ့နေရာတွေလည်းရှိပါတယ်။ အသင်းကငှားရမ်းပြီးတော့ ဆောင်ရွက်နေတဲ့ နေရာတွေလည်းရှိပါတယ်။ အဲဒီသမဝါယမအသင်းဆိုတဲ့နေရာမှာ အဓိကတော့ စားသုံးသူသမဝါယမအသင်းတွေကို ဆိုလိုခြင်းဖြစ်ပါတယ်။ အဲဒီမှာ သမဝါယမအသင်းတွေကို ဘယ်ဥပဒေတွေနဲ့ စီမံခန့်ခွဲလဲလို့ လေ့လာကြည့်တဲ့အခါမှာ ယနေ့တည်ဆဲ သမဝါယမဥပဒေကိုတော့ ၁၉၉၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ နေ့က ပြဋ္ဌာန်းခဲ့တာကို တွေ့ရှိရပါတယ်။ အဲဒီဥပဒေကို ပြဋ္ဌာန်းလိုက်တာနဲ့ တစ်ပြိုင်တည်း ၁၉၇၀ ခုနှစ်က ပြဋ္ဌာန်းခဲ့တဲ့ သမဝါယမအသင်းဥပဒေတွေ၊ နည်းဥပဒေတွေကို ရုပ်သိမ်းခဲ့တယ်ဆိုတာကိုလည်း တွေ့ရှိခဲ့ရပါတယ်။ ၁၉၉၈ ခုနှစ်က သမဝါယမအသင်းနည်းဥပဒေကိုတော့ နည်းဥပဒေအသစ်တစ်ခုကို ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့က ယခင်သမဝါယမဝန်ကြီးဌာနက အမိန့်ကြော်ငြာစာအမှတ် (၅၂/၂၀၁၃)နဲ့ ထုတ်ပြန်ကြေညာခဲ့ပြီးတော့ ရုပ်သိမ်းခဲ့တာကို တွေ့ရှိရပါတယ်။ ဒီဥပဒေတွေကို လေ့လာကြည့်တဲ့အခါမှာ တည်ဆဲဥပဒေတွေ၊ နည်းဥပဒေတွေမှာ ဝန်ကြီးဌာနအနေနဲ့ သမဝါယမအသင်းအဖွဲ့တွေကို ကြီးကြပ်ရတယ်လို့ဆိုပါတယ်။ ဒါပေမယ့်လည်း ဒီဥပဒေတွေမှာ နိုင်ငံတော်က ၎င်းတို့ကို ယခင်က လွှဲပြောင်းပေးခဲ့တဲ့ မရွှေ့ပြောင်းနိုင်တဲ့ပစ္စည်းတွေ၊ လုပ်ငန်းနဲ့အခြေခံ အဆောက်အဦနဲ့ပတ်သက်လို့ ဘယ်လိုကြီးကြပ်ရမယ်ဆိုတာကိုတော့ ရှင်းလင်းစွာပြဋ္ဌာန်းထားတာကို တော့ မတွေ့ရှိရပါဘူး။ ဒါပေမဲ့ ယခုအချိန်လေ့လာကြည့်တဲ့အခါမှာ သမဝါယမအသင်းအဖွဲ့ပိုင်တဲ့ မရွှေ့ပြောင်းနိုင်တဲ့ပစ္စည်းတွေ၊ လုပ်ငန်းတွေ အခြေခံအဆောက်အဦတွေဟာ မူလလုပ်ငန်းတွေကို ဆောင်ရွက်ခြင်းမရှိတော့ဘူး။ တခြားနည်းအသုံးချတာတွေကို တွေ့ရပါတယ်။ လူနေအိမ်တွေနဲ့ ပုဂ္ဂလိကတွေကိုလည်း လွှဲပြောင်းရောင်းချထားပြီးဖြစ်တဲ့နေရာတွေကိုလည်း တွေ့ရပါတယ်။ ဒါ့အပြင် နှစ်တို/နှစ်ရှည်စာချုပ်တွေနဲ့လည်း ငှားရမ်းထားတာတွေတွေ့ရပါတယ်။ ငှားရမ်းဖို့ဆောင်ရွက်လျက် ရှိတာတွေကိုလည်း တွေ့ရှိရပါတယ်။ ဒါတွေကိုလေ့လာကြည့်တဲ့အခါမှာ ငှားရမ်းခနှုန်းထားတွေဟာ ရရှိရမယ့်တန်ဖိုးထက် ၁၀ ရာခိုင်နှုန်းအောက်လောက်သာ ရရှိနေတာကိုလည်း တွေ့ရှိရပါတယ်။ ဒါကိုလည်း အသင်းသားတွေအနေနဲ့ ဘယ်လိုစီမံခန့်ခွဲတယ်ဆိုတာကို ပွင့်လင်းမြင်သာရှင်းရှင်း လင်းလင်းသိရခြင်းမရှိပါဘူး။

စီမံခန့်ခွဲသူလူနည်းစုကသာ စီမံခန့်ခွဲပြီး အကျိုးခံစားခွင့်ရရှိနေတာကို တွေ့ရှိနေရပါတယ်။ ဒါဆိုရင် ကျွန်မတို့လေ့လာကြည့်တဲ့အခါမှာ ၁၉၉၂ ခုနှစ်၊ သမဝါယမအသင်း ဥပဒေ၊ စာမျက်နှာ ၁၄၊ အခန်း (၈) ပုဒ်မ ၂၅ အရ ညွှန်ကြားရေးမှူးချုပ်က အောက်ပါအချက်ခုနှစ်ချက်နဲ့ သမဝါယမအသင်းတွေကို စာရင်းရှင်းလင်းဖျက်သိမ်းနိုင်တယ်လို့ဆိုပါတယ်။ အဲဒါတွေကတော့ သတ်မှတ်ထားတဲ့ အသင်းသား သို့မဟုတ် အသင်းဝင်ဦးရေမပြည့်ခြင်း၊ ဥပဒေပါပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဆန့်ကျင်ဆောင်ရွက်ခြင်း၊ တည်ဆဲဥပဒေများနှင့်အညီ စီးပွားရေးလုပ်ငန်းများကို မလုပ်ကိုင်ခြင်း၊ မတည်ငွေမပြည့်စုံခြင်း၊ ပေးဆပ်ရန်ကြွေးမြည်တွေကို ပေးဆပ်နိုင်ရန်အခြေအနေမရှိခြင်း၊ အရပ်ရပ်ဆိုင်ရာအစည်းအဝေး ဆုံးဖြတ်ချက်အရ စာရင်းရှင်းလင်းဖျက်သိမ်းပေးရန် တောင်းဆိုပေးချင်တဲ့ အခြားလုံလောက်တဲ့ အကြောင်းအရာတစ်ရပ်ရပ်ပေါ်ပေါက်ခြင်းဆိုပြီးတော့ တွေ့ရှိရပါတယ်။ ဒါဆိုရင် အဲဒီ ညွှန်ကြားရေးမှူးချုပ် အနေနဲ့လည်း ဒီလိုမျိုးအသင်းကို တရားဝင်ဥပဒေအရ ဖျက်သိမ်းထားသလားဆိုတာကိုလည်း ကျွန်မတို့အသင်းသားတွေ တိတိကျကျသိရှိရခြင်း မရှိပါဘူး။ ကျွန်မရဲ့ပြည်မြို့နယ်မှာဆိုရင် မြို့ပေါ်ရပ်ကွက်တွေမှာ အသင်းပိုင်မြေနေရာတွေဟာ တခြားလုပ်ငန်းတွေ လုပ်ကိုင်လျက်ရှိတာကို တွေ့ရပါတယ်။ လောကပါလဆေးရုံတည်ရှိတဲ့နေရာ၊ တစ်ခါ ရွာဘဲသမအသင်းပိုင်ဖြစ်တဲ့ လေးကျွန်း မဏ္ဍိုင်ဆီစက်နေရာ၊ မြို့မဈေးကြီးအနီးမှာရှိတဲ့ မြို့နယ်သမရုံးစိုက်တဲ့နေရာ၊ သင်္ဘောဆိပ်လမ်းမှာရှိတဲ့ ဆင်စုသမအသင်းပိုင်မြေနေရာ၊ တစ်လမ်းမောင်းကွေ့မှာရှိတဲ့ ဆန်တော်သမအသင်းပိုင်မြေနေရာ၊ ဗိုလ်ချုပ်လမ်းမှာရှိတဲ့ စံနန်းဦးဘုရားအနီး GEC သမအသင်းစုနေရာတွေအပြင် မြို့နယ်အတွင်း မှာရှိတဲ့ ပေါင်းတလည်တိုက်နယ်၊ ပေါင်းတလည်မြို့နယ်၊ ဝက်ထီးကန်တိုက်နယ်မှာရှိတဲ့ သမပိုင်မြေ နေရာတွေဟာလည်း တခြားနည်းသုံးတာတွေရှိသလို၊ အသုံးမပြုဘဲပစ်ထားတာတွေလည်း တွေ့ရှိရ ပါတယ်။ ဒါကြောင့်မို့လို့ သမဝါယမအသင်းသားတွေအတွက်သာမက ပြည်သူနဲ့နိုင်ငံတော်အတွက်ပါ အကျိုးခံစားခွင့် မရရှိဘဲဖြစ်နေတာကို တွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ ဥက္ကဋ္ဌကြီးကနေတစ်ဆင့် မေးမြန်းလိုတာကတော့ ကျွန်မတို့ သမအသင်းပိုင်အဆောက်အဦတွေ၊ မြေနေရာတွေကို ဝန်ကြီးဌာန အနေနဲ့ မည်ကဲ့သို့စီမံခန့်ခွဲနေပါသလဲ။ အသင်းသားများနဲ့ နိုင်ငံတော်ကကော မည်သည့် အကျိုးအမြတ်ရရှိနေပါသလဲဆိုတာကို ပြည်သူများရဲ့ကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါ တယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါ တယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)။** ။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ ပြည်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်စိုးစိုးကြည်ရဲ့ သမဝါယမကဏ္ဍအပေါ်မှာ ထိန်းကျောင်းဆောင်ရွက်သွားတဲ့ အခြေအနေနဲ့ပတ်သက်ပြီး မေးမြန်းတဲ့ မေးခွန်းအပေါ်ပြန်လည်ရှင်းလင်းဖြေကြားပါမယ်။

ပြည်မြို့နယ်မှာ ၁၉၉၂ ခုနှစ်၊ သမဝါယမအသင်းဥပဒေနှင့်အညီ ဖွဲ့စည်းပြီးသမဝါယမအသင်း ၂၅၁ သင်းရှိပါတယ်။ အသင်းသားဦးရေ ၂၇၈၂၅ ဦး၊ အစုတန်ဖိုးကျပ် ၁၆၇ သန်း၊ စုဆောင်းငွေကျပ် ၆၈၃.၃၈ သန်း၊ လှည့်လည်ငွေရင်း Reboring Fund ၄၀၆၄.၁၇ ကျပ်သန်းနဲ့ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်မြို့နယ်မှာရှိတဲ့ သမဝါယမအသင်း ၂၅၁ သင်းနှင့် မြေ/အဆောက်အဦတွေပိုင်ဆိုင်တဲ့ သမဝါယမအသင်း ၁၅ သင်းရှိပါတယ်။ အသင်းပိုင်မြေ ၁၆ ကွက်နှင့် အဆိုပါမြေကွက်တွေပေါ်မှာ ဆောက်လုပ်ထားတဲ့ အသင်းပိုင်အဆောက်အဦ ၁၆ ခု၊ အခြားစည်ပင်ပိုင်မြေ၊ မီးရထားမြေပေါ်မှာ ဆောက်လုပ်ထားတဲ့ အသင်းပိုင်အဆောက်အဦသုံးခု စုစုပေါင်း ၁၉ ခု ပိုင်ဆိုင်မှုရှိပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ထဲမှာပါဝင်တဲ့ ပြည်မြို့နယ်မှာရှိတဲ့ သမဝါယမအသင်းပိုင်မြေများနှင့်စပ်လျဉ်းပြီးတော့ ရှင်းလင်းတင်ပြရရင် ပထမဦးစွာ ပြည်မြို့၊ ဆင်စုရပ်၊ ပြည်-ရန်ကုန်ကားလမ်းပေါ်မှာရှိတဲ့ လောကပါလဆေးရုံ ဖွင့်လှစ်ထားတဲ့နေရာဟာ ပြည်မြို့နယ်သမဝါယမအသင်းစုပိုင် မြေနေရာဖြစ်ပါတယ်။ သမဝါယမအသင်းအချင်းချင်း အကျိုးတူလုပ်ငန်းအဖြစ် အောင်မြန်မာကျန်းမာရေးစောင့်ရှောက်မှုသမဝါယမအသင်းကို နှစ် ၃၀ စာချုပ်နဲ့ငှားရမ်းထားတာဖြစ်ပါတယ်။ အောင်မြန်မာကျန်းမာရေးစောင့်ရှောက်မှု သမဝါယမအသင်းကနေ လောကပါလအမည်နဲ့ ဆေးရုံဖွင့်လှစ်ပြီး လက်ရှိမှာ တစ်လငှားရမ်းခကျပ် ၁၂ သိန်းနှုန်းနဲ့ အသင်းအချင်းချင်းအကျိုးတူလုပ်ငန်း ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်မြို့၊ ရွာဘဲရပ်၊ ဗိုလ်ချုပ်လမ်းမှာရှိတဲ့ လေးကျွန်းမဏ္ဍိုင်ဆီစက်လုပ်ငန်းမြေနေရာဟာတော့ လယ်ယာထွက်ကုန်ပစ္စည်း လက်ကားရောင်းဝယ်ရေးအမှတ်(၃) သမဝါယမအသင်းလီမိတက်ပိုင်ဖြစ်ပါတယ်။ ဆီစက်အဆာက်အဦတစ်လုံးပါပါတယ်။ ဆီစက်လုပ်ငန်းဟာ စတင်တည်ထောင်စဉ်ကနေပြီးတော့ နှစ်ပေါင်း ၅၀ ကျော် ကြာမြင့်ပြီဖြစ်တဲ့အတွက်ကြောင့်မို့လို့ စီးပွားရေးတွက်ခြေမကိုက်တဲ့အလျောက် လုပ်ငန်းရပ်ဆိုင်းထားပြီး အသင်းကနေ

**မူကြမ်း**

ထိန်းသိမ်းထားရှိတာဖြစ်ပါတယ်။ စီးပွားရေးတွက်ခြေကိုက်ပြီး ဒေသနှင့်ကိုက်ညီတဲ့ အခြားစီးပွားရေး လုပ်ငန်းများလုပ်ဆောင်နိုင်ဖို့ အသင်းအမှုဆောင်အဖွဲ့မှ စီမံဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားအပ်ပါတယ်။

ပြည်မြို့ ရွှေဘုန်းပွင့်ဘုရားလမ်းနှင့် ဈေးလမ်းထောင့်ရှိတဲ့ မြေနှင့်နှစ်ထပ်အဆောက်အဦဟာ ပြည်မြို့နယ်နဲ့ သမဝါယမအသင်းစုပိုင်နေရာဖြစ်ပြီးတော့ အပေါ်ထပ်မှာအသင်းစုရုံးခန်းအဖြစ် ဖွင့်လှစ်အသုံးပြုလျက်ရှိပါတယ်။ အောက်ထပ်မှာ အသင်းစုဝင်ငွေရဖို့အတွက် စိုက်ပျိုးရေးဆေးဆိုင်ကို တစ်လငှားရမ်းခသုံးသိန်း၊ ဆန်ဆိုင်ကို တစ်လငှားရမ်းခ ၁.၃ သိန်း၊ သမဝါယမဘဏ်ရုံးခွဲသို့ တစ်လငှားရမ်းခကျပ် ၁.၂ သိန်းနဲ့ ငှားရမ်းထားရှိခြင်းဖြစ်ပါတယ်။ ပြည်မြို့ ဆင်စုရပ် ပြည်-ရန်ကုန်ကားလမ်းမကြီးပေါ်ရှိတဲ့ မြေနှင့်အဆောက်အဦဟာ ဇေယျာဦးရောင်းဝယ်ရေး သမဝါယမအသင်းပိုင်နေရာဖြစ်ပါတယ်။ ၂၀၀၄ ခုနှစ်ကစပြီးတော့ အသင်းရင်းနှီးငွေနည်းပါးပြီး လုပ်ငန်းအရှုံးပေါ်တဲ့အတွက် အသင်းဝင်ငွေရရှိဖို့ အသင်းဆိုင်အကျယ်အဝန်း ၁၀၀ ပေ x ၁၈ ပေ မှာ အခန်း ၁၀ခန်းဖွဲ့ပြီး ကိုးခန်းကို တစ်ခန်းကို ကျပ် ၂၅၀၀၀ နဲ့ ပုဂ္ဂလိကကို ငှားရမ်းထားပြီး ကျန်တစ်ခန်းကို အသင်းရုံးခန်းအဖြစ် အသုံးပြုလျက်ရှိပါတယ်။ ဝက်ထီးကန်မြို့မှာ အောင်မြေကန်သာ လယ်ယာအထွေထွေစီးပွားရေး သမဝါယမအသင်းအပိုင် မြေအကျယ်အဝန်းကတော့ ၁၀၂ ပေ x ၆၆.၆ ပေရှိပြီးတော့ အဆောက်အဦအကျယ်အဝန်းကတော့ ၆၄ ပေ x ၄၀ ပေ ရှိပါတယ်။ အသင်းအဆောက်အဦကတော့ ၁၁ ပေ x ၄၀ ပေကို အသင်းဆိုင်အဖြစ်အသုံးပြုပြီး ကျန် ၅၃ ပေ x ၄၀ ပေကို အခန်းငါးခန်းဖွဲ့ပြီး ပုဂ္ဂလိကကို တစ်လငှားရမ်းခ ၁၁၂၅၀၀ ကျပ်နဲ့ ငှားရမ်းထားတာဖြစ်ပါတယ်။ ပေါင်းတလည်မြို့မှာတော့ အသင်းမြေကွက်မရှိပါဘူး။

သမဝါယမအသင်းပိုင်မြေ၊ အဆောက်အဦတွေဟာ ဝန်ကြီးဌာနပိုင်၊ နိုင်ငံပိုင်များမဟုတ်ဘဲ သမဝါယမအသင်းပိုင်များဖြစ်တဲ့အတွက် ငှားရမ်းခငွေတွေဟာ သမဝါယမအသင်းဝင်ငွေအဖြစ် ငွေစာရင်းတွေမှာ ထည့်သွင်းရေးဆွဲထားပြီး အသင်းကပဲရရှိသုံးစွဲလျက်ရှိပါတယ်။ တစ်နှစ်လုံးရတဲ့ငွေ၊ သုံးငွေတွေကို သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေနှင့်အညီ အရပ်ရပ်ဆိုင်ရာအစည်းအဝေး ပြုလုပ်ပြီး ခွဲဝေသုံးစွဲခြင်းဖြစ်ပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ အသားတင်အမြတ် ၁၂၅.၉၄ သန်း ရရှိပြီးတော့ အသင်းသားတွေကို အစုပေါ်အမြတ်ငွေ ၄၅.၅ သန်း ထုတ်ယူနိုင်ခဲ့ပါတယ်။ သမဝါယမဦးစီးဌာနအနေနဲ့ စည်းရုံးခြင်း၊ ပညာပေးခြင်း၊ ထိန်းကျောင်းတည့်မတ်ခြင်း လုပ်ငန်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်။ အသင်းပိုင်ငွေကြေး၊ ရင်းနှီးပစ္စည်းများ ကြပ်မတ်စစ်ဆေးခြင်းနှင့်

ပတ်သက်ပြီး သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေပြဋ္ဌာန်းချက်အတိုင်း သမဝါယမအသင်းစာရင်းတွေကို ခြောက်လတစ်ကြိမ်စစ်ဆေးခြင်း၊ ဘဏ္ဍာရေးနှစ်ကုန်ဆုံးတဲ့နောက် သုံးလအတွင်းနှစ်ချုပ်စာရင်းစစ်ဆေးခြင်းတွေကို ဥပဒေနှင့်အညီ ကြပ်မတ်ထိန်းကျောင်း ဆောင်ရွက်လျက်ရှိပါတယ်။

သမဝါယမအသင်းတွေက အစိုးရမဟုတ်တဲ့အဖွဲ့အစည်းများ၊ NGO များဖြစ်ပါတယ်။ သမဝါယမ အသင်းပိုင်ရင်းနှီးပစ္စည်းတွေက အသင်းနှင့်အသင်းသားတွေရဲ့ ပိုင်ဆိုင်ပစ္စည်းများသာ ဖြစ်ပါတယ်။ သမဝါယမအသင်းနည်းဥပဒေအပိုဒ် ၇၀ (က)မှာ အသင်းရဲ့အရပ်ရပ်ဆိုင်ရာ အစည်းအဝေးဟာ သမဝါယမအသင်းရဲ့ အမြင့်ဆုံးအာဏာပိုင်အဖွဲ့အစည်း ဖြစ်ပါတယ်။ သမဝါယမအသင်းရဲ့ကိစ္စအဝဝကို အပြီးသတ်ဆုံးဖြတ်ပိုင်ခွင့်ရှိပါတယ်။ အမှုဆောင်အဖွဲ့က အရပ်ရပ်ဆိုင်ရာအစည်းအဝေးတွေကို တာဝန်ခံပြီးတော့ အသင်းရဲ့နေ့စဉ်လုပ်ငန်းတွေကို စီမံခန့်ခွဲရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားရှိပါတယ်။ နည်းဥပဒေအပိုဒ် ၃၈ အပိုဒ်ခွဲ(ဃ)မှာတော့ အရပ်ရပ်ဆိုင်ရာ အစည်းအဝေးတွေမှာ တင်ပြဆွေးနွေးတဲ့ကိစ္စရပ်တိုင်းကို အများဆန္ဒအရ ဆုံးဖြတ်ရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားပါတယ်။

သမဝါယမအသင်းရဲ့ အသင်းပိုင်အဆောက်အဦတွေ၊ မြေနေရာတွေအပါအဝင် စီးပွားရေးလုပ်ငန်းများ၊ အသင်းရဲ့ကိစ္စရပ်များစီမံခန့်ခွဲခြင်းကိုတော့ အသင်းဒါရိုက်တာအဖွဲ့က အစည်းအဝေးဆုံးဖြတ်ချက်၊ အသင်းရဲ့အမြင့်ဆုံးအာဏာပိုင်အဖွဲ့အစည်းဖြစ်တဲ့ အသင်းရဲ့အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကနေပြီးတော့ အသင်းသားများရဲ့ သဘောတူညီချက်နဲ့ သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေနှင့်အညီ စီမံခန့်ခွဲဆောင်ရွက်လျက်ရှိပါတယ်။ အသင်းသားအကျိုးဝေစုအတွက် နှစ်စဉ်ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီး ကျင်းပတဲ့အရပ်ရပ်ဆိုင်ရာ အစည်းအဝေးဆုံးဖြတ်ချက်နှင့်အညီ အစုရှယ်ယာထည့်ဝင်ထားတဲ့ သမဝါယမအသင်းသားတွေကို အကျိုးအမြတ်ထုတ်ပေးခြင်း၊ အစုပေါ်အမြတ်ထုတ်ပေးခြင်းတွေကိုလည်း ဆောင်ရွက်ပါတယ်။

ဒီလိုဆောင်ရွက်နေမှုအပေါ်မှာတော့ မိမိတို့သမဝါယမဦးစီးဌာနအနေနဲ့ သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်ကြီးကြပ်ဆောင်ရွက်တဲ့အခါမှာ သမဝါယမအသင်းတစ်သင်းဟာ အသင်းပါဥပဒေပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဆန့်ကျင်ဆောင်ရွက်ခြင်း၊ တည်ဆဲဥပဒေနှင့်အညီ စီးပွားရေးလုပ်ငန်းများကိုမလုပ်ကိုင်ခြင်း၊ အခြားလုံလောက်သော အကြောင်းတစ်ရပ်ရပ်ပေါ်ပေါက်ခြင်း စသည်တို့ဖြစ်ပေါ်လာလို့ရှိရင်တော့ သမဝါယမအသင်းဥပဒေပုဒ်မ ၂၅ နှင့် နည်းဥပဒေအပိုဒ် ၇၄ တို့အရ အဆိုပါ သမဝါယမအသင်းတွေကို စာရင်းရှင်းလင်းဖျက်သိမ်းနိုင်ကြောင်း ပြဋ္ဌာန်းထားတဲ့

အတွက် အဲဒီပြဋ္ဌာန်းချက်နှင့်အညီ ထိန်းကျောင်းဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဆောမြို့နယ်၊ ငှက်ချောင်ကျေးရွာအုပ်စုရှိ သာဂေါင်းရေသွယ်မြောင်းနှင့် ရေသွယ်လျှောက်ခေါင်းတို့အား ရေရှည်ခိုင်ခံ့မည့် ကျောက်ရိုးကွန်ကရစ်မြောင်းပေါင်နှင့် ကွန်ကရစ်ရေသွယ်လျှောက်ခေါင်းတို့ကို အမြန်ဆုံးတည်ဆောက်ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆောမဲဆန္ဒနယ်မှ ဦးကျော်တင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်တင်(ဆောမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များခင်ဗျား။ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ဆောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင် ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတာကတော့ ဆောမြို့နယ်၊ ငှက်ချောင်ကျေးရွာအုပ်စုမှာရှိတဲ့ သာဂေါင်းရေသွယ်မြောင်းနဲ့ ရေသွယ်လျှောက်ခေါင်းတို့အား ရေရှည်ခိုင်ခံ့မယ့် ကျောက်ရိုးကွန်ကရစ်မြောင်းပေါင်နှင့် ကွန်ကရစ်ရေသွယ်လျှောက်ခေါင်းတို့ကို နိုင်ငံတော်ဘဏ္ဍာငွေဖြင့် အမြန်ဆုံးတည်ဆောက်ပေးနိုင်ခြင်းရှိ/မရှိကို မေးမြန်းလိုခြင်းဖြစ်ပါတယ်။ ဆောမြို့နယ်၊ ငှက်ချောင်ကျေးရွာအုပ်စုမှာရှိတဲ့ သာဂေါင်းရေသွယ်မြောင်းသည် ယောချောင်းမှ သစ်ဝါးများဖြင့် ဆည်တုတ်ပြီး နှစ်စဉ်ခက်ခက်ခဲခဲ ကိုယ်ထူကိုယ်ထဖြင့် ရေသွင်းနေရတာဖြစ်ပါတယ်။ မြောင်းအရှည် ၂ မိုင်နှင့် ၄ ဖာလုံရှိပြီး ရေသွယ်လျှောက်ခေါင်းတစ်ခုပါရှိတဲ့ ကွင်းအမှတ်(၁၂၈)မိုးကြိုစပါးစိုက်ဧက ၁၃၂ ဧကနှင့် ဆောင်းရာသီပါ သီးနှံများစိုက်ပျိုးနေရတာဖြစ်ပါတယ်။ အကယ်၍ မြောင်းပေါင်နှင့် ရေသွယ်လျှောက်ခေါင်းတို့ခိုင်ခံ့ကောင်းမွန်ပါက တိုးချဲ့မြေဧက ၁၂၀ ကိုလည်း စိုက်ပျိုးနိုင်မှာဖြစ်ပါတယ်။ ကျေးရွာလူထုရဲ့ အသက်သွေးကြောပမာဖြစ်ပါတယ်။ ၂၀၁၁ ခုနှစ် မိုးကြီးကြောင့် မြောင်းပေါင်များရေတိုက်စားခံခဲ့ရပါတယ်။ ဓာတ်ပုံတွေလည်းကျွန်တော် ပူးတွဲတင်ပြထားပါတယ်။ သဲအိတ်များထပ်ကာ ရေသွင်းခဲ့ရပါတယ်။ ရေတိုက်စားမှုသက်သာရန် ကျောက်တောင်ကို ယန္တရားဘတ်ဟိုးဖြင့် အသုံးပြုဖောက်လုပ်ရာတွင်လည်း ငွေအင်အားမတတ်နိုင်၍ လုပ်ငန်းရပ်နားထားရတာကို တွေ့မြင်

ခဲ့ရပါတယ်။ ၂၀၁၇ ခုနှစ် မေလနောက်ဆုံးပတ်မှာဖြစ်ပေါ်တဲ့ MORA မုန်တိုင်းကြောင့် ယောချောင်း ရေကြီးကာ သာဂေါင်းရေသွယ်မြောင်း ဆည်နှင့်ညောင်ပင်ကြီးဝွေ့မှာ မြေသားမြောင်းပေါင် ပေ ၅၀၀ ကျော် ပျက်စီးသွားကြောင်း ကျွန်တော့်ထံ သတင်းနှင့်ဓာတ်ပုံများ ရောက်ရှိလာပါတယ်။ ဓာတ်ပုံများ လည်းပူးတွဲတင်ပြထားပါတယ်။ အမြန်ဆုံးပြုပြင်ပေးရန် လိုအပ်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အထက်ပါပျက်စီးသွားသော မြေသားမြောင်းပေါင်များအား ရေရှည်ခိုင်ခံ့တဲ့ ကျောက်ရိုးကွန်ကရစ် မြောင်းပေါင်များအဖြစ် အမြန်ဆုံးတည်ဆောက်ပေးနိုင်ခြင်းရှိ/မရှိနဲ့ အရှည် ၁၈ ပေ၊ အမြင့် ၉ ပေရှိတဲ့ ရေသွယ်လှျောက်ခေါင်းကိုလည်း ကွန်ကရစ်ခေါင်းအဖြစ် တည်ဆောက်ပေးနိုင်ခြင်းရှိ/မရှိ၊ မည်သည့် အချိန်မှာတည်ဆောက်ပေးမည်ကိုသိလိုပါသဖြင့် ပြည်သူလူထုကိုယ်စား သက်ဆိုင်ရာဝန်ကြီးဌာနအား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံး ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါ တယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ ဆောမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင်ရဲ့ မေးမြန်းတဲ့ မေးခွန်းနဲ့စပ်လျဉ်းပြီး မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ဖြေကြားချက်နှင့်အတူ ပေါင်းစပ်ရှင်းလင်း ဖြေကြားပါမယ်။ မကွေးတိုင်းဒေသကြီး၊ ဆောမြို့နယ်၊ ငှက်ချောင်ကျေးရွာအနီးမှာရှိတဲ့ သာဂေါင်း ရေသွယ်မြောင်းဟာ ယောချောင်းကနေရေကိုသွယ်ထားပြီးတော့ အလျား ၂.၅ မိုင်ခန့် ရှည်လျား ပါတယ်။ မိုးစပါးနှင့်ဆောင်းသီးနှံ ၁၃၂ ဧကကို စိုက်ပျိုးရေပေးဝေလျက်ရှိပါတယ်။ အဆိုပါ ရေသွယ်မြောင်းဟာ ဒေသခံလယ်သမားတွေ ကိုယ်ထူကိုယ်ထဆောင်ရွက်ထားတဲ့ ရေသွယ်မြောင်း ဖြစ်ပြီးတော့ ၂၀၁၇ ခုနှစ် မေလကုန်ခန့်မှာဖြစ်ပေါ်ခဲ့တဲ့ ဆိုင်ကလုန်းမုန်တိုင်း(MORA)ကြောင့် မိုးသည်းထန်စွာရွာသွန်းခဲ့ရာမှာ ရေသွယ်မြောင်းပေါင် အလျား ပေ ၅၀၀ ခန့်ဟာ ကျိုးပေါက်ပျက်စီး ခဲ့ခြင်းဖြစ်ပါတယ်။ ကျိုးပေါက်ပျက်စီးခဲ့တဲ့ မြောင်းပေါင်နေရာကို ဒေသခံလယ်သမားတွေကတော့ ကိုယ်ထူကိုယ်ထပြန်လည်ပြုပြင်ခဲ့ပေမဲ့ အခိုင်အမာဆောင်ရွက်နိုင်ခြင်းမရှိတဲ့အတွက် ထပ်မံထိခိုက် ပျက်စီးနိုင်ပြီးတော့ စိုက်ပျိုးရေးအခက်အခဲများဖြစ်ပေါ်လာနိုင်တာကြောင့် အခိုင်အမာ ပြန်လည်ပြုပြင် နိုင်ရန် လိုအပ်မှာဖြစ်ပါတယ်။ ကျိုးပေါက်ပျက်စီးခဲ့တဲ့ မြောင်းပေါင်းအလျား ပေ ၅၀၀ ခန့်ကို

ကျောက်စီကွန်ကရစ်မြေထိန်းနံရံ တည်ဆောက်ပေးရမယ့်အပြင် ရေပေးမြောင်းပေါ်မှာရှိတဲ့ သာဂေါင်း (ကျောက်ကွဲ)ရေတံလျှောက်ကိုလည်း အသစ်ပြန်လည်တည်ဆောက်ပေးဖို့လိုအပ်ပါတယ်။ အဆိုပါ လုပ်ငန်းတွေဆောင်ရွက်ဖို့အတွက် ခန့်မှန်းကုန်ကျငွေကတော့ ကျပ် ၅၁.၀ သန်း ဖြစ်ပါတယ်။

သို့ဖြစ်တဲ့အတွက် သာဂေါင်းရေသွယ်မြောင်းမှာ အလျား ပေ ၅၀၀ ခန့်ကို ကျောက်စီကွန်ကရစ် မြေထိန်းနံရံတည်ဆောက်ခြင်းနှင့် ကျောက်ကွဲရေတံလျှောက်ပြုပြင်ခြင်းလုပ်ငန်းတွေကို ဆောင်ရွက် နိုင်ဖို့အတွက် လိုအပ်ရန်ပုံငွေကို မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေး နှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့မူလရန်ပုံငွေမှာ ထည့်သွင်းတောင်းခံပြီးတော့ ရန်ပုံငွေခွဲဝေရရှိမှု အပေါ်မှာမူတည်ပြီး လုပ်ငန်းများဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်ပါကြောင်း မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ဖြေကြားချက်နှင့်အတူ ပေါင်းစပ်ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဟုမ္မလင်းမြို့နယ်၊ ကက်သာစံပြ၊ တုံဟဲ၊ သောင်သွဒ်၊ ကျွန်းကုန်းကျေးရွာများမှတစ်ဆင့် ဖောင်းပြင်မြို့နယ် မင်းယားကျေးရွာအထိ ကျေးရွာချင်းဆက်၊ မြို့နယ်ချင်းဆက်လမ်းများကို မြေသားလမ်းအဆင့် ကနဦးဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဟုမ္မလင်းမဲဆန္ဒနယ်မှ ဦးမျိုးညွန့် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမျိုးညွန့်(ဟုမ္မလင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ဟုမ္မလင်း မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးညွန့် ဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့ မေးမြန်းမည့် မေးခွန်းကတော့ စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ်အတွင်းရှိ ချင်းတွင်းမြစ်အနောက်ဘက် ကမ်းတွင်တည်ရှိကြသော ကျေးရွာများဖြစ်ကြတဲ့ ကက်သာစံပြကျေးရွာမှ တုံဟဲ၊ သောင်သွဒ်၊ ကျွန်းကုန်းကျေးရွာများမှတစ်ဆင့် ဖောင်းပြင်မြို့နယ် မင်းယားကျေးရွာအထိ ကျေးရွာချင်းဆက်၊ မြို့နယ်ချင်းဆက်လမ်းများကို မြေသားလမ်းအဆင့် ကနဦးဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဟုမ္မလင်းမြို့နယ်ဟာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ချင်းတွင်းမြစ်အထက်ပိုင်းမှာ တည်ရှိပါတယ်။ ဧရိယာအားဖြင့် ၄၃၂၆.၄၄၈ စတုရန်းမိုင်ရှိပြီး အလွန် ကျယ်ဝန်းတဲ့ မြို့နယ်ကြီးဖြစ်ပါတယ်။ ဟုမ္မလင်းမြို့နယ်အတွင်းမှာ ချင်းတွင်းမြစ်ရဲ့ရေဆင်းဟာ ၁၂၉ မိုင်ကျော်ခန့်ရှိပါတယ်။ ချင်းတွင်းမြစ်အရှေ့ဘက်ပိုင်းမှာတော့ မုံရွာ-ဖောင်းပြင်-ဟုမ္မလင်း-ခန္တီးဗျူဟာ

လမ်းမကြီးဟာ ချင်းတွင်းမြစ်နဲ့အပြိုင်ဖောက်လုပ်လာတဲ့အတွက် ယင်းလမ်းမကြီးကိုမှီပြီး မြစ်အရှေ့ဘက်မှာရှိတဲ့ ရွာတော်တော်များများဟာ လမ်းပန်းဆက်သွယ်ရေးတွေ တိုးတက်ကောင်းမွန်လာတာတွေ့ရပါတယ်။ ချင်းတွင်မြစ်အနောက်ဘက်ကမ်းရှိရွာများမှာတော့ ပိပြင်သောမြေသားလမ်းသည် ချင်းတွင်းမြစ်နှင့်အပြိုင် ဖောက်လုပ်ထားတာ မရှိမတွေ့ခဲ့ရပါဘူး။ ဒါကြောင့် အနောက်ဘက်ကမ်းရွာများဟာ ချင်းတွင်းမြစ်ကြီးကိုသာ မှီခိုနေရတဲ့အတွက် တိုးတက်လာတဲ့ လမ်းပန်းဆက်သွယ်ရေးကို မတွေ့ရှိရပါဘူးခင်ဗျား။ အရှေ့ဘက်ရှိရွာများနှင့်အနောက်ဘက်ရှိရွာများ၏ တိုးတက်မှုဟာလည်း သိသိသာသာကွာခြားလာတာ တွေ့ရပါတယ်။ ရပ်/ကျေးဥက္ကဋ္ဌများ၊ ဝန်ထမ်းများ ဟုမ္မလင်းမြို့သို့ ဆွေးနွေးပွဲများ၊ တွေ့ဆုံပွဲများ၊ လစာထုတ်များလာလို့ရှိရင်လည်း ဒီကျွန်းကုန်း-သောင်သွဒ်စတဲ့ရွာများဘက်ကလာကြတဲ့သူများဟာ အသွားတစ်ရက်၊ အပြန်တစ်ရက် အနည်းဆုံးသုံးရက်အချိန်ယူကြရပါတယ်။ အရှေ့ဘက်ကမ်းမှာရှိတဲ့ ရွာအချို့ကတော့ ရာသီဥတုကောင်းလျှင် နေ့ချင်းပြန်လို့ရကြပါတယ်။ ယခုဆိုလျင် ဟုမ္မလင်း-ကက်သာချင်းတွင်းတံတားကြီးလည်း တည်ဆောက်နေပြီဖြစ်ပါတယ်။ အနောက်ဘက်ကမ်းရှိကျေးရွာများအနေဖြင့်လည်း ရွာချင်းဆက်ကုန်းလမ်းများ ကောင်းမွန်နေသင့်ပါတယ်ခင်ဗျား။ ဒါမှသာတံတားကြီးပြီးပါက ဟုမ္မလင်းမြို့သို့ လမ်းပန်းဆက်သွယ်သွားလာနိုင်ကြမှာ ဖြစ်ပါတယ်။ ယခုအခြေအနေမှာတော့ အရှေ့ဘက်ကမ်းရှိရွာများဟာ အနောက်ဘက်ကမ်းရှိရွာများ၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေမှာ တန်းတူညီမျှခြင်းမရှိသလို ဖြစ်နေပါတယ်။ ချင်းတွင်းမြစ်အနောက်ဘက်ကမ်းရှိရွာများသို့ ရောက်ရှိတဲ့အခါတိုင်းမှာလည်း ရွာချင်းဆက်လမ်းများ ဟုမ္မလင်းသို့ သွားလာသောကုန်းလမ်းများ ဖောက်လုပ်ပေးရန် ဆွေးနွေးမေးမြန်း တောင်းဆိုကြတာ ကြုံခဲ့ရပါတယ်။ ချင်းတွင်းအနောက်ဘက်ကမ်းရှိရွာများကို ခရီးထွက်ခဲ့စဉ်အခါမှာလည်း ဆိုင်ကယ်လမ်းတွေ ကောင်းကောင်းစီးလို့မရသောလမ်းများအဖြစ် တွေ့မြင်ခဲ့ရ ကြုံခဲ့ရပါတယ်ခင်ဗျား။ လူမှုဘဝတိုးတက်ရေးကဏ္ဍမှာဆိုရင် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်းဟာ အဓိကနေရာက ပါဝင်ပါတယ်။ သို့ဖြစ်ပါ၍ ချင်းတွင်းမြစ်အနောက်ဘက်ကမ်းရှိ ပြည်သူများ လူနေမှုဘဝတိုးတက်ရေးကို ဦးတည်၍ ဒီမေးခွန်းကို မေးရခြင်းဖြစ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ

ခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးမျိုးညွန့်ရဲ့ မေးခွန်းနဲ့ပတ်သက်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဖြေကြားချက်နှင့်အတူ ပေါင်းစပ်ရှင်းလင်းဖြေကြားပေးပါမယ်။

စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ်၊ ချင်းတွင်းမြစ်အနောက်ဘက်ကမ်းမှာရှိတဲ့ ကက်သာ-တုံဟဲ-သောင်သွဒ်-အင်ကြင်းမော်-ကျွန်းကုန်းနှင့်ဖောင်းပြင်မြို့နယ်၊ မင်းယားကျေးရွာချင်း ဆက်လမ်းဟာ အရှည် ၆၇ မိုင် ၄ ဖာလုံရှိပါတယ်။ ဟုမ္မလင်းမြို့နယ်အပိုင်း ကက်သာကနေ ကျွန်းကုန်း အထိ ၆၄ မိုင် ၄ ဖာလုံ၊ ဖောင်းပြင်မြို့နယ်အပိုင်း ကျွန်းကုန်မှ မင်းယားအထိ ၃ မိုင်ရှိပါတယ်။ အဆိုပါလမ်းရဲ့ ကက်သာ- တုံဟဲလမ်းပိုင်း မိုင် ၃၀ ဟာ တောင်ကုန်းတောင်တန်းများနှင့် ချောင်းကျယ် များ ဖြတ်သန်းဖောက်လုပ်ရမည်ဖြစ်တဲ့အတွက် ကုန်ကျစရိတ်များ များပြားနိုင်ပါတယ်။ တုံဟဲ-သောင်သွဒ်လမ်းပိုင်း မိုင် ၂၀ ကတော့ ပေ ၂၅၀ အကျယ်ရှိတဲ့ ချောင်းသုံးချောင်း ဖြတ်သန်းဖောက် လုပ်ရမှာဖြစ်ပြီးတော့ တုံဟဲကျေးရွာအထွက်မှာ လယ်ပိုင်ရှင်သုံးဦးပိုင်တဲ့ လယ်မြေတွေကို လမ်းမြေ အဖြစ် လှူဒါန်းရန်ညှိနှိုင်းမှုမှာ ဆန္ဒမရှိကြတဲ့အတွက် လမ်းဖောက်လုပ်ရန် အခက်အခဲများရှိပါတယ်။ သောင်သွဒ်-အင်ကြင်းမော်လမ်းပိုင်း ၇ မိုင် ၄ ဖာလုံမှာ တောင်ကမ်းပါးယံကို ဖြတ်သန်းဖောက်လုပ် ထားခြင်းကြောင့် နွေရာသီမှာသွားလာနိုင်ပြီး မိုးရာသီမှာလမ်းပေါ်ကိုတောင်ပြိုခြင်း၊ သစ်ပင်ကြီးငယ် များ လဲပြိုခြင်းတို့ကြောင့် ရာသီမရွေးသွားလာနိုင်ဖို့ လမ်းဖောက်လုပ်မယ်ဆိုရင် အခက်အခဲများ တွေ့ကြုံရမှာဖြစ်ပါတယ်။ အင်ကြင်းမော်-ကျွန်းကုန်းလမ်းပိုင်း မြေသားလမ်း ၇ မိုင်နှင့် ကျွန်းကုန်း-မင်းယားလမ်းပိုင်း ကျောက်ရောမြေ သုံးမိုင်တို့ဟာ ရာသီမရွေးသွားလာနိုင်တဲ့ လမ်းများဖြစ်ပါတယ်။ အဆိုပါကက်သာကနေ အင်ကြင်းမော်လမ်းပိုင်းကို ဖောက်လုပ်ဖို့အတွက်လိုအပ်တဲ့ ကုန်ကျငွေကို အသေးစိတ်တိုင်းတာမှုများ ဆောင်ရွက်ပြီးမှသာ ရရှိနိုင်မှာဖြစ်ပါတယ်။

လက်ရှိမှာ ဟုမ္မလင်းမြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနဲ့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၁၉၃ သန်းနဲ့ ကွန်ကရစ်လမ်း ၆ ဖာလုံကို လျာထား ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကျေးလက်လမ်း၊ တံတားလုပ်ငန်းတွေအတွက် ဘဏ္ဍာငွေလျာထား ဆောင်ရွက်တဲ့နေရာမှာ ဒေသန္တရ လမ်း၊ တံတားဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီမှ အတည်ပြု သတ်မှတ်ထားတဲ့ စံချိန်စံညွှန်းများအတိုင်း လျာထားအကောင်အထည်ဖော် ဆောင်ရွက်ပေးလျက် ရှိပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းတဲ့ ဟုမ္မလင်းမြို့နယ်၊ ချင်းတွင်းမြစ် အနောက်ဘက်ကမ်းတည်ရှိတဲ့ ကက်သာ-တုံဟဲ-သောင်သွဒ်-အင်ကြင်းမော်-ကျွန်းကုန်း-မင်းယားကျေးရွာချင်းဆက်လမ်း၊ မြို့နယ်ချင်းဆက်လမ်းဟာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ပါဝင်ခြင်းမရှိတဲ့အတွက် လတ်တလောဆောင်ရွက်ပေးနိုင်ခြင်း မရှိပါသော်လည်းပဲ ပြည်နယ်/ တိုင်းဒေသကြီးများရဲ့ ဦးစားပေးလျာထားတင်ပြမှုအပေါ် မှာမူတည်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဆော့လော်မြို့နယ်၊ မြို့မရပ်ကွက်အတွင်းရှိ မြို့တွင်းလမ်းအရှည်ပေ ၅၂၈၀၊ အကျယ် ၁၄ ပေလမ်းအား ကတ္တရာလမ်း သို့မဟုတ် ကွန်ကရစ်လမ်း သို့မဟုတ် ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆော့လော်မဲဆန္ဒနယ်မှ ဦးလာမာလေး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးလာမာလေး(ဆော့လော်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ဆော့လော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလာမာလေး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့မဲဆန္ဒနယ် ဆော့လော်မြို့နယ်ဟာ ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင်တွင်ပါဝင်ပြီး တောင်ပေါ်မြို့လေးတစ်မြို့ဖြစ်ပါတယ်။ ဆော့လော်မြို့နယ်ဟာ မြို့နယ်အဆင့်သတ်မှတ်ခံခဲ့ရသည်မှာ နှစ်ပေါင်း ၄၅ နှစ်ကျော်ခန့် ရှိပြီဖြစ်သော်လည်း လမ်းပန်းဆက်သွယ်ရေးမကောင်းမွန်ခြင်း၊ အခြားမြို့နယ်များသို့ ဆက်သွယ်သွားလာနိုင်သောလမ်းမရှိခြင်း၊ ဆက်သွယ်ရေးဖုန်းလိုင်းစနစ်မကောင်းမွန်ခြင်းတို့ကြောင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်မှုမှာ အလွန်နောက်ကျလျက်ရှိနေပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆော့လော်မြို့နယ်တွင် မြို့ပေါ် မြို့မရပ်ကွက်တစ်ခုနှင့် ကျေးရွာအုပ်စုပေါင်း ၂၁ အုပ်စုရှိပါတယ်။ ဆော့လော်မြို့ပေါ် မြို့မရပ်ကွက်ဟာ ဆော့လော်မြို့ပေါ်တစ်ခုလုံးရဲ့ အစိုးရဌာနဆိုင်ရာရုံးစိုက်ရာဒေသလည်းဖြစ်ပါတယ်။ အဆိုပါ မြို့မရပ်ကွက်တွင် အစိုးရဌာနဆိုင်ရာမြို့နယ်ရုံး ၁၉ ရုံး၊ အ.ထ.က ကျောင်းတစ်ကျောင်း၊ ဆော့လော်မြို့နယ် ပြည်သူ့ဆေးရုံတစ်ခု၊ ဆော့လော်မြို့နယ် မြို့မရဲစခန်းတစ်ခု၊ ခရစ်ယာန်ဘုရားကျောင်းသုံးကျောင်း၊

ဗုဒ္ဓဘုန်းကြီးကျောင်း တစ်ကျောင်းတည်ရှိနေပြီး ယခုကျွန်တော့်ရဲ့မေးခွန်းထဲမှာပါတဲ့ မြို့တွင်းလမ်းမှ တစ်ဆင့် ဆက်သွယ်သွားလာနေကြတာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးစွဲခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ အခု ကျွန်တော်တို့ ဒီပုံကတော့ ဆော့လော်မြို့ပေါ် မြို့မရပ်ကွက်ရဲ့ မြို့တွင်းလမ်းပုံဖြစ်ပါတယ်။ အဲဒီအဝိုင်းလေးက ပတ်ပတ်လည်မှာက ဌာနဆိုင်ရာရုံးရှိတာဖြစ်ပါတယ်။ အဝိုင်းရဲ့အောက်မှာက အ.ထ.က ကျောင်းရယ်၊ ဆော့လော်ပြည်သူ့ဆေးရုံရယ်၊ မြို့မရဲစခန်းရယ်၊ စစ်တပ်ကုန်းရယ် ဒီလိုတည်ရှိနေတာဖြစ်ပါတယ်။ အခု ဒီဟာကတော့ စစ်တပ်ကုန်းနဲ့ဆော့လော်ကုန်းပေါ် မြို့မရပ်ကွက်ကို ကျွန်တော်တို့မြင်တွေ့နေရ တာဖြစ်ပါတယ်။ ဒီဟာကတော့ ဆော့လော်မြို့အဝင်လမ်းဖြစ်ပါတယ်။ လမ်းက မြေသားလမ်းဖြစ်ပြီးမှ လမ်းကျဉ်းတယ်။ ကားနှစ်စီးရှောင်လို့မရပါဘူး။ မိုးရွာတဲ့အချိန်မှာ ဗွက်ထမှ ကျောင်းသူကျောင်းသား တွေ၊ ပြည်သူတွေ ခက်ခက်ခဲခဲသွားလာနေကြရတာဖြစ်ပါတယ်။ အခုဒီဟာကတော့ ကျွန်တော်တို့ ဒီမြို့တွင်းလမ်းဖြစ်ပါတယ်။ ဒီဟာကတော့ လမ်းဘေးမှာရှိတဲ့ မြို့နယ် လ.ဝ.က ရုံးဖြစ်ပါတယ်။ ဒီဟာ ကတော့ လမ်းမကြီးမှာရှိတဲ့ ကျွန်တော်တို့ဆော့လော်မြို့နယ်ရဲ့ ပညာရေးမှူးရုံးဖြစ်ပါတယ်။ ဒီဟာ ကတော့ လမ်းဘေးမှာရှိတဲ့ ဆော့လော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရဲ့ မြို့နယ်ရုံးဖြစ်ပါတယ်။ ဒီဟာ ကတော့ ဆော့လော်မြို့နယ်ရဲ့ မြို့နယ်တရားရုံးဖြစ်ပါတယ်။ ကျွန်တော်ဓာတ်ပုံရိုက်တဲ့အချိန်မှာ ဆိုင်းဘုတ်ကတော့စောင်းနေပါတယ်။ ဒါပေမဲ့ ပြည်နယ်တရားသူကြီးနဲ့ညှိနှိုင်းပြီးတော့မှ ဆိုင်းဘုတ် ကတော့တည့်သွားပါပြီ။ ကျေးဇူးတင်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုဒီမေးခွန်းနဲ့ပတ်သက်ပြီးမှ ကချင်ပြည်နယ် လွှတ်တော်မှာလည်း ကျွန်တော်တို့ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကလည်း မေးခွန်းမေးမြန်းခဲ့ပါ တယ်။ အဲဒီလိုမေးခွန်းမေးမြန်းတဲ့အချိန်မှာ ကချင်ပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် တွင် မဆောင်ရွက်ပေးနိုင်ကြောင်း၊ ပြည်နယ်ရန်ပုံငွေ သို့မဟုတ် ပြည်ထောင်စုရန်ပုံငွေ ခွဲဝေချထား ပေးပါက လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားထားတာတွေ့ရပါတယ်။ သို့သော် ဆော့လော်မြို့တွင်းလမ်းကို မည်သည့်အချိန်၊ မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမယ်လို့ တိကျတဲ့၊ အာမခံချက်ပေးတဲ့ ဖြေကြားချက်မဟုတ်တဲ့အတွက် ကျွန်တော့်အနေနဲ့ ယခုပြည်သူ့ လွှတ်တော်မှာ မေးမြန်းရခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆော့လော်မြို့နယ်ဟာ မိုးများသောတောင်ပေါ်ဒေသဖြစ်သည်နှင့်အတူ မိမိအနေဖြင့်ဆော့လော်မြို့နယ် ဌာနဆိုင်ရာဝန်ထမ်းများနှင့်တွေ့ဆုံဖို့သွားတဲ့ အခါတိုင်းနီးပါးလိုလို

မိုးရွာပြီး ဆော့လော်မြို့ပေါ် မြို့မရပ်ကွက်လမ်းမှာ မြေသားလမ်း လမ်းကျဉ်းကလေးပဲဖြစ်တဲ့အတွက် ကားဘီးချော်ပြီး မြို့ပေါ်တက်လို့မရဖြစ်နေပါတယ်။ ထိုနည်းတူ အစိုးရဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများ၊ အများပြည်သူများမှာလည်း ခက်ခက်ခဲခဲသွားလာနေကြရတာဖြစ်ပါတယ်။ အကယ်၍ မြို့မရပ်ကွက်မြို့တွင်းလမ်းကို ကတ္တရာလမ်း သို့မဟုတ် ကွန်ကရစ်လမ်းအဆင့် တိုးမြှင့်ဆောင်ရွက်ပေးမယ်ဆိုရင် ဆော့လော်မြို့ပေါ် မြို့မရပ်ကွက်ဟာ သန့်ရှင်းသာယာလှပသွားမှာဖြစ်သလို အစိုးရဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများ၊ အများပြည်သူများအတွက်လည်း များစွာ အကျိုးရှိမှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ကချင်ပြည်နယ်၊ ဆော့လော်မြို့နယ်၊ မြို့မရပ်ကွက်အတွင်းရှိ မြို့တွင်းလမ်းအရှည် ၅၂၈၀ ပေ၊ အကျယ် ၁၄ ပေအား ကတ္တရာလမ်း သို့မဟုတ် ကွန်ကရစ်လမ်း သို့မဟုတ် ကျောက်ချောလမ်းအဆင့်အား ပြည်ထောင်စုအစိုးရဘဏ္ဍာရန်ပုံငွေအဖြစ် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိနှင့် ဆောင်ရွက် ပေးမည်ဆိုပါက မည်သည့်အချိန်တွင်ဆောင်ရွက်ပေးနိုင်မည်၊ ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကအဘယ့်ကြောင့်ဆောင်ရွက်ပေးနိုင်ခြင်းမရှိသည်ကို မဲဆန္ဒရှင်ပြည်သူများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးခွန်းမေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ ဆိုင်းဘုတ်ဘယ်လိုဖြစ်နေတာ တွေ့တယ်နော်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကချင်ပြည်နယ်၊ ဆော့လော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလာမာလေးရဲ့မေးခွန်းနဲ့ စပ်လျဉ်းပြီးတော့မှ ကချင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ကိုယ်စား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဖြေကြားပေးပါမှာဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးအနေနဲ့ ဆော့လော်မြို့နယ်၊ မြို့မရပ်ကွက်အတွင်းမှာရှိတဲ့ မြို့တွင်းလမ်းအရှည်ပေ ၅၂၈၀၊ အကျယ် ၁၄ ပေလမ်းကို ကတ္တရာလမ်း သို့မဟုတ် ကွန်ကရစ်လမ်း

သို့မဟုတ် ကျောက်ချောလမ်းအဆင့်အား ပြည်ထောင်စုအစိုးရဘဏ္ဍာရန်ပုံငွေနဲ့ ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိနှင့် ဆောင်ရွက်ပေးနိုင်မည်ဆိုလို့ရှိရင်လည်း မည်သည့်အချိန်မှာဆောင်ရွက်ပေးနိုင်မည်၊ ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးပါကလည်း အဘယ့်ကြောင့်ဆောင်ရွက်ပေးနိုင်ခြင်း မရှိသည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းတဲ့မေးခွန်း ဖြစ်ပါတယ်။

ဆော့လော်မြို့နယ်၊ မြို့မရပ်ကွက်အတွင်းမှာရှိတဲ့ မြို့တွင်းလမ်း ၅၂၈၀ ပေ x ၁၄ ပေရှိတဲ့ လမ်းကို အဆင့်မြှင့်တင်ဆောင်ရွက်ဖို့အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ လုပ်ငန်းဆောင်ရွက်ပေးနိုင်ခြင်းမရှိသော်လည်းပဲ မြို့မရပ်ကွက် ဒင်တန်ရွာသွားလမ်း မြေသားလမ်းဖောက်လုပ်ခြင်းလုပ်ငန်းကိုတော့ ပေ ၁၅၈၄၀ x ၁၀ ပေ x ၆ လက်မအား ရန်ပုံငွေကျပ် ၁၅.၇၈၆ သန်းနဲ့ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ မြို့တွင်းလမ်း ပေ ၅၂၈၀ x ၁၄ ပေ ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်မယ်ဆိုရင် ခန့်မှန်းကုန်ကျငွေကတော့ ၁၁၅.၈၂၅ သန်း ဖြစ်ပါတယ်။ လာမယ့် ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေလျာထားရေးဆွဲပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများ ဖြေကြားပြီးတဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။

## ဦးမြင့်ဦး၊ သနပ်ပင်မဲဆန္ဒနယ်က မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဥပဒေကြမ်းကို လက်ခံဆွေးနွေးရန် အဆိုတင်သွင်းခြင်းနှင့် ကိုယ်စားလှယ်တစ်ဦးကထောက်ခံခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးမြင့်ဦး၊ သနပ်ပင်မဲဆန္ဒနယ်က ဥပဒေကြမ်းတစ်ခုပေးပို့ထားပါတယ်။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၂ နည်းဥပဒေခွဲ(ခ)အရ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန်အဆိုတင်သွင်းဖို့ ဦးမြင့်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးမြင့်ဦး(သနပ်ပင်မဲဆန္ဒနယ်)**။ ။ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦး ဖြစ်ပါတယ်။ ကျွန်တော်ဒီနေ့တင်သွင်းမယ့် ဥပဒေကြမ်းကတော့ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ ဥပဒေကြမ်းပဲဖြစ်ပါတယ်ခင်ဗျား။ အဲဒီတော့ ကျွန်တော်တို့ မြန်မာ့တိုင်းရင်းဆေးပညာဟာ မြန်မာ့သမိုင်းမှာ တကောင်း၊ အင်းဝစတဲ့

ခေတ်ကနေပြီးတော့ ကုန်းဘောင်၊ ရတနာပုံခေတ်ထိကို ခေတ်အဆက်ဆက်မှာ မြန်မာနိုင်ငံရဲ့ကျန်းမာရေးစောင့်ရှောက်မှုကို တိုင်းရင်းဆေးတစ်ခုတည်းနှင့်သာ စောင့်ရှောက်နိုင်ခဲ့တာ ဖြစ်ပါတယ်။ အဲဒီအချိန်ကဆိုရင် မြန်မာလူမျိုးတွေရဲ့ ကျန်းမာရေးအသက်ရှည်ခြင်းတွေနဲ့ လက်ရုံးရည်နှစ်လုံးရည်နဲ့ ပြည့်စုံတဲ့လူမျိုးတွေလည်း ဖြစ်ခဲ့တာဖြစ်ပါတယ်။ တိုင်းရင်းဆေးပညာကို ကျွန်တော်တို့က နယကြီးလေးပါးနဲ့ ဖွဲ့စည်းထားပါတယ်။ အဲဒါတွေကတော့ ဒေသနာနယ၊ ဘေသဇ္ဇနယ၊ ဝိဇ္ဇာဓရနယ၊ နက္ခတ္တနယဆိုတဲ့ နယကြီးလေးပါးကို အခြေခံပြီးတော့ ဖွဲ့စည်းထားတာဖြစ်ပါတယ်။

ကမ္ဘာ့တိုင်းရင်းဆေးပညာတွေထဲမှာဆိုရင် ကျွန်တော်တို့တိုင်းရင်းဆေးပညာဟာ တစ်မူထူးခြားပြီးတော့ ခိုင်ခံ့တဲ့၊ မတူတဲ့ဆေးပညာရပ်လည်း ဖြစ်ပါတယ်။ အဲဒီတော့ ကမ္ဘာ့နိုင်ငံတွေမှာလည်း အခုဆိုလို့ရှိရင် နိုင်ငံအသီးသီးတွေမှာ သဘာဝတိုင်းရင်းဆေးပညာတွေ၊ ရိုးရာဆေးပညာတွေကို အားပေးလာတာကို တွေ့ရပါတယ်။ ဒီလိုဆန်းပြားတဲ့ဆေးယဉ်နေတဲ့ရောဂါတွေကို ကုသဖို့လို့၊ သုတေသနပြုတာတွေ နောက်ကမ္ဘာ့ဈေးကွက်ဝင်ဖို့လို့အတွက် ကြိုးစားဆောင်ရွက်လာတာတွေကို တွေ့ရတာဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ အိမ်နီးနားချင်းနိုင်ငံတွေကို လေ့လာကြည့်တဲ့အခါမှာ အိန္ဒိယနိုင်ငံမှာဆိုလို့ရှိရင် တိုင်းရင်းဆေးတက္ကသိုလ်ပေါင်းများစွာရှိတယ်။ တိုင်းရင်းဆေးကောလိပ်တွေရှိတယ်။ နောက်ပြီးတော့ တိုင်းရင်းဆေးပညာဦးစီးဌာနကနေပြီးတော့ အခုဆိုရင် တိုင်းရင်းဆေးပညာဝန်ကြီးဌာနအထိကို အဆင့်မြင့်ပြီးတော့ အားပေးဆောင်ရွက်နေတာကို တွေ့ရပါတယ်။ ကျွန်တော်တို့တရုတ်ပြည်ကိုသွားပြီးတော့ လေ့လာတဲ့အခါမှာလည်း တရုတ်ပြည်မှာဆိုရင် တိုင်းရင်းဆေးကို အထူးပဲအားပေးတာတွေ့ရပါတယ်။ ဘယ်လောက်ထိတွေ့ရသလဲဆိုရင် အနောက်တိုင်းဆေးရုံ၊ ဆေးခန်းတွေမှာ တိုင်းရင်းဆေးနှင့်အနောက်တိုင်းဆေးကိုတွဲပြီးတော့ အတူတူဖွင့်ထားတယ်။ အဆင့်ဆင့်ဆရာဝန်တွေက တစ်ဖက်နှင့်တစ်ဖက် လွှဲပြောင်းပြီးတော့ကုသတယ်။ တန်းတူညီတူဆက်ဆံတာကို လည်းတွေ့ရပါတယ်။ အဲဒီတော့ တရုတ်ဆေးတွေဟာဆိုလို့ရှိရင် အခု ကမ္ဘာမှာဆိုလို့ရှိရင် အများကြီးအားပေးမှုကို ရပြီးတော့ ဈေးကွက်ဝင်နေတာတွေကို တွေ့ရမှာဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီတိုင်းရင်းဆေးကတော့ အများကြီးနောက်ကျကျန်နေခဲ့တာ တွေ့ရပါတယ်။ ဘာဖြစ်လို့လဲဆိုရင် ကျွန်တော်တို့တိုင်းရင်းဆေးရဲ့အနေအထားဟာ အားပေးသင့်သလောက် အားပေးမှုမခံခဲ့ရဘူးလို့လည်း ခံစားရပါတယ်။ တိုင်းရင်းဆေးဥပဒေတွေကို ပြန်ပြီးလေ့လာတဲ့အခါကျလို့ရှိရင် ဟိုတုန်းကတော့ တော်တော်ခိုင်ခန့်ခဲ့တာတွေ့ရပါတယ်။ ၁၉၅၃ ခုနှစ်ကဆိုလျှင် ပါလီမန်မှာ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအဖွဲ့ဥပဒေကို ပြဋ္ဌာန်းခဲ့တယ်။ ၁၉၅၅ ခုနှစ်မှာဆိုရင် နည်းဥပဒေကိုပြဋ္ဌာန်းခဲ့တယ်။ နောက်လွှတ်လပ်ရေး

ရပြီးတော့ ဒီဘက်နှစ်တွေမှာလည်း တိုင်းရင်းဆေးဖွံ့ဖြိုးရေးအတွက်ကို တိုင်းရင်းဆေးဆရာကြီးတွေ ဟာအများကြီးကြိုးစားခဲ့သလို အစိုးရကလည်း အထိုက်အလျောက်အားပေးမှုတွေရှိခဲ့ပါတယ်။ ၁၉၉၂ ခုနှစ်ကဆိုလို့ရှိရင် မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဥပဒေတစ်ခုပေါ်ပေါက်ဖို့ ရေးဆွဲပြီးသား အကြမ်းဖြစ်ပြီးတဲ့အခါကျတော့ အတည်ပြုတဲ့အဆင့်မရောက်ခဲ့ပါဘူး။ အဲဒီကနေပြီးတော့ ၂၀၀၀ ပြည့်နှစ်ကျမှ တိုင်းရင်းဆေးကောင်စီဥပဒေတစ်ခုပေါ်ပေါက်ခဲ့တာ ဖြစ်ပါတယ်။ အဲဒီတော့ တိုင်းရင်းဆေးကောင်စီဥပဒေကို ပြန်ပြီးတော့ရေးဆွဲဖို့လို့ လိုအပ်တဲ့ရည်ရွယ်ချက်လေးကိုလည်းပဲ ကျွန်တော်တင်ပြချင်ပါတယ်။ အဲဒါကတော့ တိုင်းရင်းဆေးကောင်စီသည် ဒီမိုကရေစီစနစ်နဲ့ လျော်ညီ တဲ့လွတ်လပ်စွာရပ်တည်ဆောင်ရွက်နိုင်တဲ့ အဖွဲ့အစည်းတစ်ရပ်ဖြစ်ပေါ်ဖို့ ရည်မှန်းပါတယ်။

ဒုတိယအချက်ကတော့ တိုင်းရင်းဆေးပညာရပ်အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုကို ထိရောက်စွာဖော်ဆောင်ပေးနိုင်တဲ့၊ အဓိပ္ပာယ်ပြည့်ဝတဲ့ ဖွင့်ဆိုချက်ဖြစ်စေရန် ရည်ရွယ်ပါတယ်။ (ဂ)အချက်ကတော့ တိုင်းရင်းသားရိုးရာဆေးပညာရပ်တွေကိုလည်း ဖော်ထုတ်ပြီး တော့ အားပေးမြှင့်တင်ချင်ပါတယ်။ နောက်တစ်ချက်ကတော့ အရည်အသွေးပြည့်ဝပြီးတော့ ထိရောက် မှုနဲ့ လုံခြုံမှုရှိတဲ့ တိုင်းရင်းဆေးပညာနဲ့ ကျန်းမာရေးစောင့်ရှောက်မှုကို ပေးနိုင်ရန်လည်း ရည်ရွယ် ပါတယ်။ တိုင်းရင်းဆေးဆရာများကို မိမိတို့ရဲ့ ကျင့်ဝတ်သိက္ခာ၊ စည်းကမ်းတွေကို လိုက်နာရေးကို ကြီးကြပ်တဲ့ ထိန်းသိမ်းနိုင်ရန်လည်း ရည်ရွယ်ပါတယ်။ နောက်တိုင်းရင်းဆေးပညာကို ခေတ်မီဖွံ့ဖြိုး တိုးတက်ရေးအတွက်ကို စဉ်ဆက်မပြတ် လေ့လာ၊ သင်ယူ၊ ဆည်းပူးနိုင်ရန်လည်း ရည်ရွယ်ပါတယ်။ နောက်တိုင်းရင်းဆေးဆရာများရဲ့ ဆေးပညာအရည်အသွေးနှင့်ဂုဏ်သိက္ခာကိုလည်း ထိန်းသိမ်းဖို့လို့ ရည်ရွယ်ပါတယ်။ ပြည်သူများအတွက် အရည်အသွေးပြည့်ဝပြီးတော့ အစွမ်းထက်မြက်တဲ့ ဘေးဥပါဒ် ကင်းတဲ့ တိုင်းရင်းဆေးဝါးများထွက်ပေါ်လာရေး ဆောင်ရွက်ရန်နှင့်အရည်အသွေး ထိန်းသိမ်းရေး ကိစ္စတွေကို ဆောင်ရွက်ဖို့နဲ့ တိုင်းရင်းဆေးပညာနဲ့သက်ဆိုင်တဲ့ အယူအဆသဘောတရားတွေ၊ ကုထုံး နည်းစနစ်တွေ၊ ဆေးဝါးတွေစတဲ့ အသိဉာဏ်ပညာပစ္စည်းဆိုင်ရာ မူပိုင်ခွင့်ကိစ္စတွေကိုလည်း ဥပဒေနှင့် အညီ ကြီးကြပ်ကွပ်ကဲနိုင်ရန် ရည်ရွယ်ပါတယ်။ တိုင်းရင်းဆေးဝါးဥပဒေအရ ဆေးဝါးထုတ်လုပ်မှု လုပ်ငန်းတွေ ခွင့်ပြုချက်နဲ့ပတ်သက်လို့လည်း ကောင်စီကနေပြီးတော့ ပါဝင်ပြီးတော့ ကြီးကြပ်နိုင်ဖို့လို့ ကျွန်တော်တို့ ရည်ရွယ်ပါတယ်။ တိုင်းရင်းဆေးပညာရဲ့ ကုထုံးများအစွမ်းထက်တဲ့ တိုင်းရင်းဆေးဝါး တွေ တိမ်မြုပ်ပျောက်ကွယ်မှုမရှိဖို့လို့ ပိုမိုပြီးတော့ ပြန့်ပွားတိုးတက်စေရန်နဲ့ ကာကွယ်ထိန်းသိမ်း ရန်လည်း ရည်ရွယ်ပါတယ်။ တိုင်းရင်းဆေးပညာဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းဆေးပညာရှင်များ

စည်းလုံးညီညွတ်ရေးအတွက်ကို အသင်းအဖွဲ့တွေ ဖွဲ့စည်းဆောင်ရွက်ပြီးတော့ ဦးဆောင်မှုပေးနိုင်ဖို့နှင့် တိုင်းရင်းဆေးပညာအရည်အသွေးပြည့်မီပြီး အဆင့်အတန်းမြင့်မားစွာ လေ့ကျင့်သင်ကြားရေး အသက်မွေးဝမ်းကျောင်းပြုရေး၊ တိုင်းရင်းဆေးပညာသုတေသနလုပ်ငန်းများနှင့်ပတ်သက်ပြီးတော့ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ဖို့လို့ ရည်ရွယ်တာဖြစ်ပါတယ်။

ခုနက ကျွန်တော်တင်ပြခဲ့သလို တိုင်းရင်းဆေးကောင်စီဥပဒေကို ၂၀၀၀ ပြည့်နှစ်က ပြဋ္ဌာန်းခဲ့တာ ရှိပါတယ်။ အဲဒီလို ပြဋ္ဌာန်းခဲ့တဲ့အခါမှာ အဲဒီဥပဒေက ပုဒ်မ ၃၃ ခုပဲ ပါပါတယ်။ အဲဒီမှာ ဖွဲ့စည်းထားတဲ့ ကောင်စီဝင်ကလည်း ၁၁ ဦးတည်းပါတယ်။ ညွှန်/ချုပ်က ဥက္ကဋ္ဌဖြစ်ပါတယ်။ အဲဒီတော့ အဲဒီမှာ ညွှန်/ချုပ်ကဥက္ကဋ္ဌဖြစ်တဲ့အခါကျတော့ အားနည်းချက်တွေက ဘာတွေ့ရလဲဆိုတော့ ညွှန်/ချုပ်က သူကတိုင်းရင်းဆေးပညာကို ကျွမ်းကျင်တဲ့၊ သိတဲ့၊ နားလည်တဲ့သူမဟုတ်ပါဘူး။ သမိုင်းလည်း မသိပါဘူး။ အဲဒီတော့ အဲဒီလိုပုဂ္ဂိုလ်က ဦးဆောင်တဲ့အခါမှာ ဒီတိုင်းရင်းဆေးမှာ တော်တော်လေးကို ကသိကအောက် ပရမ်းပတာဖြစ်တာကို တွေ့ရပါတယ်။ အာဏာတွေအားလုံးဟာလည်း အဲဒီညွှန်/ချုပ် လက်ထဲမှာပဲ ရောက်နေတာတွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ တိုင်းရင်းဆေးဆရာတွေက အဲဒီမှာ ဥပမာပေးတာလေးတစ်ခု တင်ပြချင်ပါတယ်။ ဘယ်လိုတင်ပြသလဲဆိုတော့ ကျွန်တော်တို့ မြန်မာမီးဖိုချောင်ထဲမှာ အနောက်တိုင်းစာဖိုးမှူးကို ခန့်ထားသလိုနဲ့ တူနေတယ်လို့ ပြောပါတယ်။ ငါးပိကိုလည်း နံတယ်။ ပုတ်တယ်ဆိုပြီးတော့ လွှင့်ပစ်။ နောက်ပြီးတော့ ထန်းလျက်ခဲကိုလည်း ပိုးသေအောင်ဆိုပြီးတော့ ရေနွေးနဲ့ပြုတ်ခိုင်း။ အဲဒီလို တိုင်းရင်းဆေးက အဆီအငေါ်မတည့်တာ အများကြီး တွေ့နေရပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့ကပိုပြီးအားကောင်းပြီးတော့ ကျန်တဲ့နိုင်ငံတွေလိုပဲ ဖွံ့ဖြိုးတိုးတက်တဲ့ တိုင်းရင်းဆေးဖြစ်ဖို့ကို ကျွန်တော်တို့က ရည်သန်ပြီးတော့ ဥပဒေဆွဲဖို့ကို ဖြစ်ပေါ်လာတာ ဖြစ်ပါတယ်။ အဲဒီ ၂၀၀၀ ပြည့်နှစ်က ကျွန်တော်တို့နဲ့ အတူတူပေါ့လေ။ ပြဋ္ဌာန်းခဲ့တဲ့ မြန်မာနိုင်ငံဆေးကောင်စီဥပဒေဟာဆိုလို့ရှိရင် အခုဆိုလို့ရှိရင် ၂၀၁၅ ခုနှစ်မှာ ပြည်ထောင်စုလွှတ်တော်မှာ အသစ်ပြန်လည်ပြီးတော့ ခေတ်နဲ့လျော်ညီစွာ ပြဋ္ဌာန်းပြီးဖြစ်ပါတယ်။ ဒီလိုပဲ မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားကောင်စီဥပဒေ။ ဒါလည်း ၂၀၁၅ ခုနှစ်မှာ ပြဋ္ဌာန်းပြီးဖြစ်ပါတယ်။ နောက်အလားတူပဲ သွားနဲ့ခံတွင်းဆိုင်ရာကောင်စီဥပဒေကြမ်းတွေ၊ ကျန်းမာရေးမှူးကောင်စီဥပဒေကြမ်းတွေကိုလည်း အသစ်ရေးဆွဲနေတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့တိုင်းရင်းဆေးဆရာတွေကလည်း

ဒီတိုင်းရင်းဆေးကောင်စီဥပဒေပေါ်ပေါက်ရေးကို အတော်ကို အလွှာစုံကနေပြီးတော့ ပြင်းပြတဲ့ဆန္ဒရှိနေတာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော်မှာပဲ မြန်မာ့တိုင်းရင်းဆေးပညာဖွံ့ဖြိုးတိုးတက်စေရန် ဒီမိုကရေစီစနစ်နဲ့လျော်ညီတဲ့ လွတ်လပ်စွာရပ်တည်နိုင်တဲ့ တိုင်းရင်းဆေးသမားတော်အဖွဲ့အစည်းတစ်ရပ်အဖြစ် ဖွဲ့စည်းနိုင်ရန်အတွက် တိုင်းရင်းဆေးကောင်စီဥပဒေအား ပြန်လည်ပြင်ဆင်ရေးဆွဲပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်နေ့မှာ လွှတ်တော်ကို ပေးပို့ခဲ့ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့လေးစားရတဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးက ကျွန်တော့်ကို ခေါ်ယူပြီးတော့ ခင်ဗျားဒီအဆိုကိုတင်သွင်းနေမယ့်အစား ဥပဒေကြမ်းတစ်ခုတင်သွင်းပါလားလို့ ကျွန်တော့်ကိုအကြံပြုခဲ့ပါတယ်။ ကျွန်တော်က အဲဒီအကြံပြုချက်ကို ကျွန်တော့်ရဲ့ ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို တင်ပြပါတယ်။ တင်ပြတဲ့အခါကျတော့ ကျွန်တော့်ရဲ့ ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ အကြံပြုချက်အတိုင်းပဲ ကျွန်တော်က ဒီအစည်းအဝေးတွေကို အသီးသီးလုပ်ခဲ့ပါတယ်။ အဲဒီတော့ ပထမတစ်ခါလုပ်တဲ့အစည်းအဝေးကတော့ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်နေ့မှာ မန္တလေးတက္ကသိုလ်(တိုင်းရင်းဆေးတက္ကသိုလ်) ခန်းမမှာ တိုင်းရင်းဆေးဆရာတွေအားလုံးကို ဖိတ်ကြားပြီးတော့ တစ်ကြိမ်လုပ်ပါတယ်။ နောက် ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်နေ့မှာကျတော့ ရန်ကုန်မြို့ ပန်ဒါဟိုတယ်မှာတစ်ကြိမ် ဆွေးနွေးပွဲလုပ်ပါတယ်။ နောက်ဆုံးလုပ်ခဲ့တာကတော့ ၂၀၁၇ ခုနှစ်၊ ဇူလိုင် ၂ ရက်နေ့ Mandalay Paradise Hotel မှာ လုပ်ခဲ့တာဖြစ်ပါတယ်။ အဲဒီမှာတက်ခဲ့တဲ့ တိုင်းရင်းဆေးဆရာတွေဟာဆိုလို့ရှိရင် တိုင်းရင်းဆေးဆရာ လွှတ်တော်ကိုယ်စားလှယ်များလည်းပါဝင်တယ်။

နောက်တစ်ခါ တိုင်းရင်းဆေးကောင်စီဝင်တွေ တက်ရောက်ပါတယ်။ နောက် တိုင်းရင်းဆေးပညာဦးစီးဌာနဟာဆိုရင် ဒုတိယညွှန်ကြားရေးမှူးချုပ်နဲ့ ဌာနဆိုင်ရာတွေတက်ပါတယ်။ တိုင်းရင်းဆေးတက္ကသိုလ်ရဲ့ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နဲ့ ကထိကတွေ၊ ဆရာတွေလည်းတက်ပါတယ်။ နောက်တိုင်းရင်းဆေးဆရာအသင်းဗဟိုက တချို့အစည်း အဝေးတွေမှာဆိုရင် ဥက္ကဋ္ဌကိုယ်တိုင်၊ ဒုတိယဥက္ကဋ္ဌတွေကိုယ်တိုင်တက်ရောက်ပြီးတော့ အသင်းသူ၊ အသင်းသားတွေ တက်ရောက်ပါတယ်။ နောက်ပြီးတော့ တိုင်းဒေသကြီး/ပြည်နယ်က ကိုယ်စားလှယ်တွေလည်းတက်ရောက်ပါတယ်။ နောက်တစ်ခုက တိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့် ဆေးပစ္စည်း ရောင်းချသူများအသင်း (ယာယီ) က အမှုဆောင်များနဲ့ အသင်းဝင်များပါ တက်ရောက်ခဲ့ပါတယ်။ အဲဒီမှာတော့ အတက်ကြွဆုံးဦးဆောင်ပြီးတော့လုပ်ခဲ့တာ တိုင်းရင်းဆေးလူငယ်များပဲ ဖြစ်ပါတယ်။ သူတို့က ဦးဆောင်ပြီးတော့ နောက်ဆုံး

အစည်းအဝေးကို သေသေချာချာခမ်းခမ်းနားနား ကျင်းပပေးနိုင်ခဲ့ပါတယ်။ အဲဒီတော့ အဲဒီလို အထက်ဖော်ပြပါဆွေးနွေးပွဲများနဲ့ အနယ်နယ်အရပ်ရပ်မှာရှိတဲ့ တိုင်းရင်းဆေးဆရာတွေကလည်း ကျွန်တော့်ဆီကို အကြံပြုချက်ပေါင်းမြောက်မြားစွာပေးပို့ခဲ့ပါတယ်။

**ဥက္ကဋ္ဌ။** ။ နိဂုံးချုပ်ပါ။

**ဥက္ကဋ္ဌ။** ။ နိဂုံးချုပ်ပါ။

**ဥက္ကဋ္ဌ။** ။ ဦးမြင့်ဦး တင်သွင်းတဲ့အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးစိုးစံသက်ထွန်း(မြင်းမူမဲဆန္ဒနယ်)။** ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါ။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမဲဆန္ဒနယ်က ဦးစိုးစံသက်ထွန်း ဖြစ်ပါတယ်။ သနပ်မဲဆန္ဒနယ်က ဦးမြင့်ဦး တင်သွင်းတဲ့ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဥပဒေကြမ်း ကို လွှတ်တော်က လက်ခံဆွေးနွေးပေးရန်အတွက် ထောက်ခံတင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားရတဲ့ ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လက်ရှိ တိုင်းရင်းဆေး ကောင်စီဥပဒေဟာ အဆိုရှင်တင်ပြသွားသလို ခေတ်ကာလနှင့်ကိုက်ညီမှုမရှိတော့ခြင်း၊ တိုင်းရင်းဆေး လောကရဲ့ကိုယ်စားပြုမှုနည်းပါးခြင်း၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်နိုင်မှုနယ်ပယ် ကျဉ်းမြောင်းခြင်း တို့နှင့် ကြုံတွေ့နေရပါတယ်။ ဒါ့အပြင် ဥပဒေရဲ့အားနည်းချက်ကြောင့် တစ်ဦးတစ်ယောက်ရဲ့လုပ်ပိုင် ခွင့်တွေဟာ များပြားနေပြီး ပြည်သူလူထုနဲ့ သက်ဆိုင်ရာတိုင်းရင်းဆေးပညာရှင်များအတွက် အကျိုးထက် အပြစ်သာများလွန်းနေတာ တွေ့ရပါတယ်။ နိုင်ငံတကာ တိုင်းရင်းဆေးပညာရပ်များနှင့် ချိတ်ဆက်ပြီး မြန်မာ့တိုင်းရင်းဆေးပညာရပ်များ ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အဟန့်အတားဖြစ်နေပါတယ်။ လက်ရှိကာလမှာ တိုင်းရင်းဆေးကောင်စီကို ဒီမိုကရေစီစနစ်နှင့် လျော်ညီတဲ့ လွတ်လပ်စွာရပ်တည်နိုင်တဲ့ အဖွဲ့အစည်းတစ်ရပ်ဖြစ်ရေး၊ ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ဟာ တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်မှုကို ဦးဆောင်နိုင်မှုပေးနိုင်ရေးအတွက် အများဆန္ဒနှင့်အညီ ရွေးချယ်တင်မြှောက်နိုင်ခြင်းတို့ဟာ အင်မတန်မှ အရေးပါလှပါတယ်။ အခုအဆိုရှင်တင်သွင်းတဲ့ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဥပဒေကြမ်းမှာတော့ ယခင်ဥပဒေရဲ့အားနည်းချက်များကို ပြင်ဆင် ကာ တိုင်းရင်းဆေးဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်ရှိကာလလိုအပ်ချက်များကို ထည့်သွင်းရေးဆွဲထား တာဖြစ်ပါတယ်။ မူကြမ်းရေးဆွဲရာမှာလည်း ပြည်နယ်နှင့်တိုင်းဒေသကြီး ဒေသအသီးသီးက

တိုင်းရင်းဆေးပညာရှင်များ၊ ဥပဒေပညာရှင်များ၊ ကျန်းမာရေးနှင့် သက်ဆိုင်တဲ့ ကျွမ်းကျင်ပညာရှင်များ နှင့် ညှိနှိုင်းရေးဆွဲထားကြောင်းကို အဆိုရှင်လည်း တင်ပြသွားပြီးဖြစ်ပါတယ်။ မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီဥပဒေကြမ်းမှာ လက်ရှိကာလမှာဖြစ်ပေါ်နေတဲ့ တိုင်းရင်းဆေးမှတ်ပုံတင် လက်မှတ်ကို အလွဲသုံးစားပြုလုပ်ကုသနေတဲ့ကိစ္စ၊ တိုင်းရင်းဆေးထဲကို အနောက်တိုင်းဆေးတွေ ရောနှောပြီးတော့ ရောင်းချနေတဲ့ကိစ္စ၊ တိုင်းရင်းသားတို့ရဲ့ ရိုးရာကုထုံးနည်းစနစ်တွေ တိမ်မြုပ်ပျောက် ကွယ်နိုင်တဲ့ကိစ္စတွေ၊ မြန်မာတို့တန်ဖိုးထား ဂုဏ်ယူရမယ့် မြန်မာ့တိုင်းရင်းဆေးပညာရပ်ကို ခေတ်မီ ဖွံ့ဖြိုးပြီး ပြည်သူလူထုကို ထိရောက်တဲ့ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးကိစ္စတို့အတွက် ဆေးကုသခွင့်လိုင်စင်များနှင့်အတူ တိတိကျကျ ကျယ်ကျယ်ပြန့်ပြန့် ရေးဆွဲထားတာကို တွေ့ရှိရပါ တယ်။

လေးစားရတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ များကို အရည်အသွေးပြည့်ဝပြီး ထိရောက်လုံခြုံမှုရှိတဲ့ တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ဖို့၊ တိုင်းရင်းဆေးပညာရဲ့သမားစဉ်ကုထုံးနည်းစနစ်တွေ၊ အစွမ်းထက်ဆေးဝါး တွေ တိမ်မြုပ်ပျောက်ကွယ်မှုမဖြစ်စေဘဲ ပိုမိုတိုးတက်ပြန့်ပွားစေဖို့၊ တိုင်းရင်းဆေးပညာအရည်အသွေး မြင့်မားပြီး အသက်မွေးဝမ်းကျောင်းပြုနိုင်ရေး၊ သုတေသနလုပ်ငန်းနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းတွေ လုပ်ဆောင်ရာမှာ သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းတွေ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းတွေနဲ့ ပူးပေါင်း ဆောင်ရွက်နိုင်ဖို့ စတဲ့ကောင်းမွန်ချက်များနဲ့ ယခုဥပဒေကြမ်းကို ရေးဆွဲထားကြောင်းလည်းပဲ လေ့လာ တွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူများနှင့် မြန်မာ့တိုင်းရင်းဆေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမှန်တကယ်အကျိုးရှိမယ့် ဥပဒေကြမ်းဖြစ်တာကြောင့် လွှတ်တော်ကြီးက လက်ခံဆွေးနွေးသင့်ပါ ကြောင်း အလေးအနက်ထား ထောက်ခံတင်ပြအပ်ပါတယ်ခင်ဗျား။

## မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဥပဒေကြမ်းကို လွှတ်တော်က လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးမြင့်ဦး တင်သွင်းတဲ့ မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး လက်ခံဆွေးနွေးရန် သင့်/မသင့် ဆုံးဖြတ်နိုင်ရန် လွှတ်တော်ရဲ့ဆန္ဒရယူမှုမှာဖြစ်ပါတယ်။ ဦးမြင့်ဦး တင်သွင်းတဲ့ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဥပဒေ ကြမ်းကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**မူကြမ်း**

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ ပြောပါ။

**ဒေါက်တာစံရွှေဝင်း(ရေကြည်မဲဆန္ဒနယ်)**။ ။ တိုင်းရင်းဆေးကောင်စီဥပဒေကြမ်းကို ပြင်ဆင်တဲ့ကိစ္စကို ကန့်ကွက်ချင်တာမဟုတ်ပါဘူး။ သို့သော်လည်း လုပ်ထုံးလုပ်နည်းနဲ့တော့ နည်းနည်းလေးလွဲချော်နေတယ်လို့ ယူဆတဲ့အတွက် ကန့်ကွက်ခြင်းဖြစ်ပါတယ်။ ဒါကိုတော့ စဉ်းစားပေးဖို့ မေတ္တာရပ်ခံအပ်ပါတယ်။ ဒါက ဘာလဲဆိုလို့ရှိရင် တိုင်းရင်းဆေးဥပဒေက ရှိပြီးသားဥပဒေဖြစ်ပါတယ်။ တိုင်းရင်းဆေးကောင်စီဥပဒေကို လုပ်ဖို့အတွက် အားလုံးတစ်ပြေးညီ စည်းဝေးဆောင်ရွက်ထားတာ မရှိပါဘူး။ ဒါ ပထမတစ်ချက်ပါ။ ဒုတိယအချက်ကတော့ သက်ဆိုင်ရာ ကျွန်တော်တို့က ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ ဥပဒေများကို လေ့လာဖို့၊ သုံးသပ်ဖို့၊ စိစစ်ဖို့ ဖွဲ့စည်းပေးထားတဲ့ ကော်မတီဖြစ်ပါတယ်။ ကျွန်တော်တို့ကော်မတီကို တရားဝင်တင်ပြခြင်းမရှိပါဘူး။ ဒီနေ့တင်ပြတဲ့ စာရွက်က အခုမှ ကျွန်တော်တို့သိရတာဖြစ်ပါတယ်။ ကျွန်တော်တို့ကို ဘာလုပ်ထားတယ်၊ ဟိုဟာလုပ်ထားတယ်၊ ဒီဟာလုပ်ထားတယ် လာပြောပြီးတော့ ဒီဥပဒေနှင့်ပတ်သက်ပြီး ကျွန်တော်တို့ ကော်မတီကို တင်ပြခြင်း မရှိပါဘူး။ ဒါဒုတိယတစ်ချက်ပါ။ တတိယတစ်ချက်ကတော့ ကျွန်တော်သိသလောက်ဆိုရင် ကျွန်တော်တို့ ကော်မတီကနေ လေ့လာတယ်၊ သုံးသပ်တယ်၊ စိစစ်တယ်။ ပြီးရင် ရှေ့နေချုပ်ရုံးနှင့် တိုင်ပင်တယ်။ ပြီးလို့ရှိမှ ကျွန်တော်တို့က ဥပဒေကြမ်းကော်မတီကို ပို့ရတာဖြစ်ပါတယ်။ သို့သော် အခုမှကျတော့ ကျွန်တော်တို့ကော်မတီကို ဘာမှတရားဝင်အသိပေးခြင်းမရှိဘဲနဲ့ ပါးစပ်နဲ့ပဲအသိပေးပြီးတော့မှ လွှတ်တော်ကိုတင်တယ်။ လွှတ်တော်ကို တင်ဖို့ပြောတဲ့အခါမှာ ဥက္ကဋ္ဌကြီးကို တင်ပြပြီးပြီလို့ပြောတာဖြစ်တဲ့အတွက် နောက်နောင် Procedural နဲ့ပတ်သက်ပြီးတော့ အမှတ်မှား၊ အလုပ်မှားဖြစ်မှာစိုးတဲ့အတွက် ကျွန်တော့်အနေနဲ့ ကန့်ကွက်ခြင်းဖြစ်ပါတယ်။ ထပ်ပြီးတော့ ကျွန်တော်တင်ပြပါမယ်။ တိုင်းရင်းဆေးကောင်စီဥပဒေကို ကန့်ကွက်နေခြင်းမဟုတ်ပါဘူး။ ပြင်ဆင်နေခြင်းကို။ သို့သော် Procedural ကိုတော့ အမှန်ဖြစ်စေချင်တဲ့အတွက် ကျွန်တော့်အနေနဲ့ ကန့်ကွက်ခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျွန်တော့်ဆီလာပြောတုန်းက အဆိုတင်တာ။ အဆိုတင်ဖို့လာပြောတယ်။ ဒါ လွှတ်တော်ကိုယ်စားလှယ် အားလုံးသိအောင် ပြောလိုက်မယ်။ အဲဒီလာပြောတဲ့ ကိုယ်စားလှယ်သည် အခုနက ကျန်းမာရေးကော်မတီမှာ ပါတယ်။ ကျွန်တော်တို့ ဖွဲ့ပေးထားတာမှာ ပါတယ်။ ဦးမြင့်ဦး ပါတယ်။ ပါတဲ့အခါကျတော့ ကျွန်တော့်အနေနဲ့ ဘာပြောလိုက်လဲဆိုလို့ရှိရင် ဒီဟာက အဆိုတင်မယ့်

အစား ကော်မတီအနေနဲ့ ဒီဟာကို ဥပဒေကြမ်းတင်လိုက်လို့ရှိရင် ပိုပြီးသင့်လျော်မယ်။ အဆိုတင်တယ်ဆိုလို့ရှိရင် တိုင်းရင်းဆေးနဲ့ပတ်သက်လို့ နားမလည်တဲ့ကိုယ်စားလှယ် တော်တော်များများရှိမယ်။ ဒီဟာကို ဥပဒေကြမ်းရေးပေးပါဆို ဘယ်သူမှ မရေးပေးနိုင်ဘူး။ အဲဒီကော်မတီကပဲ ဦးဆောင်ပြီးတော့ တိုင်းရင်းဆေးဥပဒေကြမ်းတစ်ခုတင်လာ။ နောက်တစ်ခုက ပြင်ပကပညာရှင်တွေနဲ့ ဆွေးနွေး။ ဆွေးနွေးပြီး တင်လာ။ တင်လာပြီးရင်တော့ ကျန်တဲ့လွှတ်တော်ကိုယ်စားလှယ် ဆွေးနွေးရတာပိုသင့်တော်မယ်ဆိုပြီးတော့ ကျွန်တော် ဒီလိုညွှန်ကြားလိုက်တာ။ ဘာဖြစ်လို့လဲဆိုတော့ ဖြစ်စေချင်လို့။ ဖြစ်စေချင်တာပါတယ်။ တိုင်းရင်းဆေးကောင်စီဥပဒေကြမ်း ရှိသင့်တာကို ဖြစ်စေချင်တာ။ အဲဒီတော့ အဆိုတင်ရင် အဲဒီမှာ အဆိုကအတည်ဖြစ်ချင်မှလည်းဖြစ်မယ်။ မှတ်တမ်းပဲဖြစ်ရင်ဖြစ်မယ်။ ပယ်ဖျက်ချင်လည်း ခံရင်လည်း ခံရမယ်။ အဆိုနဲ့ဆိုရင်။ နောက်တစ်ခုက ဥပဒေလိုချင်တယ်ဆိုရင် ကော်မတီအနေနဲ့ပဲဖြစ်စေ၊ ကိုယ်စားလှယ်အနေနဲ့ပဲဖြစ်စေ ဒါကတော့ ဘယ်ကော်မတီ၊ ဘယ်ကိုယ်စားလှယ်ဖြစ်ဖြစ် ဥပဒေကြမ်းတင်ခွင့်ရှိတော့ တင်လာတာသဘောရှိတယ်။ သို့သော် ကော်မတီဝင်တွေဖြစ်တဲ့အခါကျလို့ရှိရင် ကိုယ်နဲ့ဆိုင်တဲ့ကော်မတီမှာတော့ ဒါကတော့ ဆွေးနွေးဖို့တော့လိုတယ်။ ဒါကတော့အခုနက Procedure နဲ့ပတ်သက်လို့ပြောတဲ့အပိုင်းက လွှတ်တော်ကော်မတီအနေနဲ့ ကော်မတီဝင်နဲ့ Procedure တိမ်းစောင်းတဲ့ကိစ္စ။ အခုဟာကတော့ ဒီဥပဒေကြမ်းကို သဘောတူမယ်/မတူဘူး ဆုံးဖြတ်ရမယ့်ကိစ္စ။ သို့သော် ကန့်ကွက်ထားသူရှိတဲ့အတွက် ကျွန်တော် လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေအတိုင်း မဲခွဲဆုံးဖြတ်ပေးပါ့မယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သဘောမတူသူရှိတဲ့အတွက် ဦးမြင့်ဦး တင်သွင်းတဲ့ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး လက်ခံဆွေးနွေးရန် သင့်/မသင့် ဆုံးဖြတ်နိုင်ရန် စက်ခလုတ်အသုံးပြုတဲ့ ဆန္ဒမဲပေးတဲ့နည်းလမ်းနဲ့ မဲခွဲဆုံးဖြတ်သွားမှာဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့ အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခုဆန္ဒမဲပေးလို့ ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါ့မယ်။ ထောက်ခံဆန္ဒမဲပေါင်း ၂၀၇ မဲ၊ ကန့်ကွက်ဆန္ဒမဲပေါင်း ၁၆၀ မဲ၊ ကြားနေဆန္ဒမဲပေါင်း ၁၅ မဲဖြစ်ပါတယ်။

**မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဥပဒေကြမ်းကို လက်ခံဆွေးနွေးရန် ဥပဒေကြမ်းကော်မတီသို့ လွှဲအပ်မည်ဖြစ်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုထောက်ခံတဲ့ကိုယ်စားလှယ်ဦးရေက များတဲ့အတွက် ဦးမြင့်ဦး တင်သွင်းတဲ့ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဥပဒေကြမ်းကို လွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်းနှင့် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီသို့ လွှဲအပ်မည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကော်မတီဝင်တွေအနေနဲ့ ဒါဟာ ပိုပြီးတော့လည်း ကောင်းအောင်၊ ပိုပြီးတော့လည်း ဘယ်လိုပြောမလဲ ဝိတ်ရှိအောင် ကော်မတီဝင်တွေက ကိုယ့်ကော်မတီနဲ့ဆိုင်တဲ့ကိစ္စ၊ တခြားကိစ္စဆိုရင်တော့ မဆိုဘူး။ ကိုယ့်ကော်မတီနဲ့ဆိုင်ရာကိစ္စဆို ကော်မတီမှာတော့ ညှိနှိုင်းဆွေးနွေးပြီး ကော်မတီဝင်တစ်ဦးတည်းတင်တဲ့သဘောနဲ့ ကော်မတီရဲ့ဆုံးဖြတ်ချက်နဲ့ တင်တာကပိုပြီးတော့ အချိန်စီးပါတယ်။ အဲဒါလေးတွေ ကျွန်တော်တို့ သိဖို့လိုတယ်။ တခြားကိစ္စဆိုရင်တော့ တစ်မျိုးပေါ့။ ဒီကော်မတီရဲ့တာဝန်နဲ့ လုပ်ပိုင်ခွင့်နှင့်ဆိုင်တဲ့ကိစ္စဆိုရင် ကိုယ်တစ်ဦးကောင်း တစ်ယောက်ကောင်းတင်မယ့်အစား ကော်မတီရဲ့ဆုံးဖြတ်ချက်နဲ့ ကော်မတီဝိတ်ကိုယူပြီး တင်လိုက်လို့ရှိရင် ပိုပြီးတော့ ဒါဘယ်ကော်မတီမဆိုပါ သတိထားဖို့လိုပါတယ်။ အဲဒါလေးတွေ ကျွန်တော်တို့ ကော်မတီရဲ့ တာဝန်နှင့်လုပ်ပိုင်ခွင့်ပေးထားတဲ့အခါမှာ အဲဒီကိုယ့်ရဲ့တာဝန်နှင့်လုပ်ပိုင်ခွင့်ကို ကြေညက်ပြီးတော့ အဲဒါလေးကိုလည်း ဂရုစိုက်စေချင်ပါတယ်။

## ဒေါ်သန္တာ၊ အိမ်မဲမဲဆန္ဒနယ်က တင်သွင်းသည့် ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်နေ့တွင် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စယန်ဟီလီ၏ သတင်းထုတ်ပြန်ချက်အား ပြင်းထန်စွာကန့်ကွက်ကြောင်း အရေးကြီးအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါ်သန္တာ၊ အိမ်မဲမဲဆန္ဒနယ်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး(၃၂)ရက်မြောက်နေ့ ၂၄-၇-၂၀၁၇ ရက်နေ့တွင် တင်သွင်းတဲ့ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်နေ့တွင် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စယန်ဟီလီ၏ သတင်းထုတ်ပြန်ချက်အား ပြင်းထန်စွာကန့်ကွက်ကြောင်း အရေးကြီးအဆိုကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၃၊ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၂)အရ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယင်းအရေးကြီးအဆိုနဲ့ စပ်လျဉ်းပြီး ဆွေးနွေးမယ့်လွှတ်တော်ကိုယ်စားလှယ် ၁၃ ဦးရှိပါတယ်။ ဒီလိုဆွေးနွေးရာမှာ

ဆွေးနွေးမယ့်ကိုယ်စားလှယ်များအားလုံးကို ကြိုတင်အသိပေး လိုပါတယ်။ အဆိုနှင့်အတိအကျ သက်ဆိုင်ရန်လိုအပ်ပါတယ်။ တိုက်ရိုက်မသက်ဆိုင်တဲ့ကိစ္စများကို မဆွေးနွေးဖို့လည်းလိုအပ်ပါတယ်။ နောက်တစ်ခုက မဆီလျော်တဲ့အကြောင်းပြချက်သည် မိမိရဲ့ ထင်မြင်ယူဆချက်တွေ၊ မသင့်လျော်တဲ့ အသုံးအနှုန်းတွေ မပါဖို့လည်းလိုအပ်ပါတယ်။ အဖွဲ့အစည်းတစ်ခုခုကို ထိပါးပုတ်ခတ်ပြောဆိုခြင်း မပြုရန်လိုအပ်သလို ကိုယ်စားလှယ်တစ်ဦးဦးကိုလည်း စွပ်စွဲပုတ်ခတ်ပြောဆိုခြင်းမပြုရန်လိုအပ် ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များအချင်းချင်း ရင်းနှီးချစ်ကြည်လေးစားမှုကို ထိခိုက်ပျက်ပြား စေမည့် ပြောဆိုဆွေးနွေးမှုမျိုးမဖြစ်ရန် ကြိုတင်ပြီးတော့ အသိပေးပါတယ်။ ပထမဦးစွာ မင်းကင်း မဲဆန္ဒနယ်မှ ဦးမောင်မြင့် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမောင်မြင့်(မင်းကင်းမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကမင်းကင်း မဲဆန္ဒနယ်က ဦးမောင်မြင့်ဖြစ်ပါတယ်။ အိမ်မဲ မဲဆန္ဒနယ်က ဒေါ်သန္တာတင်သွင်းတဲ့ အရေးကြီးအဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပြီး Power Point သုံးစွဲခွင့်ပြုပါရန်အတွက် တင်ပြအပ်ပါတယ်။ မြန်မာ နိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ Special Rapoorteur မစ္စယန်ဟီလီရဲ့ မြန်မာနိုင်ငံ နောက်ဆုံးခရီးစဉ်မှာ သတင်းထုတ်ပြန်ချက်ဟာ အပြုသဘောမဆောင်ဘူးဆိုတာကို ဦးစွာပြောကြား လိုပါတယ်။ အစိုးရသစ်လက်ထက်မှာ သူမရဲ့တတိယမြောက်ခရီးစဉ်ဖြစ်ပြီးတော့မှ မြန်မာနိုင်ငံကို ဆဋ္ဌမမြောက်ခရီးစဉ်လည်း ဖြစ်ပါတယ်။ ဒါပေမဲ့ ဘယ်ခရီးစဉ်မှာမှ ကျွန်တော်တို့အတွက် ကောင်းမွန်တဲ့ အစီရင်ခံစာကို ထုတ်ပြန်ခဲ့ခြင်းမရှိပါဘူး။ တစ်ခေါက်နဲ့တစ်ခေါက် ပိုဆိုးလာတာပဲ ရှိပါတယ်။ ဒါကြောင့်လည်း ဘုန်းတော်ကြီးတစ်ပါးက မချိတင်ကဲဖြစ်ပြီး သူမကိုစကားလုံးကြမ်းကြမ်းနဲ့ ပြောခဲ့ဖူးပါတယ်။ အဲဒီအချိန်က သူမအတွက် ကြားထဲကနေပြီးတော့မှ နာနေခဲ့တာတွေလည်း ရှိပါသေးတယ်။ ကျွန်တော် ဆိုလိုတာက အမျိုးသားအကျိုးစီးပွားအတွက်ဆိုရင် ဘယ်ပါတီကိုပဲဖြစ်ဖြစ်၊ ပါတီမဝင်တဲ့လူပဲဖြစ်ဖြစ်၊ ဘုန်းကြီး၊ ရဟန်းပဲဖြစ်ဖြစ်၊ မယ်သီလရှင်ပဲဖြစ်ဖြစ် စည်းလုံးညီညွတ်ကြဖို့ လိုတယ်ဆိုတာကို တင်ပြလိုပါတယ်။ ကျောချင်းကပ်ကြဖို့လိုတယ်။ ပြည့်အင်အားက ပြည်တွင်းမှာပဲ ရှိတယ်ဆိုတာကို တင်ပြလိုပါတယ်။ ယခင်က ပြည်တွင်းပြည်ပအတိုက်အခံတွေ ထိုးနှက်နေတဲ့ကြားက အစိုးရအဆက်ဆက်ဟာ ကြိုးစားရုန်းကန်ခဲ့ကြတာဖြစ်ပါတယ်။ ကျွန်တော်တို့ အခုအချိန်မှာ အတိုက် အခံဖြစ်ပေမဲ့ ဒီကိစ္စဟာ အမျိုးသားအကျိုးစီးပွားနဲ့ပတ်သက်နေလို့ တည်ဆဲအစိုးရဘက်ကနေ ရပ်တည်ဆောင်ရွက်သွားမှာဖြစ်ကြောင်းကိုလည်း ထပ်လောင်းပြောကြားလိုပါတယ်။ နိုင်ငံခြားရေး ဝန်ကြီးဌာနမှာနေတုန်းက နိုင်ငံခြားကို အခေါက်ရေတစ်ရာကျော်လောက်သွားဖူးပါတယ်။ ဒါပေမဲ့ အခု

မစ္စယန်ဟီလီ၏ဝတ်စားဆင်ယင်မှုမျိုးနဲ့တော့ ကျွန်တော်တစ်ခါမှနိုင်ငံခြားကို မသွားခဲ့ဖူးပါဘူး။ သာမန်တစ်ယောက်ဟာ Casual ဝတ်ထားလျှင်တောင်မှ လိုအပ်သလို သင့်တင့်စွာဝတ်စားဆင်ယင်ရပါတယ်။ ဒါကိုသိလျက်နဲ့ ကျွန်တော်တို့ကို Look down ဖြစ်လို့ ရည်ရွယ်ချက်ရှိရှိနဲ့ဝတ်လာ။ ဒါကိုသတင်းစာမှာ ဖော်ပြတာလည်း ကျွန်တော်ဘယ်လိုမှနားမလည်နိုင်ပါဘူး။ ဒီတစ်ခေါက် ၁၂ ရက်ကြာခရီးစဉ်ရဲ့ အစီရင်ခံစာမှာ ကောင်းတဲ့အချက်တချို့လည်းပါပါတယ်။ အဲဒါတွေကတော့ တပ်မတော်က ကလေးစစ်သား ၆၇ ဦးကို ပြန်လွှတ်ပေးတာ။ ဒါကို ကြိုဆိုတာ။ ပညာရေး၊ ကျန်းမာရေး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတွေရဲ့လုပ်ဆောင်မှုတွေကို ကြိုဆိုတာ။ Birth Certificate နှစ်သောင်းထုတ်ပေးတာကို ကြိုဆိုတာ စတဲ့အချက်များပဲဖြစ်ပါတယ်။ စာမျက်နှာငါးမျက်နှာရှိတဲ့ Statement မှာကျန်တာတွေကတော့ ယေဘုယျဆန်တဲ့ စွပ်စွဲချက်တွေသာဖြစ်ပါတယ်။ ကျွန်တော်တို့ Fact Finding Mission ကိုကျွန်တော်တို့က Dissociate လုပ်၊ ဗီဇာမပေး။ သူမကိုလည်း အဲဒီအတိုင်းပဲ လုပ်ဆောင်ခွင့်မပြုတဲ့အတွက်ကြောင့်မို့လို့ Roofless Accusation လုပ်တာကိုလည်း ကျွန်တော်တို့ သုံးသပ်ရပါတယ်။ သူမသွားချင်တဲ့နေရာတွေကိုသွားခွင့်မရတာ၊ တွေ့ချင်တဲ့သူတွေနဲ့ တွေ့ခွင့်မရတဲ့အပေါ်မှာတော့ အကြိုညှိနှိုင်းမှုတွေ အားနည်းခဲ့တယ်လိုပဲမြင်ပါတယ်။ လားရှိုးခရီးစဉ်မှာ ပြည်နယ်အစိုးရ Civil Society နဲ့တွေ့ဆုံခဲ့ပြီး တပ်မတော်အနေနဲ့ ရိုက်နှက်တာ၊ သတ်ဖြတ်တာနဲ့ Human Shield အဖြစ်နဲ့ ကျွန်တော်တို့ စစ်ဆင်ရေးတွေမှာဆောင်ရွက်ခဲ့တာကို Report ရှိတယ်လို့ ဖော်ပြထားပါတယ်။ ဒါဟာလည်း သူပုန်လော်ဘီကသော်လည်းကောင်း၊ သူပုန်ကသော်လည်းကောင်း၊ သူပုန်အားပေးတွေကလည်းကောင်း လုပ်ကြံဆောင်ရွက်တာလို့ ကျွန်တော်တို့ ယူဆပါတယ်။ ကျောက်ဖြူမှာ ကမန်ခေါင်းဆောင်နဲ့တွေ့ခဲ့ပါတယ်။ သူတို့က ရခိုင်နဲ့ပေါင်းနေဖို့ ပြဿနာမရှိကြောင်းပြောပေမဲ့ အဝေးကိုပို့ခံရတယ်လို့ပြောပါတယ်။ ပျဉ်ဖြူပေါ်မှာရှိတဲ့ Displaced Rakhine Community နဲ့တွေ့တဲ့အခါမှာလည်း သူတို့ကမူရင်းနေရာကိုပြန်ချင်ပေမဲ့ ကညင်တောကိုပဲ ရွှေ့ခဲ့ရတယ်လို့ပြောပါတယ်။ အခုလိုရွှေ့ပြောင်းမှုတွေဟာ ကွဲပြားခြားနားပြီး တညီတညွတ်တည်းမဟုတ်တဲ့အတွက် ဒီကပြန်လည်နေရာချထားမှုတွေနဲ့ပတ်သက်ပြီးတော့မှ စိုးရိမ်ပူပန်ကြောင်းလည်း သူမက ပြောကြားခဲ့ပါတယ်။ ပြီးခဲ့တဲ့ အောက်တိုဘာလ ၉ Attack မှာ ပါဝင်တဲ့ကုလားတွေကို အကျဉ်းထောင်မှာတွေ့ခဲ့ပြီး သူတို့ကိုဘာပုဒ်မနဲ့ဖမ်းတယ်။ ဘယ်လိုခုခံကာကွယ်ရမယ်ဆိုတာကို သူတို့ကမသိကြဘူးလို့ Statement မှာဖော်ပြထားပါတယ်။ တကယ်တော့ သီပေါမှာရှိတဲ့ ပုဒ်မ ၁၇(၁)နဲ့ဖမ်းထားတဲ့ သတင်းသမားတွေကိုပေးတွေ့ခဲ့ပြီး အဲဒီကုလားတွေကိုတော့ ပေးမတွေ့သင့်ဘူးလို့ ကျွန်တော်မြင်

ပါတယ်။ အဲဒီ Attack ပြီးတဲ့နောက်မှာ တပ်မတော်အနေနဲ့ စစ်ဆင်ရေးတွေမှာ လုံခြုံရေးတပ်ဖွဲ့ဝင်တွေရဲ့ ကျူးလွန်မှုတွေနဲ့ပတ်သက်ပြီးတော့မှ အစီရင်ခံစာရှိတယ်ဆိုပေမဲ့လည်း ဒါဟာလည်း ဘင်္ဂါလီဘက်က တစ်ဖက်သက်ရေးတဲ့အစီရင်ခံစာပဲ ဖြစ်မယ်လို့ပဲကျွန်တော်တို့က သုံးသပ်ပါတယ်။ ဒီအသေးစိတ်အစီရင်ခံစာကို အောက်တိုဘာလအတွင်းမှာကျင်းပမယ့် UNGA General Assembly မှာ အသေးစိတ်တင်ပြမှာဖြစ် ပြီး ဒီကြားထဲမှာ သိသာထင်ရှားတဲ့ တိုးတက်မှုရှိရင်တော့ အစီရင်ခံစာကို Reflect ရှိမယ်။ သိသာတဲ့ တိုးတက်မှုဆိုတာကလည်း ကိုဖီအာနန်ရဲ့ Advisory Commission, Interim Recommendation တွေ အပြည့်အဝလိုက်နာမှု၊ ဘေးဒုက္ခမထိအောင်ကြိုတင်ဆောင်ရွက်မှုနဲ့ Victims တွေကိုကူညီဆောင်ရွက်မှု စသဖြင့်ဖော်ပြထားပါတယ်။ မြန်မာနိုင်ငံအနေနဲ့ UN General Assembly ရဲ့ တတိယကော်မတီမှာ EU ကလူ့အခွင့်အရေးနဲ့ပတ်သက်ပြီးတော့မှ Resolution တင်ခံရတာ ၁၅ နှစ်ခန့်ရှိခဲ့ပါတယ်။ အဲဒီ Resolution ကိုမဲခွဲတဲ့အခါတိုင်း ကျွန်တော်မှတ်မိသလောက် ၂၆ မဲထက်ပိုမရဘူးပါဘူး။ ဒါကြောင့်မို့လို့ Resolution ကအတည် ဖြစ်ပါတယ်။ နိုင်ငံရေးဝန်ကြီးဌာနအနေနဲ့ Lobby တွေအများကြီးလုပ်ပါတယ်။ ဒါပေမဲ့လည်း ပြည်တွင်းပြည်ပကကန့်ကွက်တိုက်ခိုက်မှုနဲ့အတူ EU နဲ့ OIC တို့ကြီးစိုးနေတဲ့ UN မှာ ကျွန်တော်တို့အတော်လေးရုန်းကန်ခဲ့ရပါတယ်။ ဒါကို ၂၀၁၆ ခုနှစ်မှာ ကိုဖီအာနန်ဦးစီးတဲ့ Rakhine Advisory Commission ဖွဲ့စည်းခွင့်ပြုခဲ့တဲ့အတွက် EU က Resolution မတင်တော့ပါဘူး။ Resolution ပြုတ်သွားပါတယ်။ သာမန်အားဖြင့် ဒါကကောင်းပါတယ်။ ဒါပေမဲ့ EU ဟာ ဂျနီဗာမှာရှိတဲ့ Human Right Commission မှာ ပြီးခဲ့တဲ့ဖေဖော်ဝါရီလက Recommendation တင်ပြီးတော့မှ မြန်မာနိုင်ငံကို Fact Finding Mission စေလွှတ်ဖို့ မဲမခွဲဘဲနဲ့ အတည်ပြုခဲ့ပါတယ်။ ဒီအဖွဲ့ကို ကျွန်တော်တို့က လက်မခံတဲ့အတွက် Special Reporter ဖြစ်တဲ့ မစ္စယန်ဟီလီနဲ့လှည့်ပြီးတော့မှ ဖိအားပေးတာပဲဖြစ်ပါတယ်။ ကိုဖီအာနန်ကော်မရှင်ရဲ့ Recommendation တွေကို လိုက်နာဆောင်ရွက်ရန်မလိုကြောင်း ဒုတိယဝန်ကြီးတစ်ဦးက လွှတ်တော်မှာလာရှင်းပြပေမဲ့ အခုတော့ ယန်ဟီလီက ဒီ Recommendation တွေအားလုံးကို အပြည့်အဝ ဆောင်ရွက်ဖို့အတွက် ဖိအားပေးနေပါပြီ။ ဒီတော့ ကိုဖီအာနန်ကော်မရှင်ကလည်း ရှိမြဲ၊ ဖိမြဲ၊ တစ်ဖက်က ယန်ဟီလီကလည်း အောက်တိုဘာလမှာလုပ်မယ့် UN General Assembly မှာ Report တင်မယ်။ Third ကော်မတီမှာ တကယ်လို့များနိုင်ငံတစ်ခုခုက Resolution တင် မဲခွဲမယ်ဆိုလို့ရှိရင် Resolution က Adopted ဖြစ်မှာ သေချာပါတယ်။ ဒါဆိုလို့ရှိရင်တော့ Resolution နဲ့ ကိုဖီအာနန်ကော်မရှင် အလဲအထပ်လုပ်ထားတဲ့ ကျွန်တော်တို့ မိအေးနှစ်ခါနာရမယ့်ကိန်းပဲ

ဖြစ်ပါတယ်။ ကျွန်တော်တို့က အချုပ်အခြာအာဏာပိုင်နိုင်ငံပါ။ UN ကပဲဖြစ်စေ၊ နိုင်ငံတကာ ကဖြစ်စေ Binding မရှိတဲ့ Resolution တွေ Pressure တွေကို ကျသည်မလွဲလိုက်လုပ်နေမယ်ဆိုလို့ရှိရင်တော့ ဗိုလ်ချုပ်ပြောတဲ့နိုင်ငံလိုဖြစ်မှာ မလွဲပါဘူး။ ဒါကြောင့် ယန်ဟီးလီရဲ့အစီရင်ခံစာကို ပြင်းထန်စွာ ကန့်ကွက်တဲ့အဆိုကို လေးလေးနက်နက်ထောက်ခံပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့လည်း လွှတ်တော်မှာ ဒီလောက်ဆွေးနွေးနေတာနဲ့တင် ကျေနပ်မနေနဲ့ဘဲနဲ့ သံတမန်မျက်နှာစာကနေပြီးတော့ မှ အမျိုးသားအကျိုးစီးပွားနဲ့ အချုပ်အခြာအာဏာကို ကိုင်တွယ်ဖို့တိုက်တွန်းကြောင်း ဥက္ကဋ္ဌကြီးမှ တစ်ဆင့်လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးအောင်သောင်းရွှေ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးအောင်သောင်းရွှေ(ဘူးသီးတောင်မဲဆန္ဒနယ်)**။ ။ အားလုံး သာလေစွပါလို့ နှုတ်ဆက်လိုက်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်းရွှေပါ။ အိမ်မဲမဲဆန္ဒနယ်က ဒေါ်သန္တာတင်သွင်းတဲ့ အရေးကြီးအဆိုကို ဖြည့်စွက်အကြံပြု ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံဟာ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ကုလသမဂ္ဂအဖွဲ့နဲ့ ပူးပေါင်းဆောင်ရွက်နေပါလျက် ကုလသမဂ္ဂအနေဖြင့် မြန်မာနိုင်ငံရဲ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်နေတယ်ဆိုတာ ကုလသမဂ္ဂအထူးကိုယ်စားလှယ် မစ္စယန်ဟီလီရဲ့ တစ်ဖက်သတ်အစီရင်ခံစာနဲ့ သတင်းထုတ်ပြန်ချက်တွေက သက်သေပြနေပြီးဖြစ်ပါတယ်။ ကုလသမဂ္ဂအဖွဲ့အစည်းများနဲ့ နိုင်ငံတကာအဖွဲ့အစည်းများဟာ မြန်မာပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်နေတယ်ဆိုတဲ့ ရှုထောင့်ကနေပြီး မိမိတို့ရခိုင်ပြည်နယ်၊ မောင်တော၊ ဘူးသီးတောင်ဒေသအခြေအနေနဲ့ နှိုင်းယှဉ်ပြီးတော့ ဒေါ်သန္တာရဲ့အဆိုကို ဖြည့်စွက်အကြံပြုထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ UNHCR အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများဟာ ကျွန်တော်တို့ ဘူးသီးတောင်၊ မောင်တောဒေသကို ၁၉၉၄ ခုနှစ်ကတည်းကစပြီး ဝင်ရောက်နေတာ ယခုအထိ အဖွဲ့ပေါင်း ၁၆ ဖွဲ့နဲ့ နှစ်ပေါင်း ၂၀ ကျော်ခန့် တစ်ဖက်သတ် ဘင်္ဂါလီလူမျိုးများကို ကူညီပေးလျက်ရှိနေပါတယ်။ ဒီအဖွဲ့တွေမဝင်ရောက်ခင်က ကျွန်တော်တို့ဒေသမှာ ဘာပြဿနာမှမရှိခဲ့ပါဘူး။ ဒီအဖွဲ့တွေဟာ နိုင်ငံတကာအလှူငွေတွေကို ရရှိနိုင်ဖို့အတွက် ဘင်္ဂါလီလူမျိုးတွေကို ခွဲခြားဆက်ဆံခံနေရပါတယ်ဆိုတဲ့ နည်းမျိုးစုံနဲ့ ကမ္ဘာ့သနားစရာလူသားတွေအဖြစ် ပုံဖော်ဖန်တီးနေကြပါတယ်။ ကျွန်တော်ကိုယ်တိုင်ဒီအဖွဲ့မှာ နှစ်ပေါင်း ၁၀ ခန့် လုပ်ကိုင်ခဲ့သူတစ်ယောက်ပါ။ ၂၀၁၂ ခုနှစ်၊ ဇွန်လ ၈ ရက်နေ့က မောင်တောမြို့နယ်မှာ တိုင်းရင်းသား

ကျေးရွာတွေကို ဘင်္ဂါလီအကြမ်းဖက်သမားတွေက မီးရှို့သတ်ဖြတ်မှုဖြစ်စဉ်လုပ်ရှားမှုက ဘူးသီးတောင်၊ မောင်တောဒေသက ကုလသမဂ္ဂလက်အောက်ခံအဖွဲ့တွေရဲ့ဝန်ထမ်းတွေ ပါဝင်ပတ်သက်နေတဲ့အတွက် အဲဒီတုန်းက အရေးယူအပြစ်ပေးခဲ့တဲ့ အထောက်အထားသာဓကတွေရှိပါတယ်။ ဒီနေရာမှာ အဖွဲ့အစည်းနာမည်နဲ့ လူပုဂ္ဂိုလ်စာရင်းကိုတော့ အချိန်ကိုငဲ့ညှာသောအားဖြင့် မပြောလိုတော့ပါဘူး။ တဖန် ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်နေ့မှာ မောင်တောမြို့နယ်မှာ ဒုရှီးရားတန်းဘင်္ဂါလီကျေးရွာမှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် တပ်ကြပ်ကြီးအောင်ကျော်သိန်း လုပ်ကြံသတ်ဖြတ်မှုခံရတဲ့ကိစ္စနဲ့ပတ်သက်ပြီးတော့ အမှန်တကယ် ရာဇဝတ်ကျူးလွန်သူ ဘင်္ဂါလီအကြမ်းဖက်သမားများဘက်က ရပ်တည်ပြီး UN အကြီးအကဲဆိုသူ မစ္စဘီလာရီအဲမွတ်က ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်နေ့စွဲနဲ့ သတင်းမှားလုပ်ကြံဖန်တီးပြီးတော့ ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့တာရှိပါတယ်။ ဆက်လက်ပြီးတော့ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်မှာပဲ AZG/MSE အဖွဲ့အကြီးအကဲဆိုသူ ပီတာပေါလ်ဒီဂုတ် ရာဇဝတ်ကျူးလွန်သူ အကြမ်းဖက်သမားများဘက်ကရပ်တည်ပြီးတော့ ဒဏ်ရာရသူများကို ဆေးကုသပေးရပါတယ်ဆိုပြီး ကာကွယ်ခဲ့တာရှိပါတယ်။ ဒီသတင်းတွေကို Ayeyawaddy AP သတင်းဌာနတွေကလည်း လုပ်ကြံဖန်တီးပြီးတော့ ရေးသားခဲ့တာရှိပါတယ်။ အခုတစ်ခါ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၉၊ ၁၀ ရက်နေ့က နယ်ခြားစောင့်ဌာနချုပ်အပါအဝင် စခန်းသုံးခုကို ဘင်္ဂါလီအကြမ်းဖက်သမားများက တိုက်ခိုက်သိမ်းပိုက်ပြီး လက်နက်များကိုပါ သိမ်းယူသွားခဲ့တဲ့အတွက် တပ်မတော်က နယ်မြေရှင်းလင်းမှုများပြုလုပ်ခဲ့ရပါတယ်။ ရဲတပ်ဖွဲ့ဝင်ကိုးဦးနဲ့ တပ်မတော်သားငါးဦး ကျဆုံးခဲ့တာလည်းရှိတယ်။ ဒါတွေကို ကုလသမဂ္ဂအဖွဲ့တွေက ဘင်္ဂါလီများဘက်က ရပ်တည်ပြီး တပ်မတော်က လူ့အခွင့်အရေးချိုးဖောက်နေပါတယ်ဆိုပြီး အကြမ်းဖက်သမား ဘင်္ဂါလီများဘက်က ရပ်တည်ပြီးတော့ နိုင်ငံတကာစုံစမ်းစစ်ဆေးရေးအဖွဲ့တွေ ဝင်လာအောင်အထိ လှုံ့ဆော်ပေးနေတယ်ဆိုတာ ထင်ထင်ရှားရှားသိရှိပြီးဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုလိုအခြေအနေမျိုးမှာ ရခိုင်ကော်မရှင်အဖွဲ့တွေနဲ့ အစိုးရအဖွဲ့တွေက ရခိုင်အရေးကိုသုံးသပ်တဲ့အခါမှာ နှစ်ဖက်လူ့အသိုင်းအဝိုင်းပြဿနာဖြစ်နေသလို ဖန်တီးပုံဖော်နေဖို့ မသင့်တော်ကြောင်း တင်ပြလိုပါတယ်။ ရခိုင်အရေးဟာ မြန်မာနိုင်ငံအစိုးရနဲ့ နယ်မြေရလိုသူဘင်္ဂါလီအစွန်းရောက်တွေကြား ဖြစ်ပေါ်နေတဲ့ကိစ္စမှာ ကုလသမဂ္ဂနဲ့ နိုင်ငံတကာအဖွဲ့တွေက ဝင်ရောက်စွက်ဖက်နှောင့်ယှက်နေတဲ့ ပြဿနာဖြစ်ကြောင်း တင်ပြလိုပါတယ်။ ကုလသမဂ္ဂနဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေဟာ ပြည်ထောင်စုအစိုးရနဲ့ ဘယ်လိုပဲသဘောတူညီမှုတွေနဲ့ MOU လုပ်ပြီးလာတယ်ဆိုတာ ဒေသခံအာဏာပိုင်အဖွဲ့တွေနဲ့ ဒေသခံတိုင်းရင်းသားပြည်သူတွေက

မသိကြပါဘူး။ သူတို့ဝန်ထမ်းတွေနဲ့သူတို့ သွားချင်တဲ့နေရာသွားပြီး လုပ်ချင်သလိုလုပ်နေကြတဲ့ ကျွန်တော်တို့ရခိုင်ဒေသလိုနေရာမျိုးမှာ ဒီအဖွဲ့တွေရှိနေခြင်းဟာ ဒေသတွင်းပြဿနာဖြစ်အောင်၊ ပဋိပက္ခဖြစ်အောင် ဖန်တီးပေးနေသလိုဖြစ်နေပါတယ်။ ဒါကြောင့် ရခိုင်ဒေသအတွင်း ပြဿနာ ပဋိပက္ခမဖြစ်ပေါ်ရအောင် ကုလသမဂ္ဂအဖွဲ့နဲ့ နိုင်ငံတကာအဖွဲ့အစည်းများအား တားဆီးပေးပါရန် အကြံပြုတိုက်တွန်းလိုပါတယ်။ နိဂုံးချုပ်အနေနဲ့ပြောရရင် လူ့အခွင့်အရေး လူသားချင်းစာနာ ထောက်ထားရေးတွေကိုဗန်းပြပြီး နိုင်ငံတစ်နိုင်ငံရဲ့ ပြည်တွင်းရေး၊ တရားဥပဒေစိုးမိုးရေးတို့မှာ ဝင်ရောက်စွက်ဖက်ရာရောက်နေတဲ့ ကုလသမဂ္ဂနဲ့ နိုင်ငံတကာအဖွဲ့များရဲ့ လုပ်ရပ်များကို လည်းကောင်း၊ လူ့အခွင့်အရေး အထူးကိုယ်စားလှယ်ဖြစ်သူ မစ္စယန်ဟီလီရဲ့ အစီရင်ခံစာနဲ့ သတင်းထုတ်ပြန်ချက်များကိုလည်းကောင်း ပြင်းထန်စွာကန့်ကွက်ပါကြောင်း အရေးကြီးအဆိုကို ဖြည့်စွက်အကြံပြုထောက်ခံဆွေးနွေးလိုက်ရပါ တယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါ်ယဉ်မင်းလှိုင်(ဂန့်ဂေါမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များရှင့်။ ကျွန်မကတော့ ဂန့်ဂေါမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်မင်းလှိုင် ဖြစ်ပါတယ်။ ကျွန်မက ဒီနေ့ အိမ်မဲမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်သန္တာရဲ့အရေးကြီးအဆိုကို ထောက်ခံဆွေးနွေး သွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ ကုလသမဂ္ဂရဲ့ မြန်မာနိုင်ငံဆိုင်ရာ အထူး လူ့အခွင့်အရေးကော်မရှင် အစီရင်ခံစာတင်သွင်းသူ မစ္စယန်ဟီလီဟာ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ(ဒီလ) ၁၀ ရက်နေ့ကနေ ၂၀ ရက်နေ့အထိ မြန်မာနိုင်ငံကို ခရီးစဉ်လာရောက်ခဲ့တာဖြစ်ပါတယ်။ ၂၁ ရက်နေ့ မှာ ရန်ကုန်မြို့ Chatrium ဟိုတယ်မှာ သတင်းစာရှင်းလင်းပွဲလုပ်ပြီး ဒီခရီးစဉ်နှင့်ပတ်သက်ပြီးတော့ သတင်းထုတ်ပြန်ချက်ပြုလုပ်ခဲ့ပါတယ်။ အဲဒီသတင်းထုတ်ပြန်ချက်မှာ အခြေအမြစ်မရှိတဲ့စွပ်စွဲချက် တွေကို အခြေခံပြီးတော့ မှားယွင်းတဲ့အချက်အလက်တွေ၊ ခိုင်မာမှုမရှိတဲ့ ယေဘုယျစွပ်စွဲချက်တွေကို အသုံးပြုထားတာကို တွေ့ရှိရတဲ့အတွက် မြန်မာနိုင်ငံရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေ၊ ပြဿနာတွေ ဖြေရှင်းဆောင်ရွက်နေရတဲ့အခါမှာ တွေ့ရှိတဲ့အခက်အခဲတွေကို ထင်ဟပ်ဖော်ပြခြင်းမရှိတဲ့အတွက် အထူးစိတ်ပျက်မိတယ်လို့ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနက အဲဒီ ၂၁ ရက်နေ့မှာပဲ သတင်းထုတ်ပြန်ထားပါတယ်။

ဒီအထူးအစီရင်ခံစာတင်သွင်းမယ့် မစ္စယန်ဟီလီဟာ သူ့ရဲ့ထုတ်ပြန်ချက်ကို လေ့လာကြည့်တဲ့ အခါမှာ စိတ်ခံစားမှုကို ဦးစားပေးပြီးတော့ အခြေအမြစ်မရှိတဲ့စွပ်စွဲချက်တွေကို မှန်သလား/ မှားသလား။ ရဋ္ဌာဘူတကျကျမဆုံးဖြတ်ဘဲနဲ့ အခြေအမြစ်မရှိတဲ့ စွပ်စွဲချက်တွေကိုနားဝင်ပြီးတော့ တစ်ဖက်စောင်းနင်းသဘောများစွာပါဝင်နေတာကို တွေ့ရှိရပါတယ်။ မြန်မာဘက်ကဆောင်ရွက်တဲ့ ဆောင်ရွက်ချက်တွေကို အပြုသဘောနဲ့ ထည့်သွင်းဖော်ပြခြင်းမရှိခဲ့တာကိုလည်း တွေ့ရှိရပါတယ်။ နောက်ပြီးတော့ ဒီအခြေအမြစ်မရှိတဲ့စွပ်စွဲချက်တွေကို မှန်ကန်မှုမရှိဘူးဆိုတာကို ကြောင်းကျိုးညီညွတ်စွာ ပြောကြားတဲ့ပြောကြားချက်တွေကို ဘယ်ပြောကြားချက်တွေကိုမှ လက်ခံမှာမဟုတ်တဲ့ အပြုသဘောမဆောင်တဲ့သဘောထားနဲ့ လာရောက်တယ်ဆိုတာကိုလည်း သိသာထင်ရှားစွာ တွေ့ရှိရပါတယ်။ ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီက ဖွဲ့ပေးလိုက်တဲ့အချက်အလက်ရှာဖွေရေးအဖွဲ့ကို Visa ပေးရန်ငြင်းခြင်းနဲ့ ၎င်းရဲ့ခရီးစဉ်ကို ကန့်သတ်ချက်အသစ်တွေထားရှိခြင်းကို၊ နောက်အချက်အလက်ရှာဖွေရေးအဖွဲ့ရဲ့လုပ်ငန်းတွေ လုပ်ဆောင်မှာမဟုတ်လို့ အာမခံချက်တောင်းတာကို အံ့အားသင့်တယ်လို့ ၎င်းရဲ့ထုတ်ပြန်ချက်မှာ ပါရှိပါတယ်။ နောက် ၎င်းရဲ့ လွတ်လပ်စွာလုပ်ပိုင်ခွင့်ကို စော်ကားတယ်လို့ ပါရှိပါတယ်။

ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီရဲ့ Agenda Four အောက်မှာဆွေးနွေးနေတဲ့ နိုင်ငံအချို့မှာ မြန်မာနိုင်ငံသည်သာ ၎င်း၏ခရီးစဉ်ကို ပုံမှန်လက်ခံနေတာဖြစ်ပါတယ်။ ဒီကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ (၃၄)ကြိမ်မြောက်အစည်းအဝေးမှာ နိုင်ငံတကာအချက်အလက်ရှာဖွေရေးအဖွဲ့လွှတ်ရန် ဆုံးဖြတ်ချက်ကို မြန်မာနိုင်ငံက လုံးဝမပတ်သက်ဘူးဆိုပြီး Dissociated လုပ်ထားပါတယ်။ ဒီလို Dissociated လုပ်ထားပေမဲ့ ကုလသမဂ္ဂနှင့်ပူးပေါင်းဆောင်ရွက်ခြင်းသည် မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒရဲ့အခြေခံမူဖြစ်တယ်ဆိုတာကို စွဲကိုင်ကျင့်သုံးပြီးတော့ ၎င်းရဲ့ခရီးစဉ်ကို လက်ခံခြင်းဖြစ်တယ်ဆိုတာ နိုင်ငံတော်အတိုင်ပင်ခံရုံးက သတင်းထုတ်ပြန်ထားတာမှာ ပါရှိပါတယ်။ ဒီလိုအပြုသဘောဆောင်ပြီးတော့ ပူးပေါင်းဆောင်ရွက်မှုကို မျက်ကွယ်ပြုပြီးတော့ တစ်ဖက်သတ်စွပ်စွဲချက်တွေအပေါ်မှာအခြေပြုပြီးတော့ မိမိရဲ့စိတ်ခံစားချက်အပေါ်မှာမူတည်ပြီး ထုတ်ပြန်ထားတဲ့ မစ္စယန်ဟီလီရဲ့ထုတ်ပြန်ချက်မှာ ထင်ထင်ရှားရှားပေါ်လွင်နေပါတယ်။ နောက်ပြီးတော့ မြန်မာနိုင်ငံကို နိုင်ငံတကာအချက်အလက်ရှာဖွေရေးအဖွဲ့စေလွှတ်ရန် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ (၃၄) ကြိမ်မြောက်အစည်းအဝေးမှာ ဆုံးဖြတ်တဲ့ဆုံးဖြတ်ချက်ဟာ အခြေအမြစ်မရှိတဲ့စွပ်စွဲချက်တွေအပေါ်မှာ

အခြေခံတယ်။ မြန်မာနိုင်ငံရင်ဆိုင်နေရတဲ့ရှုပ်ထွေးမှုတွေ၊ စိန်ခေါ်မှုတွေကို ပိုမိုဆိုးရွားစေတယ်ဖြစ်တဲ့အတွက် မြန်မာနိုင်ငံက Dissociated လုပ်ခဲ့တာဖြစ်ပါတယ်။

နောက်ပြီးတော့ မစ္စယန်ဟီလီဟာ မြန်မာနိုင်ငံမြောက်ပိုင်း ကချင်ပြည်နယ်နဲ့ ရှမ်းပြည်နယ်အတွက် လူ့အခွင့်အရေးကောင်စီအထူးအစည်းအဝေးခေါ်ရန် တိုက်တွန်းသူဖြစ်ပါတယ်။ နောက် ရခိုင်ပြည်နယ်အတွက် အထူးစုံစမ်းစစ်ဆေးရေးကော်မရှင်ဖွဲ့ရန် အကြံပြုသူဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မြန်မာနိုင်ငံကို ၎င်းလာတဲ့အခါမှာ ဒီအချက်အလက်ရှာဖွေရေးအဖွဲ့နဲ့ မသက်ဆိုင်ကြောင်း၊ မိမိတို့နိုင်ငံက Dissociated လုပ်ထားတဲ့ အချက်အလက်ရှာဖွေရေးအဖွဲ့နဲ့ မသက်ဆိုင်ကြောင်း အာမခံချက်တောင်းတာဟာ ကျွန်မတို့နိုင်ငံဟာ အချုပ်အခြာအာဏာပိုင်နိုင်ငံဖြစ်တဲ့အတွက် လုံးဝ ဒီတောင်းဆိုချက်ဟာ တရားမျှတကြောင်းကို တင်ပြလိုပါတယ်။ ဒီလိုကန့်သတ်ချက်လုပ်တာဟာ ၎င်းကို စော်ကားတယ်ဆိုတာဟာ စိတ်ခံစားမှုကိုဦးစားပေးပြီးတော့ ပြောကြားခြင်းဖြစ်လို့ ယခု ဒေါ်သန္တာ တင်သွင်းတဲ့ အပြင်းအထန်ကန့်ကွက်ချက်ကို ကျွန်မတို့ကလည်း လေးလေးနက်နက်ထောက်ခံကြောင်းကို တင်ပြရင်းနဲ့ နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါ်နီနီမေမြင့် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါ်နီနီမေမြင့်(တောင်ကုတ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါရှင်။ ကျွန်မကတော့ ရခိုင်ပြည်နယ်၊ တောင်ကုတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နီနီမေမြင့် ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်နေ့က အိမ်မဲမဲဆန္ဒနယ်မှ ဒေါ်သန္တာ တင်သွင်းခဲ့တဲ့ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်နေ့တွင် ကုလသမဂ္ဂရဲ့ မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စယန်ဟီလီရဲ့ သတင်းထုတ်ပြန်ချက်အား ပြင်းထန်စွာကန့်ကွက်ကြောင်းအရေးကြီးအဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့ မြန်မာနိုင်ငံအနှံ့အပြားမှာ ဒီနေ့ထက်အထိ လူ့အခွင့်အရေးချိုးဖောက်ခံရမှုဖြစ်စဉ်တွေဟာ ဖြေရှင်းဆောင်ရွက်မှုရှိနေသေးတယ်ဆိုတာကို ကျွန်မတို့ မီဒီယာတွေကတစ်ဆင့် နောက်ပြီး မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရဲ့ နှစ်ပတ်လည်အစီရင်ခံစာမှာရောပဲ အများကြီးရှိနေသေးတယ်ဆိုတာကို ကြားသိနေရပါတယ်။ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် စတဲ့ တချို့ပြည်နယ်တွေမှာ ပြည်တွင်းစစ်နှင့်အတူ နှစ်ပေါင်းများစွာ ပဋိပက္ခလူ့အခွင့်အရေးချိုးဖောက်မှုများကို

လျော့ကျအောင်ဆောင်ရွက်မှုတွေ ရှိနေပါသေးတယ်။ သို့သော် အခု ကျွန်မတို့ ရခိုင်ပြည်နယ်ရဲ့ ဖြစ်စဉ်တွေနဲ့ ယှဉ်ကြည့်ရင် ကွဲပြားနေတာကို အားလုံးလည်း သိရှိပြီးဖြစ်ပါတယ်။ အမှတ်တမဲ့ အပေါ်ယံကိုကြည့်မယ်ဆိုရင် လူမျိုးရေးအသွင်ဆောင်နေပေမဲ့ တကယ်တော့ နိုင်ငံရေးအသွင်သဏ္ဌာန် ဆောင်နေတဲ့ဖြစ်စဉ်တွေကို တွေ့ရှိနေရပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ တကယ်ဆိုရင် အစိုးရသစ်တက်လာပြီး နောက်ပိုင်းမှာ ရခိုင်ပြည်နယ်မှာဖြစ်ပွားနေတဲ့ပြဿနာတွေကို သိမ်မွေ့နူးညံ့သောနည်းဖြင့် ဖြေရှင်းရန် ကြိုးစားခဲ့တာကို ပြည်တွင်းရော၊ ပြည်ပနိုင်ငံများကပါ အားလုံးအသိပဲဖြစ်ပါတယ်။ ကုလသမဂ္ဂ အတွင်းရေးမှူးဟောင်း မစ္စတာကိုဖီအာနန်ဦးဆောင်သော အကြံပေးကော်မရှင်ရဲ့ အကြံပြုချက်များ အတိုင်း ပဋိပက္ခဖြစ်ပေါ်နေတဲ့ ဘက်နှစ်ဖက်လုံး လူသားချင်းစာနာထောက်ထားမှု၊ နေရာပြန်လည် ချထားပေးမှု၊ အခက်အခဲဖြစ်ပွားနေတဲ့ မွေးစာရင်းမှတ်ပုံတင်ကိစ္စများကို ဖြေရှင်းပေးရန် စတဲ့အချက် အလက်များပါဝင်တဲ့ အကြံပြုချက်အတိုင်း အစိုးရက ကြိုးစားလုပ်ဆောင်နေတာကို တွေ့မြင်နေရပါ တယ်။

ဥက္ကဋ္ဌကြီးရှင့်။ သို့ပေမဲ့လည်း အထူးကိုယ်စားလှယ် မစ္စယန်ဟီလီရဲ့ သတင်းထုတ်ပြန်ချက်မှာ ကျတော့ အားလုံးလုပ်ဆောင်ချက်တွေထဲကမှ မွေးစာရင်း ၂၀၀၀၀ ကျော်ထုတ်ပေးခဲ့တာကိုပဲ ပြောကြားသွားတာကို တွေ့ရပါတယ်။ အမှန်တကယ်ကျတော့ အစ္စလာမ်ဘာသာကိုးကွယ်တဲ့ ကမ္မန် အိမ်ထောင်စု ၅၅ စုကို ရန်ကုန်မြို့တွင် ရွှေ့ပြောင်းနေထိုင်ခွင့်ပြုခဲ့ပြီးဖြစ်ပါတယ်။ ဒီနေရာမှာ နိုင်ငံတော်အစိုးရရဲ့လုပ်ဆောင်ချက်တွေကိုလည်း ထုတ်ဖော်ပြောသင့်သလို အားနည်းချက်တွေကို လည်း ထုတ်ဖော်ပြောကြားမယ်ဆိုရင် မျှတတဲ့သတင်းထုတ်ပြန်ချက်တစ်ရပ် ဖြစ်လာနိုင်ပါတယ်။ အထူးကိုယ်စားလှယ်ရဲ့ လေ့လာကြည့်ရှုမှုတွေဟာ ထင်သလောက်ခရီးမပေါက်ခဲ့တာဖြစ်နိုင်ပေမဲ့ ရခိုင်ပြည်နယ်အရေးနှင့်ပတ်သက်ပြီးတော့ နိုင်ငံတော်မှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ချက်များကို မြန်မာဘာသာရော၊ အင်္ဂလိပ်ဘာသာစကားနှင့်ပါ ထုတ်ပြန်ခဲ့တာတွေကိုလည်း အားလုံးလေ့လာပြီး ဖြစ်ပါတယ်။ ဒါကြောင့် အထူးကိုယ်စားလှယ်ဟာ ကုလသမဂ္ဂအထွေထွေညီလာခံမှာ အစီရင်ခံစာ မတင်မီ အရေးကြီးအဆိုမှတစ်ဆင့် ကြားသိနိုင်စေရေးအတွက် ဆွေးနွေးရခြင်းဖြစ်ပါတယ်ရှင်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မက လူငယ်အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ် တစ်ယောက်အနေနဲ့ ပြောရမယ်ဆိုရင် ရခိုင်အရေးကို အနာဂတ်လူငယ်အရေးအတွက် ပိုပြီးစိတ်ပူပန် မိပါတယ်။ ပဋိပက္ခဖြစ်စဉ်တွေကို အခွင့်ကောင်းယူပြီး မူးယစ်ဆေးဝါးထုတ်လုပ်မှု၊ ဖြန့်ချိမှု၊ လူကုန်ကူး

မှုတွေဖြစ်ပွားလျက်ရှိပြီးတော့ လူငယ်ထုတော်တော်များများဟာ အလုပ်အကိုင်ရှားပါးမှုဖြစ်စဉ်တွေကြောင့် ရွှေ့ပြောင်းအလုပ်သမားဘဝတွေကိုရောက်နေကြရပါတယ်။ တကယ်တော့ ရခိုင်ပြည်နယ်ကိစ္စဟာ တရားဥပဒေစိုးမိုးရေးနှင့် အများကြီးပတ်သက်ဆက်နွှယ်နေပါတယ်။ တရားဥပဒေစိုးမိုးရေးဖြေရှင်းရင်းနှင့် လူ့အခွင့်အရေးကိစ္စကိုပါ တွဲပြီးလုပ်ဆောင်တဲ့နေရာမှာ နှစ်ဖက်အသိုင်းအဝိုင်းမှ ပံ့ပိုးကူညီမှု၊ ပူးပေါင်းပါဝင်မှုဟာ အင်မတန်မှအရေးကြီးပါတယ်ရှင့်။ တကယ့်မြေပြင်မှာဖြစ်နေတဲ့အဖြစ်အပျက်တွေ၊ အခြေအနေမှန်တွေကိုပါ အစီရင်ခံစာမှာ ပြည့်စုံစွာဖော်ပြနိုင်ပါမှ နိုင်ငံတကာမှလည်း ရခိုင်ပြည်နယ်ကိစ္စကို ကူညီနိုင်မှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ နိဂုံးချုပ်အနေနဲ့ ကျွန်မ ဒီအဆိုကိုထောက်ခံရတဲ့အကြောင်းအရင်းက ကုလသမဂ္ဂအထူးကိုယ်စားလှယ် မစ္စယန်ဟီလီရဲ့ အစီရင်ခံစာမှာ ပကတိအခြေအနေမှန်တွေကို ပြည့်စုံစွာထည့်သွင်းတင်ပြမှသာလျှင် ကျွန်မတို့ ရခိုင်ပြည်နယ်ရဲ့ တည်ငြိမ်အေးချမ်းမှု၊ နိုင်ငံ၏ အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုများကို ကုလသမဂ္ဂနှင့် နိုင်ငံတကာမှ နည်းမှန်လမ်းမှန်ကူညီနိုင်မှာဖြစ်တဲ့အတွက် ဒေါ်သန္တာ၊ အိမ်မဲမဲဆန္ဒနယ်မှ တင်သွင်းတဲ့အရေးကြီးအဆိုကို လေးလေးနက်နက်ထောက်ခံအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နေ့လယ်စာစားသုံးရန်အတွက် အစည်းအဝေးကို ခေတ္တရပ်နားပါမယ်။ နေ့လယ် ၁ နာရီမှာ အစည်းအဝေးပြန်လည်ကျင်းပမှာဖြစ်ပါတယ်။

**အချိန်၊ ၁၁း၄၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

အစည်းအဝေးကို တစ်နာရီခန့် ခေတ္တရပ်နားပါသည်။

**အချိန်၊ ၁၃း၀၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးထွန်းထွန်း(ပွင့်ဖြူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများ အားလုံးမင်္ဂလာပါလို့ ဦးစွာပဏာမ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဖြစ်ပါတယ်။ ကျွန်တော်က ဒေါ်သန္တာ၊ အိမ်မဲမဲဆန္ဒနယ် ကတင်သွင်းတဲ့ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်နေ့တွင် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စယန်ဟီလီ၏ သတင်းထုတ်ပြန်ချက်အား ပြင်းထန်စွာကန့်ကွက်ကြောင်းအရေးကြီးအဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစား အပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေ ဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စယန်ဟီလီဟာ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၀ မှ ၂၁ ရကအထိ မြန်မာနိုင်ငံသို့ ဆဋ္ဌမအကြိမ် လာရောက်ခဲ့ပါတယ်။ ခရီးစဉ်ရဲ့နောက်ဆုံးနေ့ဖြစ်တဲ့ ဇူလိုင်လ ၂၁ ရက်နေ့ညနေအချိန် ရန်ကုန်မြို့ Chatrium ဟိုတယ်၌ သတင်းစာရှင်းပွဲပြုလုပ်ခဲ့ပြီး ခရီးစဉ်နှင့် စပ်လျဉ်းတဲ့ ခရီးစဉ်အပြီး ထုတ်ပြန်ချက်တစ်စောင် ထုတ်ပြန်ခဲ့ပါတယ်။ ယင်းထုတ်ပြန်ချက်တွင် ယေဘုယျဆန်သော စွပ်စွဲချက်များနှင့် မှားယွင်းသောအချက်အလက်များစွာ ပါဝင်နေတာကို သတင်း ထုတ်ပြန်ချက်အရ သိရှိရပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အတိုင်ပင်ခံရုံး၏ သတင်း ထုတ်ပြန်ချက်မှာ ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ (၃၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေးက မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေနှင့်ပတ်သက်၍ နိုင်ငံတကာအချက်အလက်များရှာဖွေရေးအဖွဲ့ ဖွဲ့စည်းစေလွှတ်ရန် ပါဝင်သောဆုံးဖြတ်ချက်တစ်ရပ် ချမှတ်ခဲ့ကြောင်း၊ အထူးအစီရင်ခံစာတင်သွင်းသူ ၏ သက်တမ်းကိုလည်းတိုးခဲ့ကြောင်း၊ ယင်းဆုံးဖြတ်ချက်သည် အခြေအမြစ်မရှိသော စွပ်စွဲချက်များကို အခြေခံထားကြောင်း ဖော်ပြထားပါတယ်။ ဒါ့အပြင် နိုင်ငံတကာအချက်အလက်ရှာဖွေရေးအဖွဲ့ဖွဲ့စည်း ခြင်းသည် မြန်မာနိုင်ငံရဲ့ လက်ရှိရင်ဆိုင်နေရတဲ့ ရှုပ်ထွေးမှုပြဿနာများနှင့် စိန်ခေါ်မှုများကို ဖြေရှင်း နိုင်မည်ထက် ပိုမိုဆိုးရွားစေမည်ဖြစ်သောကြောင့် မြန်မာနိုင်ငံက အဆိုပါဆုံးဖြတ်ချက်တစ်ခုလုံးကို ပါဝင်ပတ်သက်ခြင်းမပြုဘဲ Dissociated ပြုလုပ်ခဲ့ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံးမှ သတင်း ထုတ်ပြန်ချက်မှာ ပါရှိပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ကုလသမဂ္ဂနှင့်ပူးပေါင်းဆောင်ရွက်ခြင်းဟာ မြန်မာ

နိုင်ငံ နိုင်ငံခြားရေးမူဝါဒ၏ အခြေခံမူတစ်ရပ်ဖြစ်တဲ့အတွက် ထိုဆုံးဖြတ်ချက်အား ပါဝင်ပတ်သက်ခြင်း မပြုခဲ့သော်လည်း အထူးအစီရင်ခံစာတင်သွင်းသူ၏မြန်မာနိုင်ငံသို့လာရောက်ရန် အဆိုပြုခရီးစဉ်ကို လက်ခံသဘောတူခဲ့ပါတယ်။ ဒီခရီးစဉ်မှာ လူ့အခွင့်အရေးကောင်စီမှ ချမှတ်ထားသောတာဝန်ကို ၎င်းအနေနဲ့ဆောင်ရွက်နိုင်ရန် အပြည့်အဝပံ့ပိုးပေးခဲ့ပါတယ်။ ဒါ့အပြင် အထူးအစီရင်ခံစာတင်သွင်းသူ ၏ခရီးစဉ်အတွင်းတွင် အစိုးရကိုယ်စားလှယ်များသည် မြန်မာနိုင်ငံမှ တွေ့ကြုံနေရသည့် စိန်ခေါ်မှု များ ဒီစိန်ခေါ်မှုတွေကို ကြိုးစားဖြေရှင်းရန်ဆောင်ရွက်နေကြောင်းကိုလည်း ပြောကြားခဲ့ပြီးဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံသူနိုင်ငံသားတို့အကျိုးအတွက် အင်မတန်မှအရေးကြီးသော ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးမှုမြင့်တင်ရန် ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နေမှု များ၊ စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန်အတွက် သန္နိဋ္ဌာန်ချမှတ်ထားကြောင်း အစိုးရကိုယ်စားလှယ် များမှ အထူးအစီရင်ခံစာတင်သွင်းသူအား ရှင်းလင်းပြောကြားခဲ့ပြီးဖြစ်ပါတယ်။ သို့သော်လည်း အထူး အစီရင်ခံစာတင်သွင်းသူ၏ မြန်မာနိုင်ငံခရီးစဉ်အဆုံး ထုတ်ပြန်ချက်အပေါ် မိမိတို့အနေဖြင့် အင်မတန် မှလွန်စွာစိတ်ပျက်ရပါတယ်။ မိမိတို့နိုင်ငံဟာ ဆယ်စုနှစ်ပေါင်းများစွာကြုံတွေ့ခဲ့ရတဲ့ ပြည်တွင်းပဋိပက္ခ တွေ အထီးကျန်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုနောက်ကျခဲ့မှုတို့ကြောင့် ဖြစ်ပေါ်နေတဲ့ပြဿနာတွေကို ဖြေရှင်း ရာမှာ တွေ့ကြုံရတဲ့အခက်အခဲတွေကို အထူးအစီရင်ခံစာတင်သွင်းသူ၏ ထုတ်ပြန်ချက်တွင်ထည့်သွင်း ဖော်ပြထားခြင်းမရှိခဲ့ပါဘူး။ မစ္စယန်ဟီလီ၏ ခရီးစဉ်အပြီး သတင်းထုတ်ပြန်ချက်တွင် ၎င်းသွားရောက် လိုသည့်နေရာအချို့အား လုံခြုံရေးအကြောင်းပြချက်၊ အချိန်နီးကပ်နေသည့်အကြောင်းပြချက်ဖြင့် မဆင်ပြေမှုမရှိကြောင်း မြန်မာဘက်မှပြန်ကြားသည်ဟူသော စွပ်စွဲချက်ကို ထုတ်ပြန်ချက်တွင် ဖော်ပြ ထားပါတယ်။ သက်ဆိုင်ရာအိမ်ရှင်နိုင်ငံတစ်နိုင်ငံအနေဖြင့် တရားဝင်ခရီးစဉ်များအား လက်ခံစီမံ ဆောင်ရွက်ပေးရာတွင် လာရောက်မည့်ပုဂ္ဂိုလ်၏ လုံခြုံရေးကိုအထူးဦးစားပေးစဉ်းစားကာ ဆောင်ရွက် ပေးလေ့ရှိပါတယ်။ သို့သော်လည်း မစ္စယန်ဟီးလီဟာ မြန်မာနိုင်ငံအစိုးရက ၎င်း၏အသက်အန္တရာယ် လုံခြုံရေးကို အထူးထည့်သွင်းစဉ်းစားပေးသည့်အချက်အား မျက်ကွယ်ပြု၍ အဆိုးမြင်ပြောကြားချက် မှာလည်း အပြုသဘောမဆောင်သည်ကို ပေါ်လွင်နေပါတယ်။ ၎င်းထုတ်ပြန်ချက်တွင်လည်း အချို့ နေရာများ၌ အခြေအနေလွန်စွာဆိုးရွားနေသည်ဟု ထုတ်ဖော်ပြောကြားထားပါတယ်။ မြန်မာနိုင်ငံ၏ စေတနာကို လျစ်လျူရှုကာ ၎င်း၏စိတ်ခံစားမှုကို အဆိုးမြင်ကို ထိပ်တန်းတင်ကာ ပြောဆိုနေသည့် သဘောဖြစ်ပါတယ်။ ဒါ့အပြင် ၎င်းခရီးစဉ်မလာမီကပင် ခရီးစဉ်အားအတည်ပြုပြီးပါက မည်သည့် ထပ်တိုးခရီးကိုမျှ လက်ခံမည်မဟုတ်ကြောင်း မြန်မာဘက်မှ ပြောကြားထားပြီး ဖြစ်ပါတယ်။

သွားရောက်ခဲ့သောနေရာများကိုကြည့်မည်ဆိုလျှင် ၎င်းတောင်းဆိုခဲ့သော ပြည်နယ်အားလုံးကို သွားရောက်ရန် မြန်မာဘက်မှခွင့်ပြုခဲ့သည်ကိုလည်း တွေ့ရှိရပါတယ်။ အစိုးရနှင့်သက်ဆိုင်သည့် အဖွဲ့အစည်းများနှင့်တွေ့ဆုံမှုကိုသာ မြန်မာဘက်မှစီစဉ်ဆောင်ရွက်ပေးခဲ့ပြီး အခြားအဖွဲ့အစည်းများ နှင့်တွေ့ဆုံမှုကို ကုလသမဂ္ဂဘက်မှ စီစဉ်ခြင်းဖြစ်ပါတယ်။ ဒီခရီးစဉ်မှာ အကောင်းဆုံးဖြစ်အောင် ဖန်တီးပေးခဲ့သော်လည်း မစ္စယန်ဟီလီအနေဖြင့် ကျေနပ်မှုမရှိတာပေါ်လွင်နေပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၎င်းထုတ်ပြန်ချက်မှာပင် မစ္စယန်ဟီလီအား လာရောက်တွေ့ဆုံသည့်သူများအပေါ် ဓာတ်ပုံရိုက်ယူခြင်း၊ မတွေ့ဆုံမီနှင့်တွေ့ဆုံပြီး မေးမြန်းမှုများ ပြုလုပ်ခြင်းနှင့် နောက်မှ လိုက်လံကြည့်ရှုခံရခြင်း စသည့်တို့အပါအဝင် ခြိမ်းခြောက်မှုများကို ဆက်လက်ကြုံတွေ့နေရကြောင်း ယခင် အစိုးရ၏ လုပ်ပုံကိုင်ပုံနည်းလမ်းများကို ဆက်လက်ကျင့်သုံး နေကြောင်း စွပ်စွဲပြောကြားထားပါတယ်။ ယခုလို ဘက်လိုက်မှုရှိတဲ့၊ တရားမျှတမှုမရှိတဲ့ အစီရင်ခံစာ ဟာ ယေဘုယျဆန်သော စွပ်စွဲချက်များနှင့် မှားယွင်းသောအချက်အလက်များစွာ ပါဝင်နေတဲ့အတွက် အိမ်မဲမဲဆန္ဒနယ်မှ ဒေါ်သန္တာ၏အဆိုကို လေးလေးနက်နက်ထောက်ခံကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ရွှေကူမဲဆန္ဒနယ်မှ ဦးဇာနည်မင်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးဇာနည်မင်း(ရွှေကူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာသူများအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ရွှေကူမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇာနည်မင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အိမ်မဲမဲဆန္ဒနယ် ဒေါ်သန္တာ၏ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်နေ့တွင် ကုလသမဂ္ဂရဲ့ မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေးအထူးကိုယ်စားလှယ် မစ္စယန်ဟီလီ၏ သတင်းထုတ်ပြန်ချက်အား ပြင်းထန်စွာ ကန့်ကွက်ကြောင်းအရေးကြီးအဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ ပြည်တွင်းပဋိပက္ခ အထီးကျန်ဆန်မှုနှင့် ဖွံ့ဖြိုး တိုးတက်မှုနောက်ကျကျန်ခဲ့ခြင်းကြောင့် ဖြစ်ပေါ်လာခဲ့သည့်ပြဿနာများကို ဖြေရှင်းရာမှာ တွေ့ကြုံရ သည့်အခက်အခဲများကို ထည့်သွင်းဖော်ပြလိမ့်မည်ဟု မျှော်လင့်ထားခဲ့သော်လည်း သူမ၏ထုတ်ပြန် ချက်တွင် ယေဘုယျဆန်သည့် စွပ်စွဲချက်များနှင့် မှားယွင်းသည့်အချက်အလက်များပါဝင်နေပြီး အခြေအမြစ်မရှိသော စွပ်စွဲချက်များအခြေခံနေကြောင်းကို တွေ့ရှိရပါတယ်။ မစ္စယန်ဟီလီ၏ထုတ်ပြန် ချက်တွင် မြန်မာနိုင်ငံအား ဒီမိုကရေစီနိုင်ငံအဖြစ် ညတွင်းချင်းပြောင်းလဲရန် မမျှော်လင့်လိုကြောင်း၊

ယင်းအနေဖြင့် အချိန်နှင့်နေရာလိုအပ်ကြောင်း ပြောကြားသကဲ့သို့ပင် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေး အခြေအနေများ အမှန်တကယ်တိုးတက်မှုမရှိခြင်း၊ အထူးယန္တရားများကို နေ့ချင်းညချင်းပယ်ဖျက်ရန် မမျှော်လင့်လိုကြောင်းကို ဖော်ပြထားတာကို တွေ့ရှိရပါတယ်။ အထူးအစီရင်ခံစာတင်သွင်းသူတစ်ဦး အနေဖြင့် ဤသို့ထုတ်ဖော်ပြောကြားခြင်းအပေါ် အံ့ဩရကာ မြန်မာနိုင်ငံပြည်သူပြည်သားများ၏ အကျိုးအတွက် လာရခြင်းဟုတ်/မဟုတ်ကိုလည်း သည်းသည်းကွဲကွဲသိရန် လိုအပ်လာပြီး ၎င်းလာရောက်မှုနှင့် အခန်းကဏ္ဍအပေါ် သုံးသပ်ရန် အချိန်တန်နေပြီဖြစ်ပါတယ်။ ၎င်း၏ထုတ်ပြန် ချက်အတွင်း ၁၉၉၂ ခုနှစ် လူ့အခွင့်အရေးကော်မရှင်၏ဆုံးဖြတ်ချက်ကိုလည်း ရည်ညွှန်းထားတာကို တွေ့ရှိရပါတယ်။ အထူးယန္တရားများပေါ်ပေါက်လာမှုနှင့်အစ ရည်ရွယ်ချက်အားမသိ၍ မစ္စယန်ဟီလီ မှ ဤသို့ပြောကြားခြင်းသည် မှတ်ချက်ပြုရမှာဖြစ်ပါတယ်။ ၎င်း၏ဘာသာရပ်အပေါ်တွင် ကျွမ်းကျင်မှု နှင့်စပ်လျဉ်း၍ မေးခွန်းများလည်း ထုတ်ဖွယ်ရာဖြစ်နေပါတယ်။ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် ပြန်လည်ရင်ကြားစေ့ရေးလုပ်ငန်းစဉ်သည် အခြားနိုင်ငံများနှင့်နှိုင်းယှဉ်ပါက လွန်စွာသိမ်မွေ့နက်နဲ ပြီးမှ စိန်ခေါ်မှုတွေ၊ အတားအဆီးတွေရှိကြောင်းကို သိပြီး နေ့ချင်းညချင်းအဖြေရရှိရန်ဆောင်ရွက်မည် မဟုတ်ကြောင်းကိုလည်း မြန်မာနိုင်ငံအစိုးရနှင့်တကွ နိုင်ငံသူနိုင်ငံသားသာမကဘဲ နိုင်ငံတစ်ဝန်းလုံး က လက်ခံထားပြီးဖြစ်ပါတယ်။ ဤသို့သိမ်မွေ့နက်နဲသည့်လုပ်ငန်းစဉ်နှင့် အထူးယန္တရားလုပ်ငန်းစဉ်ကို နှိုင်းယှဉ်၍ ပြောကြားခြင်းသည် အထူးအစီရင်ခံစာတင်သွင်းသူတစ်ဦးအနေဖြင့် ရင့်ကျက်မှု မည်၍မည်မျှရှိသည်ကို ထင်ဟပ်ပေါ်လွင်နေပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အစိုးရနှင့် သက်ဆိုင်သူအားလုံးတို့သည် ပွင့်လင်းစွာ နဲ့အပြုသဘောထိတွေ့ဆောင်ရွက်ရန် အထူးအစီရင်ခံစာတင်သွင်းသူအား ခွင့်ပြုပေးခဲ့သော်လည်း အထူးအစီရင်ခံစာတင်သွင်းသူ၏ ခရီးစဉ်အပြီး ပြောကြားချက်များတွင် အမှန်တရားပေါ်အခြေခံသည့် အချက်အလက်များထက် စွပ်စွဲချက်များ၊ မှန်းဆချက်များ၊ တစ်ဖက်အဖွဲ့အစည်းများ၊ လက်နက်ကိုင် အဖွဲ့အစည်းများ၏ စကားကိုသာနားယောင်နေပြီး တာဝန်ရှိသူများက ၎င်း၏ရှင်းလင်းပြောကြားချက် များကို လျစ်လျူရှုချန်လှပ်ကာ အခြေအမြစ်မရှိသည့် တစ်ဖက်သတ်အချက်များကို ယင်းထုတ်ပြန်ချက် တွင် ဖော်ပြထားသည်ကို တွေ့ရှိရပါတယ်။ ဤအချက်သည်လည်း ၎င်း၏ မြန်မာနိုင်ငံနှင့် ပြည်သူများ အပေါ်ထားသည့် မမှန်ကန်သောသဘောထားကို ထင်ရှားစွာတွေ့မြင်ရမည်ဖြစ်ပါတယ်။ ၎င်း၏ ထုတ်ပြန်ချက်မှာ လားရှိုးမြို့သို့သွားရောက်ပြီး ခရီးစဉ်နှင့် ဆက်လက်ပြီးဖော်ပြမှုမှာ ပမာအားဖြင့် တပ်မတော်မှ သတ်ဖြတ်ခြင်း၊ ညှင်းပန်းနှိပ်စက်ခြင်း၊ လူသားဒိုင်းများအဖြစ် အသုံးပြုနေခြင်းစသည့်

အခြေအမြစ်မရှိသော စွပ်စွဲချက်များကို တစ်ဖက်သတ်စကားကို အကြွင်းမဲ့လက်ခံထားပြီး သက်ဆိုင်သူများမှ မည်မျှရှင်းပြပြောကြားနေသည်ကိုဂရုမမူဘဲ အစိုးရနှင့် တပ်မတော်သတင်း ထုတ်ပြန်ချက်များတွင် မည်မျှထုတ်ဖော်နေစေကာမူ ထင်ဟပ်ဖော်ပြခြင်းမရှိသည်ကိုလည်း တွေ့ရှိရပါတယ်။ ဤအချက်ကိုထောက်ရှုခြင်းဖြင့် မြန်မာနိုင်ငံ၏ဖြစ်ပေါ်တိုးတက်မှုကို အထူးအစီရင်ခံစာတင်သွင်းသူအနေဖြင့် မည်မျှလျစ်လျူရှုထားသည်ဆိုသည့်အချက်ကို မေးခွန်းထုတ်ရမလိုဖြစ်နေပါတယ်။ ယင်းအချက်များသည် ၎င်း၏ကျွမ်းကျင်မှု၊ သမာသမတ်ရှိမှု၊ ဘက်လိုက်မှုကင်းမှု အချက်များနှင့် သက်ဆိုင်နေပါတယ်ဆိုတဲ့အကြောင်းကိုလည်း ပြောကြားလိုပါတယ်။ အထူးအစီရင်ခံစာတင်သွင်းသူအနေဖြင့် မြေယာကိစ္စနှင့်စပ်လျဉ်းပြီးမှ၊ နိုင်ငံအတွင်းတွင်ဖြစ်ပွားနေသည့် ပြဿနာဖြစ်သည်ကို ချဲ့ကားပြီးမှ ထုတ်ပြန်ချက်တွင် ဖော်ပြထားတာကိုလည်း တွေ့ရှိရပါတယ်။

မြေယာကိစ္စနှင့်ပတ်သက်၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးမှ ၎င်းနှင့်တွေ့ဆုံချိန်တွင် လယ်ယာမြေနှင့် အခြားမြေများကို သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီမှ ဆောင်ရွက်နေသည့်လုပ်ငန်းများအပါအဝင် နိုင်ငံတော်မှ ဆောင်ရွက်သည့်ကိစ္စများကို ရှင်းလင်းပြောကြားခဲ့ပါတယ်။ ထို့အပြင် အပ်နှံမြေဧရိယာထဲမှ ၇၃၈.၉၉ ဧကကို မူလတောင်သူ ၂၃၉ ဦးထံသို့ လုပ်ပိုင်ခွင့်လက်မှတ်များကို ပြီးခဲ့သောရက်သတ္တပတ်အတွင်းကပင် နိုင်ငံတော် ဒုတိယသမ္မတကိုယ်တိုင် အခမ်းအနားဖြင့် ပေးအပ်ခဲ့သည်ကိုလည်း၊ သတင်းများကိုလည်း သတင်းစာများတွင် ဖော်ပြထားပြီးဖြစ်ပါတယ်။ ဤသတင်းမျိုးများကိုလည်း အထူးအစီရင်ခံစာတင်သွင်းသူအနေဖြင့် လျစ်လျူရှုထားကြောင်းကိုလည်း တွေ့ရှိရပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အခုအချိန်မှာဆိုလို့ရှိရင် လက်ရှိအစိုးရဟာဆိုလို့ရှိရင် ဒီရခိုင်ပြဿနာတည်ငြိမ်အေးချမ်းရေးအတွက် နိုင်ငံတော်၏အတိုင်ပင်ခံကိုယ်တိုင်လည်း ခေါင်းဆောင်ပြီးမှ သိမ်သိမ်မွေ့မွေ့နဲ့ ဖြေရှင်းလိမ့်မယ်ဆိုတဲ့အကြောင်းကိုလည်း အားလုံးသိပြီးသားဖြစ်ပါတယ်။ သို့ဖြစ်ပါသောကြောင့် ဒီအခြေအနေ ဒီကာလမှာဆိုလို့ရှိရင် ဒီဖြစ်ပေါ်လာတဲ့ပြဿနာတစ်ရပ်ဟာဆိုလို့ရှိရင် သိမ်မွေ့နက်နဲပြီးမှ ဖွံ့ဖြိုးတိုးတက်မှုနောက်ကျတာဖြစ်တဲ့အတွက်ကြောင့်မို့လို့ နိုင်ငံတကာကရော၊ EU အဖွဲ့ကရော၊ ကုလသမဂ္ဂအဖွဲ့ကရော၊ တိုင်းရင်းသားများအားလုံးရော အားလုံးပေါင်းပြီးမှ ဖြေရှင်းမှသာလျှင် ဒီပြဿနာကို ဖြေရှင်းနိုင်မည်ဖြစ်တဲ့အတွက်ကြောင့်မို့ အခု အိမ်မဲမဲဆန္ဒနယ်က ဒေါ်သန္တာရဲ့အရေးကြီးအဆိုကို ထောက်ခံဆွေးနွေးလိုက်ရပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ဒေါပုံမဲဆန္ဒနယ်မှ ဦးဒွေးဝင်းအောင် (ခ) ဦးပြုံးချို ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဒွေးဝင်းအောင်(ခ)ဦးပြုံးချို(ဒေါပုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုအဆင့် ဒုတိယဝန်ကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာပါ ခင်ဗျား။ အိမ်မဲမဲဆန္ဒနယ်မှ ဒေါ်သန္တာရဲ့အရေးကြီးအဆိုကို ကျွန်တော်ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အထူးအစီရင်ခံစာတင်သွင်းသူ ဟာ ပြည်ထောင်စုအစိုးရ၊ ရခိုင်ပြည်နယ်အစိုးရရဲ့ကျိုးပမ်းဆောင်ရွက်မှုတွေကို လျစ်လျူရှုပြီးတော့ တစ်ဖက်သတ်ထုတ်ပြန်ချက်တွေဟာ ဓမ္မဓိဋ္ဌာန်မကျတာကို သွားတွေ့ရပါတယ်။ အစိုးရရဲ့ လူသားချင်းစာနာမှုဆိုင်ရာဆောင်ရွက်ချက်တွေကို ဆန့်ကျင်ဘက်ကနေပြီးတော့ ထုတ်ဖော်ပြောသွား ခြင်းဟာ ပူးပေါင်းဆောင်ရွက်မှုကင်းမဲ့နေတယ်ဆိုတာ သွားတွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးစွဲခွင့်ပြုပါ။ ကျွန်တော်တို့ဟာ ၂၀၁၇ ခုနှစ် ဇန်နဝါရီလကနေ စပြီးတော့ လူသားချင်းစာနာမှုဆိုင်ရာအထောက်အကူပစ္စည်းတွေကို မောင်တောဒေသ(မြောက်ပိုင်း) အပြင်ကို အရင်က ကန့်သတ်ထားတဲ့နေရာတွေထိကိုရောက်အောင်ပို့ခဲ့ပါတယ်။ အခုဆိုလို့ရှိရင် ဒေသ အားလုံးရဲ့ ၉၅ ရာခိုင်နှုန်းကို လွှမ်းခြုံအောင်ပို့နိုင်ပြီဖြစ်ပါတယ်။ တစ်ဖန် ကျွန်တော်တို့ ရခိုင်ပြည်နယ် အကြံပေးကော်မရှင်ရဲ့ ကြားဖြတ်အစီရင်ခံစာ အကြံပြုချက်မှာပါတဲ့အတိုင်း IDP Camp သုံးခုကို ပိတ်နိုင်အောင် ကြိုးစားခဲ့ပါတယ်။ အဲဒါကို သူ့အနေနဲ့ ထုတ်ဖော်ပြောကြားထားတာရှိပေမဲ့ ဒီကျောက်တလုံး IDP Camp ကိုတော့ မတူညီတဲ့ဘာသာနှစ်ခုကြောင့် ယခင်ယခင်ကတည်းက ပြန်လည်ချထားမှုဆိုင်ရာလုံခြုံရေးအခြေအနေအရ ခွဲခြားထားတာကို တမင်သိရှိပါလျက်နဲ့ ဒါဟာ မတူညီတဲ့အသိုင်းအဝိုင်းနှစ်ခုထဲမှာ ခွဲခြားမှုနှင့်အမုန်းတရားရှိစေမှုကို ထုတ်ဖော်ပြောကြားပြီး ထုတ်ပြန်သွားတာဟာ မလိုလားအပ်တဲ့ အချက်အလက်ဖြစ်နေတယ်ဆိုတာကိုလည်း သွားတွေ့ရပါတယ်။

လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒေသတွင်းမှာ လူ့အခွင့်အရေးဆိုင်ရာ မြှင့်တင်မှု တွေနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွေကို အစိုးရဟာ ကြိုးစားပမ်းစားဆောင်ရွက်နေရတဲ့ အချက် အလက်ရှိပါတယ်။ ဒါတွေကိုလည်း သတိပြုဖို့လိုသလို ကမ္ဘာ့ဘဏ်ရဲ့အစီရင်ခံစာထဲမှာ စီးပွားရေး တိုးတက်မှုအလားအလာတွေကို ဖော်ပြထားတာရှိပါလျက်နဲ့ ဒါတွေကိုမျက်ကွယ်ပြုပြီးတော့ ကျွန်တော် တို့နိုင်ငံရဲ့ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုတွေ ပြည်ပကနေပြီးတော့ မဝင်လာနိုင်အောင် စွပ်စွဲပြောကြား ချက်တွေဟာလည်း နိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်မှုကို ဟန့်တားရာရောက်နေသလိုဖြစ်နေပါတယ်။ ကျွန်တော် တို့ဟာ အထူးစီးပွားရေးဇုန်နဲ့ပတ်သက်ပြီးတော့ တာဝန်ရှိတဲ့သူတွေညှိနှိုင်းပြီး လျော်ကြေးငွေတွေပေးဖို့လည်း

ဆောင်ရွက်နေပါတယ်။ တစ်ဖက်ကလည်း အခုနိုင်ငံတော်အစိုးရကနေပြီးတော့ စီးပွားရေးရင်းနှီးမြှုပ်နှံမှုတွေဟာ လူမှုရေးဆိုင်ရာ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အာမခံချက်တွေအပြည့်ရှိတဲ့ ရင်းနှီးမြှုပ်နှံမှုမျိုးကိုသာ လက်ခံစေလိုတယ်ဆိုတာကို ထပ်ခါတလဲလဲပြောကြားထားတဲ့အချက်အလက်တွေကို ထည့်မတွက်ဘဲနဲ့ ဒါတွေကိုအလေးထားမှုမရှိဘဲနဲ့၊ ဂရုပြုမှုမရှိဘဲနဲ့ သတင်းထုတ်ပြန်ချက်တွေမှာ ထည့်သွင်းစွပ်စွဲပြောကြားချက်တွေဟာဆိုလို့ရှိရင် ကျွန်တော်တို့နိုင်ငံနဲ့နိုင်ငံသားတွေရဲ့ဖွံ့ဖြိုးတိုးတက်မှုတွေကို ဟန့်တားရာရောက်စေတဲ့ ထုတ်ပြန်ချက်လို့လည်း ရှုမြင်ပါတယ်။

လေးစားအပ်ပါတဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတစ်နိုင်ငံရဲ့ အခြေအနေအရင်းမှန်၊ အစစ်မှန်သတင်းတွေကိုရရှိဖို့ဆိုရင် ပြည်တွင်းမှာထုတ်ပြန်ထားတဲ့၊ ပြည်တွင်းကပုဂ္ဂိုလ်များနဲ့ ဖွဲ့စည်းထားတဲ့၊ ပြည်ပကပညာရှင်များနဲ့ဖွဲ့စည်းထားတဲ့ ကော်မရှင်တွေရဲ့အစီရင်ခံစာတွေကိုလည်း အလေးအနက်ထား ထည့်သွင်းစဉ်းစားဖို့လိုပါတယ်။ သို့မှသာလျှင် ပူးပေါင်းဆောင်ရွက်တဲ့မှုဟာ လက်တွေ့အကောင်အထည်ဖော်လို့ရမှာ ဖြစ်ပါတယ်။ ယခုမြန်မာနိုင်ငံဟာဆိုလို့ရှိရင် ပြုပြင်ပြောင်းလဲမှုကို စိန်ခေါ်မှုတွေအများကြီးကြားထဲက၊ အခက်အခဲတွေကြားထဲကနေပြီးတော့ ကြိုးစားပမ်းစားဆောင်ရွက်နေရတဲ့အချိန်မှာ အဓိကအရေးကြီးဆုံးဟာ တည်ငြိမ်အေးချမ်းဖို့အရေးကြီးပါတယ်။ တည်ငြိမ်အေးချမ်းမှသာလျှင် ပြုပြင်ပြောင်းလဲမှုတွေကို ရည်မှန်းချက်ထားတဲ့အတိုင်း ကျွန်တော်တို့ ဖော်ဆောင်နိုင်မှာဖြစ်ပါတယ်။ အဲဒီလို တည်ငြိမ်အေးချမ်းဖို့ဆိုလို့ရှိရင် နိုင်ငံတကာကို ကိုယ်စားပြုထားသူ၊ သတင်းထုတ်ပြန်သူတွေဟာ အပြည့်အဝပူးပေါင်းဆောင်ရွက်ဖို့ လိုမယ်လို့ကျွန်တော်ရှုမြင်ပါတယ်။ အဲဒါတွေကို မျက်ကွယ်ပြုခဲ့တဲ့အချက်အလက်တွေအပြင် ၎င်းလာရောက်စဉ်က ခရီးစဉ်နဲ့ ပတ်သက်ပြီးတော့ ၁၀ ရက်ကျော်ကျော်ကြာ အစိုးရအဖွဲ့ဝန်ကြီးတွေနဲ့၊ အဖွဲ့အစည်းတွေနဲ့တွေ့ဆုံဖို့ အခွင့်အလမ်းတွေဖန်တီးပေးထားပါလျက်နဲ့၊ အဲဒီအခွင့်အလမ်းတွေရှိလျက်နဲ့ အခက်အခဲတွေကို ညှိနှိုင်းဆောင်ရွက်မှုတွေကို ပျက်ကွက်ပြီးတော့ မြန်မာနိုင်ငံနဲ့ပတ်သက်တဲ့သတင်းထုတ်ပြန်ချက်ကို နောက်ဆုံးမှာ စွပ်စွဲပြစ်တင်မှုတွေနဲ့ ထုတ်ပြန်သွားတဲ့အတွက် အိမ်မဲမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်သန္တာ တင်သွင်းတဲ့ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်နေ့ ကုလသမဂ္ဂရဲ့ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စယန်ဟီလီရဲ့ သတင်းထုတ်ပြန်ချက်ကို ပြင်းထန်စွာကန့်ကွက်ကြောင်းအဆိုကို လေးလေးနက်နက်ထောက်ခံရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ မိတ္ထီလာမဲဆန္ဒနယ်က ဒေါက်တာမောင်သင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**မူကြမ်း**

**ဒေါက်တာမောင်သင်း(မိတ္ထီလာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေဟု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မိတ္ထီလာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမောင်သင်း ဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ အိမ်မဲမဲဆန္ဒနယ်မှ ဒေါ်သန္တာရဲ့ မစ္စယန်ဟီးလီ၏ သတင်းထုတ်ပြန်ချက်အား ပြင်းထန်စွာကန့်ကွက်ကြောင်း အရေးကြီးအဆိုကို ကုလသမဂ္ဂအပါအဝင် မည်သည့်အဖွဲ့အစည်းကမှ ပြည်တွင်းအင်အားစုများလောက် နိုင်ငံ၏ပြည်တွင်းရေးပြဿနာကို ဖြေရှင်းပေးနိုင်လိမ့်မည်မဟုတ်ကြောင်း ရှုထောင့်ကနေပြီးတော့ ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့အနေဖြင့် ဂျပန်ကိုအားကိုးခဲ့လို့ ခါးသီးတဲ့ဂျပန်ခေတ်ဖြစ်ခဲ့တာရယ်၊ အမေရိကန်ကိုအားကိုးခဲ့လို့ ပြည်တော်သာစီမံကိန်း ပျက်စီးခဲ့တာရယ်စတဲ့ ဆိုးဝါးတဲ့သမိုင်းသင်ခန်းစာတွေရှိခဲ့ပါတယ်။ အထင်ရှားဆုံးကတော့ မြန်မာနိုင်ငံကိုတရုတ်ဖြူတွေကျူးကျော်တဲ့အချိန်မှာ ကုလသမဂ္ဂကိုအားကိုးပြီးတော့ အကူအညီတောင်းခဲ့ပေမယ့် ဘယ်လိုမှ တစ်နှစ်ခွဲကျော်ကြာတဲ့အထိ အကူအညီမရခဲ့လို့ ရန်ကြီးအောင်စစ်ဆင်ရေးဖြင့် ကိုယ့်အားကိုယ်ကိုးပြီး နိုင်ငံကိုကာကွယ်ခဲ့ရတဲ့ သမိုင်းအထောက်အထားတွေရှိခဲ့ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုကုလသမဂ္ဂအထူးကိုယ်စားလှယ် မစ္စယန်ဟီးလီအနေဖြင့် မြန်မာနိုင်ငံသို့လာရောက်ခဲ့သည့်အကြိမ်ပေါင်းမြောက်များစွာပင် မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းရေး၊ ပဋိပက္ခဖြေရှင်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အပြုသဘောမဆောင်တဲ့ အစီရင်ခံစာများကိုသာထုတ်ပြန်ခဲ့ကြောင်း မင်းကင်းမြို့နယ်က ဦးမောင်မြင့်က တင်ပြခဲ့ပြီးဖြစ်ပါတယ်။ သို့ပါ၍ မစ္စယန်ဟီးလီခရီးစဉ်တစ်လျှောက်လုံးမှာ အထက်ပါအကြောင်းအရာတွေကို သိထားခဲ့ကြတဲ့ ရခိုင်တိုင်းရင်းသားတွေက ကန့်ကွက်ခဲ့ပါတယ်။ ထို့အတူ ရခိုင်ပြည်နယ်အရေးကို အကြောင်းပြု၍သော်လည်းကောင်း၊ မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူများကိုဖိအားပေးလို၍ အကြောင်းရှာဝင်ရောက်လာသည့် နိုင်ငံတကာစွက်ဖက်မှုမျိုးကိုလည်းပဲ ကျွန်တော်တို့ ပြည်ခိုင်ဖြိုးအနေဖြင့် အစဉ်တစိုက်ဆန့်ကျင်ခဲ့ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မစ္စယန်ဟီးလီရဲ့ ၂၁-၇-၂၀၁၇ ရက်နေ့တွင် ထုတ်ပြန်ခဲ့တဲ့ ကြေညာချက်ထဲမှ အချက်ငါးချက်ကိုကြည့်မယ်ဆိုရင် ပထမအချက်အနေဖြင့် မြန်မာနိုင်ငံအစိုးရအနေဖြင့် အပြည့်အဝပူးပေါင်းဆောင်ရွက်ခြင်းမရှိကြောင်းလို့ ပါရှိပါတယ်။ ခုနက

ဦးပြုံးချို တင်ပြသွားသလို ကျွန်တော်တို့ အစိုးရကပဲ ပူးပေါင်းမဆောင်ရွက်တာလား၊ သူကပဲ ဆောင်ရွက်လိုစိတ်မရှိတာလားဆိုတာကို နေ့စဉ်ထုတ်သတင်းစာတွေရယ်။ ကျွန်တော်တို့ နိုင်ငံတော် အတိုင်ပင်ခံရုံးဝန်ကြီးဌာနရဲ့ ကြေညာချက်တွေကိုကြည့်မယ်ဆိုရင် ကျွန်တော်တို့ဘက်က တာဝန်ကျေ တာကို သိရှိနိုင်ပါတယ်။ ဒုတိယအချက်အနေဖြင့် ရခိုင်ပြည်နယ်(မြောက်ပိုင်း)တွင် လူ့အခွင့်အရေး အခြေအနေများ တိုးတက်မှုမရှိဘဲ ဆိုးဝါးလျက်ရှိကြောင်း ဖော်ပြထားတာကိုလည်း တွေ့မြင်ရပါမယ်။ အဲဒီမှာရှိနေတဲ့အဖွဲ့တွေက နယ်မြေတည်ငြိမ်အေးချမ်းမှုမရှိအောင် ဆောင်ရွက်နေခြင်းကိုတော့ လုံးဝဖော်ပြခဲ့ခြင်းမရှိသလို ကျွန်တော်တို့ နိုင်ငံတော်အစိုးရရဲ့ လူသားချင်းစာနာမှုပေးခဲ့တာကိုလည်း အစီရင်ခံစာရေးတဲ့သူက လျစ်လျူရှုခဲ့တာကို တွေ့ရှိရပါလိမ့်မယ်။ တတိယအချက်တွင် နယ်မြေလုံခြုံ ရေးအဖွဲ့ဝင်များ၊ လူ့အခွင့်အရေးချိုးဖောက်မှုများရှိကြောင်းသာဖော်ပြပြီးတော့ အဲဒီဒေသမှာ နယ်မြေလုံခြုံရေးတာဝန်ထမ်းဆောင်နေတဲ့ ကျွန်တော်တို့ရဲ့ လုံခြုံရေးဝန်ထမ်းတွေ အတိုက်အခိုက်ခံခဲ့ ရတာကိုတော့ လုံးဝမဖော်ပြခဲ့ပါဘူး။ စတုတ္ထအချက်အနေဖြင့် ဒေသတွင်ရောက်ရှိနေသူများကို မြန်မာအစိုးရနဲ့ပြည်သူများက အသိအမှတ်မပြုတဲ့ ရိုဟင်ဂျာအသုံးအနှုန်းကိုသုံးပြီးတော့ ထိုသူများသာ အကြမ်းဖက်ခံနေရကြောင်း ဖော်ပြခဲ့ပါတယ်။ မေယုတောင်ကြားမှာ အကြမ်းဖက်လေ့ကျင့်မှုများ ပြုလုပ်ပြီးတော့ အဲဒီဒေသမှာရှိတဲ့ တိုင်းရင်းသားတွေကို အကြမ်းဖက်ခံနေရတာကိုတော့ မဖော်ပြခဲ့ ပါဘူး။

ထို့အတူ ပဥ္စမအချက်အနေဖြင့် ကချင်နဲ့ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသမှာ တပ်မတော် ကသာ လူ့အခွင့်အရေးချိုးဖောက်နေသည်ဟု စွက်စွဲထားချက်တွေဟာလည်းပဲ တကယ့်အဖြစ်မှန်နဲ့ လုံးဝကင်းကွာနေကြောင်းပြည်သူများသိပြီးဖြစ်ပါတယ်။ အားလုံးကိုခြုံကြည့်ရရင် အစိုးရကိုယ်စားလှယ် များရဲ့ ရှင်းပြချက်နဲ့ အစိုးရ၏ကြိုးပမ်းမှုအလုံးစုံကိုလျစ်လျူရှုပြီး တစ်ဖက်နားဖြင့် အခြေအမြစ်မရှိ စွပ်စွဲထားကြောင်းကို သူ့ရဲ့ထုတ်ပြန်ချက်မှာပေါ်လွင်နေပါတယ်။ သို့ပါ၍ မစ္စယန်ဟီလီ၏သတင်း ထုတ်ပြန်ချက်သည် လက်ရှိအစိုးရ၏ကြိုးပမ်းဆောင်ရွက်နေသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ကြုံတွေ့နေရသည့်စိန်ခေါ်မှုများကို အထောက်အကူမပြုသည့်အပြင် အဟန့်အတားဖြစ်အောင်ဖန်တီး နေကြောင်းတွေ့ရှိရတဲ့အတွက်ကြောင့် အဆိုရှင်ရဲ့အဆိုကို ထောက်ခံအပ်ပါတယ်။ ဤကဲ့သို့ အဖြစ်မျိုး ကြုံတွေ့ရမည်ကိုကြိုမြင်ခဲ့တဲ့ လက်ရှိနိုင်ငံတော်အစိုးရရယ်၊ ပြည်ခိုင်ဖြိုးနဲ့ မိတ်ဖက်ပါတီ ၁၃ ဖွဲ့ ကလည်းပဲ Fact-Finding Mission ဖွဲ့စည်းခြင်းကို ကန့်ကွက်ခဲ့ပါတယ်။ ယခင်ပြည်ခိုင်ဖြိုးအစိုးရက

လည်း ခေါင်းစဉ်အမျိုးမျိုးဖြင့် ပြည်ပမှဝင်ရောက်စွက်ဖက်မှုအားလုံးကို တားဆီးခဲ့တာကို တွေ့ရှိနိုင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်ပါ အခြေအနေများအရ မြန်မာနိုင်ငံပြည်သူများ၏ သဘောတူညီချက်မရှိဘဲ အချက်အလက်ရှာဖွေရန်၊ အစီရင်ခံစာတင်သွင်းရန်၊ သမိုင်းကြောင်းဖော်ထုတ်ရန် စသည့် အကြောင်းပြချက်အမျိုးမျိုးဖြင့် မိမိတို့နိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်လာမည့် အဖွဲ့များအားလုံးကို နောင်တွင်လက်မခံသင့်ပါကြောင်းနှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းဆန့်ကျင်သွားရန်နှင့် မိမိနိုင်ငံ၏ပြည်တွင်းရေးကို ဗိုလ်ချုပ်အောင်ဆန်း၏ သီရိလက်ာကန္ဒီ ခရီးစဉ်တွင် မိန့်ကြားခဲ့သည့် ကျုပ်တို့နိုင်ငံမှာလည်း ခင်ဗျားတို့အင်္ဂလန်လိုပဲ တိုင်းပြည်အုပ်ချုပ်နိုင်တဲ့ လူတော်တွေအများကြီးရှိပါတယ်ဆိုတဲ့စကားကို ယုံကြည်လိုက်နာပြီးတော့ ပြည်တွင်းပြဿနာကို ပြည်တွင်းအင်အားစုများနှင့်သာ ဖြေရှင်းသင့်ပါကြောင်းနှင့် နိုင်ငံခြားအဖွဲ့အစည်းများကို အားမကိုးသင့်ပါကြောင်း၊ အထူးသဖြင့် ကိုဖီအာနန်အဖွဲ့ကို အားမကိုးသင့်ပါကြောင်းနှင့် အမျိုးသားရေး။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။

**ဥက္ကဋ္ဌ**။ ။ ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေဇင်လတ် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်အေဇင်လတ်(ရွှေဘိုမဲဆန္ဒနယ်)**။ ။ လေးစားရပါတဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ ကျွန်မက ရွှေဘိုမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်အေဇင်လတ် ဖြစ်ပါတယ်။ အခု ကျွန်မက အိမ်မဲမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်သန္တာရဲ့အရေးကြီးအဆိုမှာ ပါဝင်ဆွေးနွေးထောက်ခံသွားဖို့ ရှိပါတယ်။ ကျွန်မ အနေနဲ့ ထောက်ခံဆွေးနွေးရတဲ့အကြောင်းရင်းတွေကို မပြောခင် ပထမဦးဆုံး ကုလသမဂ္ဂအဖွဲ့အစည်း ရဲ့အကြောင်းကို ပထမဦးဆုံးအနေနဲ့ ပြောကြားဖို့လိုအပ်နေပါတယ်။

လေးစားရပါတဲ့ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ ဒုတိယကမ္ဘာစစ်အပြီးမှာ ကမ္ဘာ့နိုင်ငံတွေရဲ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအတွက် အဓိကထားဆောင်ရွက်ဖို့ ဖွဲ့စည်းခဲ့တဲ့ ကုလသမဂ္ဂအဖွဲ့အစည်းဆိုတာ ကျွန်မတို့နိုင်ငံလို လူဦးရေ ၅၁.၄ သန်းနဲ့ ဆင်းရဲမွဲတေမှုရာခိုင်နှုန်း ၂၆ ရာခိုင်နှုန်းရှိပြီးတော့ ပြည်တွင်းငြိမ်းချမ်းရေးမရသေးတဲ့ နိုင်ငံငယ်လေးတစ်ခုအတွက်ကတော့ အားပြုစရာအဖွဲ့အစည်းအဖြစ် ရပ်တည်ခဲ့တာ နှစ်ပေါင်းများစွာကြာခဲ့ပြီဖြစ်ပါတယ်။ ၁၉၄၈ ခုနှစ် မြန်မာနိုင်ငံလွတ်လပ်ရေး ရပြီးတဲ့ အခါ ကုလသမဂ္ဂရဲ့အဝန်းအဝိုင်းမှာ စတင်အခြေချရောက်ရှိခဲ့တာဖြစ်သလို ၁၉၅၀ ပြည့်နှစ်ကျော်

ကတည်းကလည်း ကုလသမဂ္ဂရဲ့ဖွံ့ဖြိုးမှုအစီအစဉ်တွေကို မြန်မာနိုင်ငံအနေနဲ့ လက်ခံရရှိခဲ့တာဖြစ်ပါတယ်။ ၁၉၈၇ ခုနှစ်မှာ ဖွံ့ဖြိုးမှုတွေကို ပေးအပ်တဲ့ကူညီထောက်ပံ့မှုအခြေခံစံနှုန်း သဘောတူညီချက်တွေကို လက်မှတ်ရေးထိုးပြီးနောက်ပိုင်းမှာတော့ မြန်မာနိုင်ငံဟာ ကုလသမဂ္ဂရဲ့ ကူညီထောက်ပံ့မှုတွေကို ကျယ်ကျယ်ပြန့်ပြန့်ရရှိခဲ့တာ အခု ၂၀၁၇ ခုနှစ်အထိ ရောက်ရှိခဲ့ပြီဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ အသေအချာပဲ သိနားလည်ထားပါတယ်။ ဒီကူညီထောက်ပံ့မှုတွေဟာ ကျွန်မတို့မြန်မာနိုင်ငံရဲ့အဓိက အပြောင်းအလဲကြီးသုံးခုဖြစ်တဲ့ Triple Transition လို့ခေါ်ဝေါ်တဲ့ တိုင်းရင်းသားလူနည်းစုများနဲ့ ငြိမ်းချမ်းရေးတည်ဆောက်ရေး(National Building)၊ Institution များအပါအဝင် ကျွန်မတို့နိုင်ငံကို ဒီမိုကရေစီနည်းကျ တည်ဆောက်ရေး(State Building)နဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်ပြောင်းလဲဖော်ဆောင်ရေး(Economic Liberalization) တွေအတွက် ရည်ရွယ်တယ်လို့ ဆိုပါတယ်။ ဒါဟာ အလွန်အင်မတန်ပဲ ကျွန်မတို့နိုင်ငံအတွက် အထူးပဲ ကိုက်ညီတာဖြစ်တဲ့အတွက် မြန်မာနိုင်ငံအစိုးရအဆက်ဆက်ဟာ ဒီကူညီထောက်ပံ့မှုတွေကို စိတ်အားထက်သန်စွာပဲ လက်ခံခဲ့ကြပြီးတော့ ပူးပေါင်းဆောင်ရွက်ခဲ့ကြပါတယ်။ ကျွန်မတို့အခုလက်ရှိအချိန်မှာလည်း ကျွန်မတို့အနေနဲ့ ကျွန်မတို့ရဲ့ဆွေးနွေးပြောဆိုလုပ်ကိုင်ဆောင်ရွက်ချက်ဟူသမျှကို ဒီအပြောင်းအလဲသုံးရပ်ကို အင်အားဖြစ်စေမယ့် အကြောင်းအရာမျိုးဖြစ်အောင်ပဲ ကျွန်မတို့အနေနဲ့လည်း ဂရုစိုက်ထိန်းသိမ်းပြီးတော့ ဆွေးနွေးလုပ်ကိုင်ခဲ့ကြတာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ဒါ့အပြင် အခုဆိုလို့ရှိရင် ကုလသမဂ္ဂအဖွဲ့အစည်းအနေနဲ့ ကျွန်မတို့ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များဖြစ်တဲ့ Sustainable Development Goals ကို ၂၀၁၂ ခုနှစ်မှာ စတင်ချမှတ်ခဲ့ပြီး ၂၀၁၆ ခုနှစ် ဇန်နဝါရီလကနေ စတင်အကောင်အထည်ဖော်နေခဲ့ပြီလည်းဖြစ်ပါတယ်။ ရည်မှန်းချက်ပန်းတိုင်တွေဟာ အကြောင်းအရာအားဖြင့် (၁၇)ချက်ပါဝင်ပြီးတော့ အရေးကြီးဆုံးအကြောင်းအရာကတော့ ဘာလဲဆိုတော့ ဒီရည်မှန်းချက်ပန်းတိုင်တွေဟာ တစ်ခုနဲ့တစ်ခု အပြန်အလှန်ဆက်စပ်မှီခိုနေတာပဲဖြစ်ပါတယ်။ ဒါကို ကျွန်မ ဥပမာအနေနဲ့ ရှင်းပြရမယ်ဆိုလို့ရှိရင် ရည်မှန်းချက်ပန်းတိုင်(၁၆)ဖြစ်တဲ့ တရားမျှတမှုနှင့် လုံခြုံရေးကဏ္ဍကို အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့လို့ရှိရင် ရည်မှန်းချက်ပန်းတိုင်(၁)ဖြစ်တဲ့ ဆင်းရဲမွဲတေမှုပပျောက်ရေးကိုလည်း အထောက်အကူပြုရာရောက်သလို ရည်မှန်းချက်ပန်းတိုင်(၁၀)ဖြစ်တဲ့ မမျှတခြင်းဆိုတဲ့ကဏ္ဍကိုလည်း အောင်မြင်အောင် ကျော်လွှားနိုင်မှာဖြစ်ပါတယ်။ ဒါသည် အလွန်အင်မတန်ပဲ အရေးကြီးလှတဲ့အတွက် ကျွန်မတို့လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ လွှတ်တော်အတွင်းမှာ ကျွန်မတို့ဆွေးနွေးဆောင်ရွက်တဲ့

ကျွန်မတို့ရဲ့ဆောင်ရွက်ချက်တွေမှာပဲဖြစ်ပါစေ ကျွန်မတို့အနေနဲ့ ဖွံ့ဖြိုးရေးပန်းတိုင်(၁၇)ချက်ကနေ သွေဖယ်သွားမှုမရှိစေဖို့အတွက် အမြဲတမ်းပဲဂရုတစိုက် ကြိုးပမ်းအားထုတ်လျက်ရှိပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးရှင်။ ကျွန်မ အထက်မှာ ဆွေးနွေးခဲ့ပြီးပါပြီ။ ကျွန်မတို့သည် ကျွန်မတို့နိုင်ငံရဲ့ ရေရှည်ဖွံ့ဖြိုးမှု၊ လုံခြုံရေး၊ ကျွန်မတို့ရဲ့ငြိမ်းချမ်းရေးနှင့်ပတ်သက်လို့ရှိရင် ကုလသမဂ္ဂက ချမှတ်ထားတဲ့ ရည်မှန်းချက်ပန်းတိုင်တွေကို ကျွန်မတို့အနေနဲ့အတိအကျပဲ လေးစားလိုက်နာပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသလို ကျွန်မတို့နိုင်ငံကို ကုလသမဂ္ဂကိုကိုယ်စားပြုပြီး လာရောက်တဲ့ မည်သည့်တာဝန်ရှိတဲ့ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကမဆို ကျွန်မတို့နိုင်ငံကို ကုလသမဂ္ဂက အကူအညီပေးနေတဲ့ အပြောင်းအလဲကြီးသုံးခုဖြစ်တဲ့ Triple Transition ကို ဖြစ်စေ၊ ကုလသမဂ္ဂက ချမှတ်ထားတဲ့ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်တွေဖြစ်တဲ့ Sustainable Development Goals ကိုဖြစ်စေ၊ အနှောင့်အယှက်ဖြစ်စေမယ့်၊ အတားအဆီးဖြစ်စေမယ့်၊ အခက်အခဲဖြစ်စေမယ့်၊ အကျပ်အတည်းဖြစ်စေမယ့်၊ အဟန့်အတားဖြစ်စေတဲ့အပြင် တခြားသော ကမ္ဘာ့နိုင်ငံအသီးသီးတွေက သံသယဖြစ်စရာ ဝေဝါးထွေပြားစေတဲ့ ယေဘုယျဆန်တဲ့ စွပ်စွဲချက်တွေပါဝင်တဲ့၊ မမျှတတဲ့၊ မပြည့်စုံတဲ့၊ မမှန်ကန်တဲ့၊ မခိုင်လုံတဲ့ မည်သည့်သတင်းထုတ်ပြန်ချက်မျိုးကိုမှလည်း ကျွန်မတို့လိုလားမှုမရှိပါဘူး။ ဘာလို့လဲဆိုတော့ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်နေ့မှာ ကုလသမဂ္ဂရဲ့ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စယန်ဟီလီရဲ့ပြောကြားချက်တွေဟာ ကျွန်မတို့အဆိုရှင်ရဲ့ကျိုးကြောင်းဖော်ပြချက်ထဲမှာပါဝင်တဲ့ အတိုင်းပါပဲ။ (၁) ရခိုင်ပြည်နယ်မှာရှိနေတဲ့ ပကတိအခြေအနေတွေနဲ့ ကင်းကွာပြီးတော့ ပြည့်စုံစွာဖော်ပြခြင်းမရှိတာ။ (၂) လက်ရှိမြန်မာနိုင်ငံ အစိုးရအနေနဲ့ အားသွန်ခွန်စိုက်ဆောင်ရွက်နေတဲ့ ပြည်တွင်းငြိမ်းချမ်းရေးအပါအဝင် အမျိုးသားရင်ကြားစေ့ရေးလုပ်ဆောင်ချက်တွေကို လျစ်လျူပြုနေတာ။ (၃) ယခုလက်ရှိမှာ ကုလသမဂ္ဂနဲ့ မြန်မာနိုင်ငံတို့ တက်ကြွစွာပူးပေါင်းဆောင်ရွက်နေတဲ့ ဆောင်ရွက်ချက်အလုံးစုံကို မျက်ကွယ်ပြုထားတာတွေအပြင် မစ္စယန်ဟီလီသည် သူမရဲ့မိခင်အဖွဲ့အစည်းဖြစ်တဲ့ ကုလသမဂ္ဂက ချမှတ်ထားတဲ့ ရည်မှန်းချက်တွေ၊ ရေရှည်ဖွံ့ဖြိုးမှုပန်းတိုင်တွေကို လျှောက်လှမ်းနေတဲ့ ကျွန်မတို့မြန်မာနိုင်ငံရဲ့လမ်းခရီးကိုပင် အဟန့်အတားဖြစ်စေတဲ့၊ အတားအဆီးဖြစ်စေတဲ့ သတင်းထုတ်ပြန်ချက်မျိုးကို ပြုလုပ်ခဲ့တယ်လို့ ကျွန်မကတော့ မြင်ပါတယ်။ ဒါကြောင့်မို့လို့ မစ္စယန်ဟီလီရဲ့သတင်းထုတ်ပြန်ချက်အပေါ်မှာ ကျွန်မတို့ လာမယ့် အောက်တိုဘာမှာ ကျင်းပမယ့် ကုလသမဂ္ဂရဲ့အထွေထွေညီလာခံမှာ ဒီသတင်းထုတ်ပြန်ချက်အပေါ်မူတည်၍ သူမရဲ့အစီရင်ခံစာအပေါ်မှာမူတည်ပြီးတော့ ကျွန်မတို့နိုင်ငံရဲ့လုံခြုံရေး၊ ငြိမ်းချမ်း

ရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးတွေအတွက် အနှောင့်အယှက်၊ အဟန့်အတားဖြစ်စေမယ့် ဆုံးဖြတ်ချက်တစ်စုံတစ်ရာမျိုး ပေါ်လာတာမျိုးကို ကျွန်မတို့အထူးပဲ စိုးရိမ်ကြောင့်ကြလျက်ရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မအနေနဲ့ သေချာလေးနက်အောင် ကျွန်မထပ်ပြောချင်ပါတယ်။ ကျွန်မတို့သည် ကုလသမဂ္ဂအဖွဲ့အစည်းကိုဖြစ်စေ၊ ကုလသမဂ္ဂကဆောင်ရွက်နေတဲ့ ကျွန်မတို့နိုင်ငံအပါအဝင် တခြားသော ကမ္ဘာ့နိုင်ငံအသီးသီးကို ပေးအပ်နေတဲ့ ဖွံ့ဖြိုးမှုအစီအစဉ်တွေကိုဖြစ်စေ၊ ကျွန်မတို့အနေနဲ့ တက်ကြွစွာပူးပေါင်းဆောင်ရွက်နေရင်းနဲ့ပဲ ဇူလိုင်လ ၂၁ ရက်နေ့က သတင်းထုတ်ပြန်ခဲ့တဲ့ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မစ္စယန်ဟီလီရဲ့သတင်းထုတ်ပြန်ချက်များကိုတော့ ပြင်းပြင်းထန်ထန်ကန့်ကွက်ရပါတယ်လို့ ပြောကြားရင်းနဲ့ ဒီအဆိုကို ပါဝင်ဆွေးနွေးထောက်ခံလိုက်ရပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒလမဲဆန္ဒနယ်မှ ဒေါက်တာစိန်မြအေး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာစိန်မြအေး(ဒလမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဒလမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိန်မြအေး ဖြစ်ပါတယ်။ ဒေါ်သန္တာ၊ အိမ်မဲမဲဆန္ဒနယ်ကတင်သွင်းတဲ့ လူ့အခွင့်အရေးအထူးအစီရင်ခံစာတင်သွင်းသူ မစ္စယန်ဟီလီ၏ သတင်းထုတ်ပြန်ချက်အား ပြင်းထန်စွာကန့်ကွက်ကြောင်း အရေးကြီးအဆိုကို ထောက်ခံဆွေးနွေး တင်ပြသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ပြည်တွင်းရဲ့အင်အားကို အထူးယုံကြည်ပါတယ်။ ဒါပေမဲ့ လည်းပဲ ကျွန်တော်တို့အစိုးရရဲ့အခြေခံမူဝါဒဖြစ်တဲ့ ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်ရန်မူကို ကျွန်တော့်အနေနဲ့ ကန့်ကွက်ဆွေးနွေးသွားမှာမဟုတ်ပါဘူး။ မစ္စယန်ဟီလီဟာ နိုင်ငံတော်အစိုးရက ကူညီစီစဉ်ဆောင်ရွက်ပေးတဲ့ ၁၂ ရက်ကြာခရီးစဉ်မှာ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်ကို သွားခဲ့ပြီး အစိုးရတာဝန်ရှိပုဂ္ဂိုလ်များနှင့်တွေ့ဆုံအပြီး ၂၁-၇-၂၀၁၇ ရက်နေ့က ဒီနေ့လွှတ်တော်မှာ ပြင်းပြင်းထန်ထန်ကန့်ကွက်ဆွေးနွေးနေရတဲ့ သတင်းထုတ်ပြန်ချက်နှင့် သတင်းစာရှင်းလင်းပွဲကို ဆောင်ရွက်ခဲ့တဲ့ ကုလသမဂ္ဂရဲ့လူ့အခွင့်အရေးဆိုင်ရာအထူးအစီရင်ခံစာတင်သွင်းသူ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကုလသမဂ္ဂဟာ သူရဲ့အဖွဲ့ဝင်နိုင်ငံပေါင်း ၁၉၃ ခုအတွက် အရေးကြီးတဲ့ ဆုံးဖြတ်ချက်တွေကို Veto သုံးနိုင်တဲ့ငါးနိုင်ငံစလုံးက သဘောတူရပြီး ကျန်လုံခြုံရေးကောင်စီအလှည့်ကျ ၁၀ နိုင်ငံရဲ့ထက်ဝက်ကျော်ရဲ့ထောက်ခံချက်နဲ့ ဆုံးဖြတ်ရပါတယ်။ သိသာနိုင်ဖို့ပြောရရင် အဖွဲ့ဝင်တွေရဲ့ ပြည်တွင်းရေးကို တိုက်ရိုက်ဝင်ရောက်စွက်ဖက်ခွင့်မရှိပါဘူး။ ဒါပေမဲ့ ကျွန်တော်တို့နိုင်ငံရဲ့ ပြည်တွင်း

ရေးကို စွက်ဖက်ဖို့၊ ပြည်သူတွေရဲ့အကျိုးစီးပွား၊ ဆန္ဒနှင့်မညီတဲ့မူဝါဒ အတွေးအခေါ်တွေရှိတဲ့ အဖွဲ့ဝင်နိုင်ငံတွေလည်း အများအပြားရှိကြောင်း သိရပါတယ်။ အစီရင်ခံစာတင်သွင်းနိုင်သူရဲ့ အခုသတင်းထုတ်ပြန်ချက်အပါအဝင် အခြားထုတ်ပြန်ချက်တွေရဲ့နောက်ကြောင်းရာဇဝင်ကို လေ့လာရင် မြန်မာနိုင်ငံမူဝါဒလမ်းစဉ်နဲ့ သွေဖြည်ပြီးဖော်ပြခဲ့တဲ့နိုင်ငံတွေရဲ့အကျိုးစီးပွားအတွက် လူ့အခွင့်အရေးခေါင်းစဉ်တပ်ပြီး မြန်မာနိုင်ငံ၏ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်ကို ထိခိုက်လာနေနိုင်သလားလို့ စိုးရိမ်သံသယဖြစ်မိပါတယ်။ ဒါ့အပြင် သတင်းထုတ်ပြန်ချက်မှာ ဒီအစိုးရလက်ထက်မှာ ဒီကိုလာတာ သုံးခါရှိပြီ။ အရင်အစိုးရနှင့် ဘာမှမခြားဘူး။ အကန့်အသတ်အပိတ်အပင်တွေက အရင်အစိုးရနှင့် အခုအစိုးရ အတူတူပဲလို့ ဖော်ပြသွားခြင်းဟာ ကျွန်တော်တို့နိုင်ငံအစိုးရနှင့် ပြည်သူကို မျက်နှာကို အိုးမဲသုတ်သွားတာပါပဲ။ ပြည်သူလူထုကို မျက်မှန်စိမ်းတပ်၍ ကြည့်ခိုင်းလိုက်တာပါပဲ။ ပြည်သူနှင့်အစိုးရကိုသပ်လျှိုလိုက်တာပါပဲ။ အမျိုးသားရင်ကြားစေ့ရေးမူကို ဖြိုခွင်းသူလို့ ပြောရမလိုဖြစ်နေပြီလို့ဆိုရင်မှားမယ်မထင်ပါဘူး။ အမှန်ကတော့ ခရီးစဉ်အပြီးမှာ အခုလိုလွတ်လပ်စွာ ပြောဆိုရှင်းလင်းကြေညာချက်တွေ ထုတ်ဖော်ခွင့်ရနေတာကိုက ကျွန်တော်တို့နိုင်ငံလူ့အခွင့်အရေးတိုးတက်မှုဖြစ်တယ်ဆိုတာကို အသိအမှတ်ပြုစေလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်တင်ပြရရင် လူ့အခွင့်အရေးဆိုတာ ကျွန်တော်တို့လွှတ်တော်၊ ကျွန်တော်တို့အစိုးရရဲ့မပြစ်မပယ်လိုက်နာဆောင်ရွက်အပ်တဲ့ အခြေခံမူဝါဒဖြစ်ပေမဲ့လည်း တည်ဆဲဥပဒေတွေ၊ လုပ်ထုံးလုပ်နည်းနဲ့ ညွှန်ကြားချက်တွေကိုတော့ အားလုံးက လိုက်နာနိုင်မှလည်း တရားဥပဒေစိုးမိုးရေးနှင့် အာမခံနိုင်တဲ့ လူ့အခွင့်အရေးကို ရနိုင်မှာဖြစ်ပါတယ်။ လူ့အခွင့်အရေးဟာ ဥပဒေအထက်မှာ လောလောဆယ်မရှိနိုင်သေးပါဘူး။ ရှိမှာလည်းမဟုတ်ပါဘူး။ အဲဒီအတွက်လည်း အဲဒီနိုင်ငံကို အရေးယူရမယ်လို့ ပြဋ္ဌာန်းထားတဲ့၊ တိကျတဲ့ ဥပဒေမရှိပါဘူး။ အမေရိကန်နှင့် မစ္စယန်ဟီလီတို့ရဲ့တောင်ကိုရီးယားနိုင်ငံပင်လျှင် လူ့အခွင့်အရေးပိတ်ပင်မှုများ အနည်းအကျဉ်းရှိကြပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မစ္စယန်ဟီလီအနေနဲ့ ဘယ်လိုပဲဖြစ်ဖြစ်၊ အောက်တိုဘာလမှာ ကုလသမဂ္ဂမှာ မြန်မာနိုင်ငံရဲ့လူ့အခွင့်အရေးအစီရင်ခံစာကို တင်ပြတော့မှာဖြစ်ပါတယ်။ သူရဲ့ခရီးဆုံးကြေညာချက်မှာလည်းမြန်မာ့လူ့အခွင့်အရေးကို အမြင်မကြည်လင်ကြောင်း ပွင့်ပွင့်လင်းလင်းပြောသွားပြီးဖြစ်ပါတယ်။ ဒါကြောင့် မြန်မာ့ပြည်တွင်းရေးကို ဘက်လိုက်မှုတွေ၊ အဆိုးမြင်အချက်အလက်တွေနဲ့ အစီရင်ခံမယ်ဆိုတာ မျှော်လင့်လို့ရနေပါပြီ။ ဒါကြောင့် မကောင်းတာဆိုရင် အညွန့်မတက်ခင် ဖြတ်တောက်ရန်အရေးကြီးတာကြောင့် မစ္စယန်ဟီလီရဲ့ကြေညာချက်ကို လွှတ်တော်ကလည်း ပြင်းပြင်းထန်ထန်

ကန့်ကွက်ခြင်းဖြင့် နိုင်ငံတော်နှင့် ပြည်သူတွေရဲ့သဘောထားကို သိမှာဖြစ်တဲ့အတွက် ထောက်ခံတင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်ပြောရမယ်ဆိုလျှင် ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်ရန် အခြေခံမူဝါဒချမှတ်ထားသော နိုင်ငံတော်အစိုးရဟာ မစ္စယန်ဟီလီကြေညာချက်ကြောင့် ပြည်သူလူထုမှ နိုင်ငံတော်အစိုးရအား အထင်အမြင်မလွဲစေရန်နှင့် နိုင်ငံတကာမှလည်း အမြင်မှန်စေရန်အတွက် ဒေါ်သန္တာ၏အရေးကြီးအဆိုအား လေးလေးနက်နက်ထောက်ခံအပ်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးမြင့်မောင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးမြင့်မောင်(တပ်မတော်သားကိုယ်စားလှယ်)**။ ။ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးမြင့်မောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အိမ်မဲ မဲဆန္ဒနယ်မှ ဒေါ်သန္တာရဲ့အရေးကြီးအဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ Power Point သုံးစွဲခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်အနေနဲ့ ကျိုးကြောင်းဖော်ပြချက်သုံးချက်နဲ့ ဆွေးနွေးတင်ပြခဲ့တာကို တွေ့ရှိရပါတယ်။ မစ္စယန်ဟီလီဟာ အစိုးရသစ်လက်ထက်မှာ တတိယအကြိမ်မြန်မာနိုင်ငံကို ၁၂ ရက်ကြာလာရောက်ခဲ့တာဖြစ်ပါတယ်။ ခရီးစဉ်အတွင်းမှာ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့ကိုသွားရောက်ခဲ့ပြီး နေပြည်တော်မှာလည်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ ပြည်ထောင်စုဝန်ကြီးအချို့နဲ့ လွှတ်တော်မှတာဝန်ရှိသူများတွေ့ဆုံခဲ့ပါတယ်။ ဒီလိုတွေ့ဆုံရာမှာ အစိုးရကိုယ်စားလှယ်များက မြန်မာနိုင်ငံရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုများကျော်လွှားရန်ကိစ္စ၊ မြန်မာနိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းမှုရရှိရန် ကြိုးပမ်းနေမှုကိစ္စများ၊ လူမှုအသိုက်အဝန်းများကြား သဟဇာတဖြစ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုရရှိရေးတို့အတွက် အစိုးရမှဆောင်ရွက်နေမှုအခြေအနေမှန်များကို ရှင်းလင်းပြောကြားခဲ့ပါတယ်။ မြန်မာနိုင်ငံနှစ်ပေါင်းများစွာကြုံတွေ့ခဲ့ရသော ပဋိပက္ခများနှင့် ဖွံ့ဖြိုးတိုးတက်မှုနောက်ကျမှုတို့ကြောင့် ဖြစ်ပေါ်လာတဲ့ပြဿနာ များဖြေရှင်းရာမှာ တွေ့ကြုံရတဲ့အခက်အခဲများကို မစ္စယန်ဟီလီအနေနဲ့ မျက်ကွယ်ပြုကာ မှားယွင်း သောအချက်အလက်များဖြင့် သတင်းထုတ်ပြန်ခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အစိုးရအနေနဲ့ ငြိမ်းချမ်းရေးနဲ့ အမျိုးသားရင်ကြားစေ့ရေးလုပ်ငန်းတာဝန်များကို ယခင် အစိုးရထံမှအမွေခံ၍ အဓိကဦးစားပေးလုပ်ငန်းအနေနဲ့ ဆောင်ရွက်ခဲ့

ပါတယ်။ အမျိုးသားရင်ကြားစေ့ရေးတာဝန်ဟာ အပြောလွယ်သလောက် အလွန်ကြီးမားကျယ်ပြန့်လှပါတယ်။ နှစ်ပေါင်းကြာမြင့်စွာဖြစ်ပွားနေတဲ့ လက်နက်ကိုင်ပြဿနာများကို ဖြေရှင်းနိုင်ရန် ယခင်အစိုးရလက်ထက်က ဆောင်ရွက်ခဲ့တဲ့ NCA အခြေခံကာ ဆောင်ရွက်လျက်ရှိတာကိုတွေ့ရှိရပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ ရခိုင်ပြည်နယ်ရေးကိစ္စအပါအဝင် ပြည်တွင်းရေးရာကိစ္စရပ်များကို ဆောင်ရွက်ရာမှာ စိန်ခေါ်မှုအခက်အခဲများနဲ့ ယနေ့ထိတိုင် ရင်ဆိုင်နေရဆဲဖြစ်ပါတယ်။ ယခုအစိုးရသစ်လက်ထက်မှာလည်း ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေနဲ့ နိုင်ငံသားစိစစ်ရာမှာ ရခိုင်ပြည်နယ်အတွင်းမှာရှိတဲ့ ဘင်္ဂါလီအသိုက်အဝန်းများအနေနဲ့ အပြည့်အဝပူးပေါင်းဆောင်ရွက်ခြင်းမရှိတဲ့အတွက် ယနေ့အထိအခက်အခဲများဖြစ်ပေါ်လျက်ရှိပါတယ်။ နိုင်ငံသားမှန်ကန်သူများကို နိုင်ငံသားအခွင့်အရေးရရှိရေး တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ပေးနေသော်လည်းပဲ နောက်ကွယ်ကကြိုးကိုင်ထားတဲ့ ထိန်းချုပ်ဆောင်ရွက်နေတဲ့ ပြည်ပအဖွဲ့အစည်းများရဲ့ပယောဂများကြောင့် အောင်မြင်အောင်ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိကြောင်း တွေ့ရှိရပါတယ်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ ကနေဒါနဲ့ ဆွီဒင်နိုင်ငံခရီးစဉ်များမှာ အကြီးအကဲများတွေ့ဆုံစဉ် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အထူးသဖြင့် ရခိုင်ပြည်နယ်ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဟာ အထူးအလေးထားကြိုးပမ်းဆောင်ရွက်နေမှုများကို အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ဒီမိုကရေစီစနစ်ကို ကူးပြောင်းကျင့်သုံးခဲ့တဲ့ ၂၀၁၁ ခုနှစ်မှစပြီး UNHCR, ICRC အပါအဝင် ကုလသမဂ္ဂအဖွဲ့အစည်းပေါင်းများစွာနဲ့ နီးနီးကပ်ကပ်ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ အထူးသဖြင့် ICRC ဟာ ၂၀၁၇ ခုနှစ်အတွင်းမှာ ရခိုင်ပြည်နယ်၊ ဘူးသီးတောင်အကျဉ်းထောင်စစ်ဆေးခြင်း၊ သက္ကယ်ပြင်ရွာ ကယ်ဆယ်ရေးစခန်းများ စစ်ဆေးခြင်းအပါအဝင် လုပ်ငန်းပေါင်းကိုးခုကို ဆောင်ရွက်နိုင်ခဲ့ကြောင်း တွေ့ရှိရပါတယ်။ ယခုလို နိုင်ငံတကာအဖွဲ့အစည်းများနဲ့ ပူးပေါင်းဆောင်ရွက်ခြင်းဟာ နှစ်ဖက်လူ့အဖွဲ့အစည်းများအချင်းချင်း သဟဇာတဖြစ်ရေး ဦးတည်ဆောင်ရွက်ခဲ့ခြင်းပဲဖြစ်ပါတယ်။ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်ကိုလည်း ၂၄-၉-၂၀၁၄ ရက်နေ့မှာ စတင်ဖွဲ့စည်းခဲ့ပြီးတော့ တင်ပြပါလုပ်ငန်းတာဝန်များကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ မစ္စယန်ဟီလီရဲ့ ထုတ်ပြန်ကြေညာချက်မှာ လုံခြုံရေးတပ်ဖွဲ့တွေက စစ်ဆင်ရေးများအတွင်း ကျူးလွန်မှုတွေရှိတယ်လို့ စွပ်စွဲပြောဆိုတာတွေကို ဆက်လက်ပြီးလက်ခံရရှိနေကြောင်း၊ ချိုးဖောက်မှု၊ စွပ်စွဲမှုများအားလုံးကို စုံစမ်းစစ်ဆေးခြင်းအပါအဝင် အခိုင်အမာလုပ်ရပ်တွေ လုပ်ဆောင်ရမှာဖြစ်ကြောင်း ဖော်ပြထားပါတယ်။ ဒီအချက်နှင့်ပတ်သက်ပြီး ရှင်းလင်းတင်ပြရရင် နိုင်ငံတကာမီဒီယာအချို့နှင့်

မသမာသူတစ်စုက ဘင်္ဂါလီများကို သီးခြားတွေ့ဆုံကာ ကြံဖန်လုပ်ကြံထားသော ဗွီဒီယိုဖိုင်များ၊ ဓာတ်ပုံများအသုံးပြု၍ အကြမ်းဖက်တိုက်ခိုက်မှုများကို တန်ပြန်နှိမ်နင်းနေသော နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတပ်ဖွဲ့များက ထိုးနှက်တိုက်ခိုက်ခြင်းသာဖြစ်ပါတယ်။ ၎င်းကိစ္စနှင့်ပတ်သက်၍လည်း နိုင်ငံတော်ဒုတိယသမ္မတဦးဆောင်သော စုံစမ်းစစ်ဆေးရေးကော်မတီကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မစ္စယန်ဟီလီရဲ့ယခုခရီးစဉ်အတွင်းမှာလည်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ လွှတ်တော်ဥက္ကဋ္ဌများ၊ ပြည်ထောင်စုအစိုးရအဖွဲ့မှ သက်ဆိုင်ရာဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်တို့နှင့် တွေ့ဆုံရာမှာ မြန်မာနိုင်ငံရဲ့ပကတိအခြေအနေမှန်များကို အကြိမ်ကြိမ်ရှင်းလင်းပြောကြားခဲ့ပါတယ်။ မစ္စယန်ဟီလီရဲ့မြေပြင်ကွင်းဆင်းခရီးစဉ်များမှာ အမှန်တရားကို ထင်သာမြင်သာရှိစေရန်အတွက် ပံ့ပိုးကူညီပြီး ဆောင်ရွက်ပေးခဲ့ပါတယ်။ မစ္စယန်ဟီလီအနေနဲ့ ခရီးစဉ်အပြီးသတင်းထုတ်ပြန်ကြေညာရာမှာ အမှန်တရားကိုမျက်ကွယ်ပြု၍ အသေးဖွဲကိစ္စများကို ထောက်ပြကာပြည်ပအဖွဲ့အစည်းများရဲ့ ယခင်ထားရှိသည့် သဘောထားမှတ်ချက်အတိုင်း ပြောင်းလဲခြင်းမရှိတစ်ဖက်သတ် ထုတ်ပြန်ခြင်းဖြစ်တဲ့အတွက် အလွန်စိတ်ပျက်ဖွယ်ရာတွေ့ရှိရပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့လည်း ၂၂-၇-၂၀၁၇ ရက်နေ့မှာ မစ္စယန်ဟီလီရဲ့သတင်းထုတ်ပြန်ချက်အား အလွန်စိတ်ပျက်ဖွယ်ဖြစ်ကြောင်း ပြန်လည်တုံ့ပြန်တာကို တွေ့ရှိရပါတယ်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၄၈ မှာ နိုင်ငံတော်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ မည်သည့်နိုင်ငံသားကိုမျှ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ ရာထူး၊ ဌာန၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ အမျိုးသား၊ အမျိုးသမီး၊ ဆင်းရဲချမ်းသာတို့ကို အကြောင်းပြု၍ ခွဲခြားမှုမရှိစေရဟု ပြဋ္ဌာန်းထားရှိသည့်အတိုင်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အစိုးရအဆက်ဆက်အနေနဲ့ ပြည်တွင်းငြိမ်းချမ်းရေးရရှိရန် အစဉ်တစိုက်ကြိုးပမ်းဆောင်ရွက်ခဲ့တာကို တွေ့ရှိရမှာဖြစ်ပါတယ်။ ယခုအစိုးရလက်ထက်မှာလည်း ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးအတွက် အဓိကထား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ထာဝရငြိမ်းချမ်းရေးရရှိစေရေးဟာ မဖြစ်မနေအရေးကြီးဆောင်ရွက်ရမည့် လုပ်ငန်းစဉ်တစ်ခုအနေဖြင့် ယုံကြည်လက်ခံခဲ့တဲ့အတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ(၂၁)ရာစုပင်လုံကို နိုင်ငံတော်အစိုးရကဦးဆောင်၍ တပ်မတော်၊ တိုင်းရင်းသားလက်နက်အဖွဲ့အစည်းအားလုံးနှင့် နိုင်ငံရေးပါတီများ လက်တွဲပူးပေါင်းဆောင်ရွက်ခဲ့တာဟာ အတိုင်းအတာတစ်ခုအထိ ခရီးရောက်ခဲ့ပြီးဖြစ်ပါတယ်။

**မူကြမ်း**

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုလို မြန်မာနိုင်ငံကြိုးပမ်းဆောင်ရွက်ချက်များကို မျက်ကွယ်ပြုပြီး မိမိနိုင်ငံဟာ ကုလသမဂ္ဂနှင့် နိုင်ငံတကာမှ အထင်အမြင်လွဲမှားစေရန် တစ်ဖက်သတ်အမြင်ဖြင့် သတင်းထုတ်ပြန်ခဲ့မှုဟာ ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခဲ့ခြင်းပဲဖြစ်ပါတယ်။ အနာဂတ်နိုင်ငံတကာမှ ဖိအားများဖြစ်ပေါ်လာမဲ့ အခြေအနေအပေါ်မှာ နိုင်ငံတော်ရဲ့အကျိုးစီးပွားအတွက် နိုင်ငံအတွင်းမှီတင်းနေထိုင်သော တိုင်းရင်းသားအားလုံး ပြည်သူအင်အားသည် ပြည်တွင်းမှာသာရှိသည်၊ အရေးကြီးကသွေးနီးရမည် ဆိုသည့်အတိုင်း အားလုံးဥမကွဲ၊ အသိုက်မပျက်၊ စည်းလုံး။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကျော်ဇင်မိုး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးကျော်ဇင်မိုး(တပ်မတော်သားကိုယ်စားလှယ်)**။ ။ အားလုံး မင်္ဂလာပါခင်ဗျာ။ ကျွန်တော်ကတော့ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကျော်ဇင်မိုး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အိမ်မဲမဲဆန္ဒနယ်က ဒေါ်သန္တာတင်သွင်းတဲ့အရေးကြီးအဆိုနှင့်ပတ်သက်ပြီး ထောက်ခံအကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဗြိတိသျှကိုလိုနီခေတ်မှစ၍ ဘူးသီးတောင်၊ မောင်တောမြို့နယ်တွေကို လယ်လုပ်ကိုင်ရန် တစ်ဖက်နိုင်ငံဘင်္ဂလားနယ်မှ ရောက်ရှိလာတဲ့ ဘင်္ဂါလီတွေဟာ လွတ်လပ်ရေးရပြီးနောက်ပိုင်း အသွင်သဏ္ဌာန်ပြောင်းကာ မြေပေါ်မြေအောက်လှုပ်ရှားမှုများ ပြုလုပ်ခဲ့ပြီး မူကြားဟာစ်အကြမ်းဖက်သောင်းကျမ်းမှုများဖြင့် စစ်ရေးအရ လှုပ်ရှားလာပါတယ်။ ရခိုင်ပြည်နယ်အတွင်း တစ်ဖက်နိုင်ငံသားများ တရားမဝင်နည်းလမ်းပေါင်းစုံဖြင့် ဝင်ရောက်နေမှုကို အစိုးရအဆက်ဆက်က တင်ပြပါအတိုင်း စစ်ဆင်ရေးများ ပြုလုပ်ခဲ့ပြီး အကြိမ်ကြိမ်တားဆီးခဲ့ပါတယ်။ ၂၈-၅-၂၀၁၂ ရက်နေ့တွင် ရမ်းဗြဲမြို့နယ် ကျောက်နီမော်ရွာကျေးရွာမှ မသီတာထွေးအား ဘင်္ဂါလီသုံးဦးမှ အဓမ္မကျင့်သတ်ဖြတ်လူ့ယက်မှုဖြစ်ပွားခဲ့ပြီးနောက် ကျောက်နီပေါ်၊ တောင်ကုတ်ဒေသများတွင် အကြမ်းဖက်မှုများဖြစ်ပေါ်လာခဲ့ပြီး ရခိုင်ပြည်နယ်တစ်ခုလုံးတွင် စုစုပေါင်း ၁၁၉ ကြိမ် ဖြစ်ပွားခဲ့ပါတယ်။ ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်နေ့တွင် ဒေါက်တာမျိုးမြင့် ဦးဆောင်သည့် အဖွဲ့ဝင် ၂၅ ဦးပါဝင်သော ရခိုင်ပြည်နယ် ပဋိပက္ခစုံစမ်းစစ်ဆေးရေးကော်မရှင်ကို ဖွဲ့စည်းခဲ့ပြီး ကော်မရှင်သည်ဘက်လိုက်မှုမရှိဘဲ သမာသမတ်ကျစွာ သုံးသပ်တင်ပြဆောင်ရွက်မှုကြောင့် ကော်မရှင်အစီရင်ခံစာပါ အကြံပြုချက်များကို ရခိုင်ပြည်နယ်ရှိ ဒေသခံလူထုအားလုံးက လက်ခံကြကြောင်း သိရပါတယ်။ ၉-၁၀-၂၀၁၆ ရက်နေ့ နံနက် ၁ နာရီ မိနစ်

၃၀ ခန့်တွင် အကြမ်းဖက်ဘင်္ဂါလီများမှ နယ်ခြားစောင့်ရဲတပ်ဖွဲ့စခန်းများအား တစ်ပြိုက်နက်ဝင်ရောက်ကာအကြမ်းဖက်စီးနင်းတိုက်ခိုက်ခဲ့ပါတယ်။ ဖြစ်စဉ်များတွင် ဆုံးရှုံးသွားသည့်လက်နက်၊ ခဲယမ်းများအား ပြန်လည်ရရှိရန်နှင့် ဒေသခံတိုင်းရင်းသားများကို ကာကွယ်စောင့်ရှောက်ရန်အတွက် နယ်မြေရှင်းလင်းရေးဆောင်ရွက်ခဲ့သည့် တပ်မတော်စစ်ကြောင်းများအား ခြုံခိုတိုက်ခိုက်ခြင်း၊ ဘင်္ဂါလီရွာများအား မီးရှို့ကာတပ်မတော်မှ မီးရှို့သယောင်သတင်းလွှင့်ခြင်းများ ဆက်လက်ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၆ ခုနှစ် အောက်တိုဘာလမှ ၂၀၁၇ ခုနှစ် ဇွန်လကုန်အထိ မောင်တောခရိုင်တွင် အပြစ်မဲ့အရပ်သား ၄၇ ဦး အသတ်ခံခဲ့ရပြီး ကျေးရွာအုပ်ချုပ်ရေးမှူး လေးဦးအပါအဝင် အရပ်သား ၂၃ ဦး ပျောက်ဆုံးဖမ်းဆီး ခေါ်ဆောင်ခြင်းခံခဲ့ရပါတယ်။ OIC အနေနဲ့ မြန်မာနိုင်ငံရှိ ဘင်္ဂါလီများအရေးဝင်ရောက်ဆောင်ရွက်ခဲ့မှုများကတော့ တင်ပြပါအတိုင်း တွေ့ရမှာဖြစ်ပါတယ်။

မောင်တောဒေသအကြမ်းဖက် တိုက်ခိုက်မှုဖြစ်စဉ်သည် RSO အကြမ်းဖက်အဖွဲ့နှင့် အာဂျာဘူရာ၊ မူဂျာဟစ်ဒင်အဖွဲ့တို့၏ ပူးပေါင်းဆောင်ရွက်ချက်ဖြစ်ပြီး ဦးဆောင်သူကတော့ တင်ပြပါအတိုင်းဖြစ်ပါတယ်။ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များဟာ ပြင်ပနိုင်ငံတွေမှာရှိတဲ့ အစွန်းရောက်အဖွဲ့အစည်းများ၊ လူမျိုးရေးအရ သွေးခွဲလှုံ့ဆော်လိုသူများ၏ ထောက်ခံမှု၊ စည်းရုံးမှု၊ ငွေကြေးထောက်ပံ့မှုများ၊ တိုက်ခိုက်ရေးအတွေ့အကြုံရှိသူများ၏ ဦးဆောင်မှုဖြင့် အကွက်ကျကျ ဖန်တီးဖော်ဆောင်ထားတဲ့ အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်သည်ကို လေ့လာတွေ့ရှိရပါတယ်။ ယခုအခါ ကျေးရွာများတွင် အစိုးရနှင့်ပတ်သက်သူများ၊ သတင်းပေးသည်ဟု သံသယရှိသူများကို ခြိမ်းခြောက်မှုများ၊ ဖမ်းဆီးခေါ်ဆောင်သတ်ဖြတ်မှုများ မကြာခဏဖြစ်ပွားလျက်ရှိတာကို လုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေးကိုခြိမ်းခြောက်လျက်ရှိပါတယ်။

ထို့အတူ ရခိုင်ပြည်နယ်အတွင်းမှ ဖြစ်စဉ်များနှင့်ပတ်သက်၍ မဟုတ်မမှန်သတင်းများ လုပ်ကြံဖြန့်ချိ၍ နိုင်ငံတကာသတင်းမီဒီယာများ၊ လူ့အခွင့်အရေးအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရများထံ ပေးပို့ဖြန့်ချိ၍ အထင်မြင်လွဲမှားစေရန် ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရပါတယ်။ အကြမ်းဖက်တိုက်ခိုက်လှုပ်ရှားမှုများ တိုးမြင့်လာသည့်အထောက်အထားများနှင့် နိုင်ငံတကာက ပါဝင်စွက်ဖက်မှုများကိုလည်း တပ်မတော်အနေနဲ့ ရှာဖွေတွေ့ရှိခဲ့ပါတယ်။ ထို့အပြင် ၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့တွင် လူလုပ်လိုဏ်ခေါင်းများ၊ လက်နက်များနှင့် အကြမ်းဖက်သမားများခိုအောင်းနေသည့် အကြမ်းဖက်စခန်းတစ်ခုကို ဘူးသီးတောင်၊ မောင်တောဒေသရှိ မေယုတောင်တန်းပေါ်တွင် ရှာဖွေတွေ့ရှိခဲ့ပြီး အကြမ်းဖက်ဘင်္ဂါလီသုံးဦးအား အသေဖမ်းဆီးရရှိခဲ့ပါတယ်။ နိုင်ငံတော်အနေဖြင့် ၂၀၁၆

ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်နေ့တွင် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနက မစ္စတာကိုဖီအာနန်နှင့် နိုင်ငံခြားသားနှစ်ဦးအပါ အဝင်အဖွဲ့ဝင်ရှစ်ဦးဖြင့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင် ဖွဲ့စည်းခဲ့ပါတယ်။

ထို့အပြင် မောင်တောဒေသတွင်ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်ခံရမှုအပေါ် ဖြစ်ပွားရသည့် နောက်ခံအခြေအနေများနှင့် အဖြစ်မှန်ပေါ်ပေါက်စေရေး စုံစမ်းစစ်ဆေးရေးအနေနဲ့ နောင်အလားတူဖြစ်စဉ်မျိုးမဖြစ်ပွားစေရေးအတွက် ဆောင်ရွက်မှုတွင် နိုင်ငံတော်၏ တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းရှိ/မရှိတို့ကို စစ်ဆေးသုံးသပ်ခဲ့ပြီး အကြံပြုတင်ပြနိုင်ရန်အတွက် ဒုတိယသမ္မတ(၁) ဥက္ကဋ္ဌအဖြစ် ဦးဆောင်သော စုံစမ်းစစ်ဆေးရေးကော်မရှင်ကို ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့တွင် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ်(၈၉/၂၀၁၆)ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ကြောင်း တွေ့ရှိရပါတယ်။ တပ်မတော်အနေဖြင့်လည်း ယခုကဲ့သို့ အကြမ်းဖက်အဖွဲ့အစည်းများ၏ နိုင်ငံတော်အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကိုထိပါးလာမှုအပေါ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) အခန်း (၁) ပုဒ်မ ၂၅ အခန်း (၇) ပုဒ်မ ၃၃၇၊ ၃၃၉၊ ၃၄၁ တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံတော်၏ ကာကွယ်ရေးနှင့်လုံခြုံရေးအတွက် တန်ပြန်ချေမှုန်းရှင်းလင်းမှုများ ဆောင်ရွက်ခဲ့ရပါတယ်။ ထိုသို့အကြမ်းဖက်တိုက်ခိုက်မှုများအား တပ်မတော်မှ တန်ပြန်ချေမှုန်းရှင်းလင်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်းကာ တပ်မတော်ပေါ်ထိုးနှက်တိုက်ခိုက်လိုသူများ၊ နိုင်ငံတော်အချုပ်အခြာအာဏာကို ထိပါးလိုသူများ၊ မိမိတို့နိုင်ငံအတွင်း အကြမ်းဖက်သမားများကို ခြေကုတ်ရယူစေလိုသူများက မဟုတ်မမှန်သတင်းများကို ထုတ်လွှင့်ခြင်း၊ လူမျိုးသုဉ်းသတ်ဖြတ်မှုများ ဆောင်ရွက်နေသည်ဟု စွပ်စွဲခြင်း၊ အင်အားကိုအလွန်အကျွံ အသုံးပြုနေသည်ဟု စွပ်စွဲခြင်းတို့ပြုလုပ်လာခဲ့ကြပါတယ်။

လူ့အခွင့်အရေးအကြောင်းပြကာ ကုလသမဂ္ဂအခွင့်အရေးကောင်စီက ရခိုင်ပြည်နယ်အတွင်း စုံစမ်းစစ်ဆေးနိုင်ရန် အချက်အလက်ရှာဖွေဖော်ထုတ်ရေးအဖွဲ့ (Fact-Finding Mission)ကိုဖွဲ့စည်းပြီး မြန်မာနိုင်ငံသို့စေလွှတ်ရန် ၂၀၁၇ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့တွင် မဲမခွဲဘဲ အတည်ပြုခဲ့ပါတယ်။ ၎င်းအပြင် မိမိတို့၏ နိုင်ငံအပေါ် R to P ဆောင်ရွက်ရန်အထိ တွန်းအားပေးမှုများ ပြုလုပ်ခြင်း၊ ဆွေးနွေးပွဲများကျင်းပခြင်း၊ နိုင်ငံတကာတက္ကသိုလ်၊ ကောလိပ်များတွင် ဘွဲ့လွန်စာတမ်းများ ပြုစုတင်ပြခြင်းတို့ကိုပါ အချိန်ကိုက်ဆောင်ရွက်လာကြကြောင်း လေ့လာတွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အားဖြင့် မြန်မာနိုင်ငံအနေနှင့် လက်ရှိရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားနေသော ပဋိပက္ခများကို ကျယ်ကျယ်ပြန့်ပြန့် စနစ်တကျဖြေရှင်းဆောင်ရွက်နေမှုအပေါ် လူ့အခွင့်အရေးကို အကြောင်းပြကာ ၂၁-၇-၂၀၁၇ ရက်နေ့တွင် မှားယွင်းသောအချက်အလက်များ ကို အခြေခံကာသတင်းထုတ်ပြန်ခဲ့သော မစ္စယန်ဟီလီ၏ သတင်းထုတ်ပြန်ချက်အား ပြင်းထန်စွာ ကန့်ကွက်ကြောင်း အရေးကြီးအဆိုနှင့်ပတ်သက်၍ ထောက်ခံပါကြောင်းနှင့် နိုင်ငံတော်ပြည်သူလူထု နှင့် တပ်မတော်တို့၏ ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေများအပေါ် ကုလသမဂ္ဂအပါအဝင် ပြည်တွင်းပြည်ပအဖွဲ့အစည်းများအနေဖြင့် မှန်ကန်စွာရှုမြင်သုံးသပ်နိုင်စေရန်အတွက် အစိုးရ၊ လွှတ်တော်၊ ပြည်သူလူထု၊ သတင်းမီဒီယာစသည့် အဖွဲ့အစည်းအသီးသီးတို့က နိုင်ငံချစ်စိတ်၊ အမျိုးသားရေးစိတ်ဓာတ်တို့ဖြင့် တပ်မတော်၏ နိုင်ငံတော်လုံခြုံရေးအတွက် သဘောထားနှင့် ရပ်တည်ချက်ကို နားလည်သဘောပေါက်လက်ခံကာ အတူတကွပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါ တယ်။ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့်လည်း လွှတ်တော်တွင်း ဆွေးနွေးခြင်း၊ ဥပဒေပြုခြင်း၊ မဲခွဲဆုံးဖြတ်ခြင်းအပိုင်းတို့တွင် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားအတွက် လုံခြုံရေး ရှုထောင့်ကို အလေးပေးကာ စဉ်းစားဆောင်ရွက်သင့်ပါကြောင်းနှင့် နိုင်ငံတကာတွင် ပြဋ္ဌာန်းလျက် ရှိသော အမျိုးသားလုံခြုံရေးဆိုင်ရာဥပဒေများနည်းတူ မြန်မာနိုင်ငံတွင်လည်း ရေးဆွဲပြဋ္ဌာန်းထားသင့် ပါကြောင်း အကြံပြုတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကလောမဲဆန္ဒနယ်မှ ဒေါ်ပြုံးကေသီနိုင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါ်ပြုံးကေသီနိုင်(ကလောမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီး၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကျွန်မအနေနဲ့ အိမ်မဲမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်သန္တာရဲ့အဆိုကို ထောက်ခံရင်းအကြံပြုချက်အချို့နဲ့ ဆွေးနွေးသွားမှာဖြစ်ပါတယ်။ လက်ဝေခံအဖြစ် အလွှမ်းမိုးခံခြင်း ဟာ နိုင်ငံရဲ့အချုပ်အခြာအာဏာကိုသာမက ရာစုနှစ်ပေါင်းများစွာတည်ဆောက်လာခဲ့ရတဲ့ အမျိုးသား ရေးစရိုက်လက္ခဏာကို ခြိမ်းခြောက်စေသလို နိုင်ငံတကာနှင့်မဆက်ဆံဘဲ အထီးကျန်ခြင်းဟာ နိုင်ငံရဲ့ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစတဲ့ ကဏ္ဍများဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးစေနိုင် ပါတယ်။ ဒါကြောင့် ဒီအရေးပြဿနာကို ဖြေရှင်းတဲ့အခါ နိုင်ငံရေး၊ လူမှုရေးအရသာမက နိုင်ငံတကာ ရေးရာအရပါ အားလုံးဟန်ချက်ညီစွာ ထက်ထက်မြက်မြက်လုပ်ဆောင်နိုင်မှသာ အောင်မြင်မယ်ဆိုတာ အမြဲမျက်ခြေမပြတ်ဖို့ လိုပါတယ်။ မစ္စယန်ဟီလီရဲ့ လတ်တလောမြန်မာနိုင်ငံခရီးစဉ် အဆုံးထုတ်ပြန်

ကြေညာချက်ဟာ လက်ရှိပကတိအခြေအနေကို မဟာဗျူဟာမြောက်ခြုံငုံသုံးသပ်နိုင် စွမ်းအလွန် အားနည်းနေတာ တွေ့ရပါတယ်။ ရခိုင်ဒေသတွင်း နှစ်ဖက်သောလူ့အဖွဲ့အစည်းများမှ မှန်ကန်တိကျသော သတင်းများရရှိနိုင်ရေးအတွက် ၎င်းတို့ရဲ့ပူးပေါင်းဆောင်ရွက်မှုကို တည်ဆောက်နေတဲ့အခါမှာ နှစ်ဖက်လူမှုအဖွဲ့အစည်းများမှ ပူးပေါင်းပါဝင်ဆောင်ရွက်ကြသူများ၊ လက်ရှိမြေပြင်မှာ ရင်ဆိုင်ကြုံတွေ့နေရတဲ့ အခက်အခဲအန္တရာယ်များနှင့် အခြေအနေမှန်ကို မဖြစ်မနေထည့်သွင်းစဉ်းစားပြီးမှ သုံးသပ်ထားတဲ့ သုံးသပ်ချက်များဖြစ်ဖို့ အထူးလိုအပ်ပါတယ်။ မစ္စယန်ဟီးလီအနေနဲ့ ရခိုင်ပြည်နယ်အကြံပေးကော်မရှင်ကဲ့သို့ အဖွဲ့အစည်းမျိုးနဲ့လည်း ပူးပေါင်းဆောင်ရွက်သင့်ပါတယ်။ သက်ဆိုင်ရာလူမှုအဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များနှင့် ရက်ရှည်တွေ့ဆုံမေးမြန်းမှုများအား သုံးသပ်တင်ပြထားတဲ့ကော်မရှင်ရဲ့ အစီရင်ခံစာပါအချက်အလက်များကိုလည်း အရေးတယူထည့်သွင်းစဉ်းစားသင့်ပါတယ်။ ကျွန်မတို့မြန်မာနိုင်ငံဟာ လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီအရေးအတွက် နှစ်ပေါင်းရှည်ကြာကြိုးပမ်းနေခဲ့တဲ့ နိုင်ငံဆိုတာ ကုလသမဂ္ဂနဲ့တကွ နိုင်ငံတကာအသိုင်းအဝိုင်းမှ သိရှိပြီးဖြစ်ပါတယ်။ ဒီလိုအလွန်အရေးကြီးတဲ့ ဒီမိုကရက်တစ်အသွင်ကူးပြောင်းရေးဖြစ်စဉ်ကြီးထဲမှာ ရခိုင်အရေးပြဿနာဟာ အစိတ်အပိုင်းတစ်ခုဖြစ်ပါတယ်။ ပြည့်စုံလုံလောက်မှုမရှိတဲ့ မှားယွင်းတဲ့အချက်များလည်း ပါဝင်နေတဲ့ဒီလို လူ့အခွင့်အရေးနဲ့ပတ်သက်တဲ့တစ်ခြမ်းပဲ့ အစီရင်ခံစာများအပေါ်မှာသုံးသပ်ပြီး ရခိုင်အရေးကိစ္စကိုသာ စဉ်ဆက်မပြတ် ဖိအားပေးဆောင်ရွက်နေခြင်းဟာ မြန်မာ့ဒီမိုကရေစီအသွင် ကူးပြောင်းရေးဖြစ်စဉ်ကြီးတစ်ခုလုံးအတွက် လူ့အခွင့်အရေးနှင့်ဒီမိုကရေစီအရေးအတွက် နှစ်ပေါင်းများစွာတစိုက်မတ်မတ်လှုပ်ရှားရုန်းကန်ခဲ့ရတဲ့ ကြိုးပမ်းနေဆဲလည်းဖြစ်တဲ့ အစိုးရသစ်အတွက် အကျိုးရှိတဲ့အထောက်အပံ့ဖြစ်စေသလား၊ အဟန့်အတားဖြစ်စေသလားဆိုတာ ပြန်လည်သုံးသပ်မေးခွန်းထုတ်ကြဖို့ မြန်မာ့ဒီမိုကရေစီအသွင်ကူးပြောင်းရေးကိုလိုလားတဲ့ ကုလသမဂ္ဂနဲ့ နိုင်ငံတကာအသိုင်းအဝိုင်းကို လေးလေးနက်နက် တိုက်တွန်းလိုပါတယ်။ ရခိုင်အရေးမှာ ရေရှည်တည်တံ့မယ့် အောင်မြင်မှုရရှိနိုင်ဖို့ ကုလသမဂ္ဂနဲ့ ရခိုင်လူထု၊ ရခိုင်ပြည်နယ်အစိုးရကြား ယုံကြည်မှုတည်ဆောက်ရေးဟာ အထူးအရေးကြီးပါတယ်။ အခုအခါမှာ ရခိုင်ပြည်နယ်အစိုးရကဦးဆောင်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများကရခိုင်လူမှုအဖွဲ့အစည်းများ ပူးပေါင်းပါဝင်ရေးဆွဲလျက်ရှိတဲ့ ရခိုင် Rakhine State Social Economic Development Plan ဆိုတဲ့ ရခိုင်ပြည်နယ် လူမှုစီးပွားဖွံ့ဖြိုးရေးဆိုင်ရာ ငါးနှစ်စီမံကိန်းရေးဆွဲရာမှာ ကုလသမဂ္ဂနှင့် ၎င်းရဲ့ဖွံ့ဖြိုးရေးမိတ်ဖက်များမှ ငွေကြေးနှင့် နည်းပညာဆိုင်ရာအကူအညီများ ပံ့ပိုးပေးလျက်ရှိပါတယ်။ ဒီလို တည်ဆောက်လျက်ရှိတဲ့ယုံကြည်ချက်ကို ပျက်ပြားချိန့်စေသော သဘောထား

မှတ်ချက်များ၊ လုပ်ဆောင်ချက်များဟာ ရခိုင်ဒေသငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးအတွက် ကြီးစွာသော အတားအဆီးများကိုသာ ဖြစ်စေကြောင်းလည်း ထောက်ပြလိုပါတယ်။ ပြည့်စုံမှန်ကန်မှုအားနည်းနေတဲ့ တစ်ခြမ်းပဲ့ အစီရင်ခံစာများ၊ သုံးသပ်ထုတ်ပြန်ကြေညာချက်များ၊ နောက်ကွယ်မှာရှိနေနိုင်တဲ့ အကြောင်းအရင်းများစွာထဲက ကျွန်မတို့အနေနဲ့ မဖြစ်မနေလုပ်ဆောင်သင့်တဲ့အချက်အချို့ကိုလည်း ထောက်ပြဆွေးနွေးလိုပါတယ်။ မိမိတို့နိုင်ငံရဲ့အခြေအနေမှန်ကို နိုင်ငံတကာမှ အမှန်အတိုင်းသိအောင် ဆောင်ရွက်တဲ့အခါ နိုင်ငံတကာမှာအသုံးပြုနေတဲ့ လုပ်ထုံးလုပ်နည်းများအတိုင်း လိုက်ပါဆောင်ရွက်မှု အရှိန်အဟုန်ကို မြှင့်တင်ဖို့လိုပါတယ်။ ဥပမာ - United Nations Periodic Review CEDAW စတဲ့ နိုင်ငံတကာသဘောတူစာချုပ်များပါ ပုံမှန်အစီရင်ခံစာတင်သွင်းခြင်း၊ International Treaties Reporting Mechanism များကို ထိထိရောက်ရောက်အသုံးချသင့်ပါတယ်။ ဒီလို Report များဟာ ဆိုရင် ဘာသာများစွာပြန်ဆိုပြီး နိုင်ငံတကာ Website များမှာ လွှင့်တင်ထားတာလည်း ဖြစ်ပါတယ်။ သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် မိမိတို့ရင်ဆိုင်ကြုံတွေ့နေရတဲ့ အခက်အခဲ၊ စိန်ခေါ်မှုများ ဖြေရှင်း ဆောင်ရွက်နေမှုများကို ဝတ္တရားကျေမဟုတ်ဘဲ အစီရင်ခံစာများမှာ ထိထိမိမိထည့်သွင်းဖော်ပြနိုင်ရေး ကိုလည်း အလေးအနက်ဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်။

ရခိုင်အရေးအတွက် အစိုးရကိုယ်စားပြုပြောရေးဆိုခွင့်ရှိသော နိုင်ငံတကာအသိုင်းအဝိုင်းမှာ ဝင်ဆံ့လေးစားဖွယ်ပုဂ္ဂိုလ်များပါဝင်တဲ့ Special Envoy များကို လိုအပ်သလို ကုလသမဂ္ဂသို့ အခါအားလျော်စွာစေလွှတ်၍ တိုက်ရိုက်ဆက်ဆံစေသောနည်းလမ်းများကိုလည်းပဲ အသုံးပြုသင့်သလို ကုလသမဂ္ဂရုံးစိုက်ရာ New York မြို့မှာ ရခိုင်အရေးနှင့်ပတ်သက်ပြီး နောက်ဆုံးရသတင်းများ၊ အစိုးရ ရဲ့ဆောင်ရွက်ချက်များကို လိုအပ်သလို အချိန်နှင့်တစ်ပြေးညီ ပြန်ကြားပေးနိုင်သော အထူးဌာနစိတ် များ ဖွင့်လှစ်ခြင်းများလည်းပြုသင့်ကြောင်း အကြံပြုလိုပါတယ်။ ပြည်ထောင်စုလွှတ်တော် ပါလီမန်များ ညီလာခံဆိုင်ရာပူးပေါင်းကော်မတီနှင့် အပြည်ပြည်ဆိုင်ရာပါလီမန်များအဖွဲ့ပူးပေါင်း ကော်မတီများ အနေနဲ့ အာဆီယံဒေသတွင်းပါလီမန်များနှင့်ရော နိုင်ငံတကာပါလီမန်များနှင့်ပါ ဆက်ဆံရေးပိုမို ကောင်းမွန်အောင် တည်ဆောက်ရေးအတွက် အလေးထားကြိုးပမ်းကြရန် လိုအပ်သလို မိမိတို့အသံ များကို ၎င်းပါလီမန်များမှတစ်ဆင့် ကမ္ဘာ့နိုင်ငံအနှံ့အပြား မှန်ကန်ထိရောက်စွာကြားသိနိုင်ရေးအတွက် လည်း ရည်မှန်းချက်ထားဆောင်ရွက်သင့်ပါတယ်။

နောက်ဆုံးအချက်ကတော့ ကျွန်မတို့ရဲ့ တည်ဆဲဥပဒေ၊ နည်းဥပဒေများကျိုးကြောင်းဆီလျော် ခိုင်မာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တိုက်ရိုက်သက်ဆိုင်နေပါတယ်။ ဒါဟာလည်း ကျွန်မတို့ နိုင်ငံသူ

နိုင်ငံသားအားလုံး၊ အဖွဲ့အစည်းအသီးသီးမှပုဂ္ဂိုလ်များအားလုံး ပူးပေါင်းဆောင်ရွက်ရမယ့်ကိစ္စဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးမှုအောက်ရှိ လုံခြုံရေးအရ အရေးယူဆောင်ရွက်ရတဲ့ကိစ္စရပ်တိုင်းမှာ ပွင့်လင်းမြင်သာရှိမှုဆိုတာ အလိုအလျောက်ပါဝင်လာပါတယ်။ ပွင့်လင်းမြင်သာမှုကို အဓိကအားဖြည့်ပေးနိုင်တဲ့အပြင် နိုင်ငံတကာမှာပေါက်ရောက်တွင်ကျယ်ဖို့ တွန်းအားပေးနိုင်တဲ့၊ ကျင့်ဝတ်နဲ့ပြည့်စုံတဲ့ ပြည်တွင်းပြည်ပသတင်းသမားများ၊ မှန်ကန်တဲ့သတင်းများကို ကမ္ဘာကသိအောင်ဖော်ပြနိုင်ရေးကိုလည်းပဲ နိုင်ငံရေးရည်မှန်းချက်အနေနဲ့ထားရှိပြီး အားလုံးဝိုင်းဝန်းဆောင်ရွက်လာနိုင်ဖို့ ကြိုးစားရမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ မစ္စယန်ဟီလီရဲ့ သဘောထားကြေညာချက်ပါ အချက်အချို့ဟာ ရခိုင်အရေးပြဿနာကို ဖြေရှင်းဆောင်ရွက်ရာတွင်လည်းကောင်း၊ မြန်မာ့ဒီမိုကရေစီအသွင်ကူးပြောင်းရေးဖြစ်စဉ်ကြီးတစ်ခုလုံးအတွက်လည်းကောင်း၊ မည်သို့မှ အကျိုးမပြုနိုင်ပါသောကြောင့် ကန့်ကွက်ပါကြောင်းနှင့် ဒီအရေးကိစ္စမှာ ကျွန်မတို့ဟာ စိုးရိမ်သိမ်ငယ်စရာမလိုသလို ရှောင်ပြေးနေရန်လည်း မလိုပါဘဲ ပြဿနာကိုလက်ခံပြီး ရင်ဆိုင်ဖြေရှင်းနိုင်တဲ့ ဉာဏ်နဲ့ယှဉ်တဲ့သတ္တိနဲ့ စည်းလုံးညီညွတ်မှုသာ လိုမယ်ဖြစ်ပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဒေါ်သန္တာ၊ အိမ်မဲမဲဆန္ဒနယ်က တင်သွင်းသည့် အရေးကြီးအဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့်လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ နိုင်ငံခြားရေးဝန်ကြီးဌာနက ပြန်လည်ရှင်းလင်း ဆွေးနွေးရန်ဖြစ်ပါတယ်။

**ဦးကျော်တင်(ဒုတိယဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်တင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အိမ်မဲမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်သန္တာရဲ့အရေးကြီးအဆိုနဲ့ ပတ်သက်ပြီးတော့ နိုင်ငံခြားရေးဝန်ကြီးဌာနအနေနဲ့ ရှင်းလင်းဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီရဲ့ (၃၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေးမှာ မြန်မာနိုင်ငံရဲ့ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စယန်ဟီလီရဲ့ လုပ်ငန်းတာဝန် Mandate ကို သက်တမ်းတစ်နှစ် ထပ်မံ

တိုးမြှင့်ရန်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ အဲဒီဆုံးဖြတ်ချက်အရ မြန်မာနိုင်ငံရဲ့ လူ့အခွင့်အရေးအခြေအနေကို ဆက်လက်စောင့်ကြည့်လေ့လာပြီးတော့ လာမည့်ကုလသမဂ္ဂ အထွေထွေညီလာခံမှာ သူ့ရဲ့အစီရင်ခံစာကိုတင်သွင်းဖို့ တာဝန်ပေးအပ်ခဲ့ခြင်း ဖြစ်ပါတယ်။ ပထမဦးစွာ ကျွန်တော့်အနေနဲ့ မြန်မာနိုင်ငံ အစိုးရရဲ့ လူ့အခွင့်အရေးနဲ့ပတ်သက်ပြီးတော့ ချဉ်းကပ်ဆောင်ရွက် နေပုံကိုတင်ပြလိုပါတယ်။ မြန်မာနိုင်ငံအစိုးရဟာ ယခုအခါမှာ အမျိုးသားရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေးကိုဦးစားပေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်နေခြင်းဟာ မိမိတို့ပြည်သူပြည်သားတွေအားလုံးရဲ့ အေးချမ်းလုံခြုံစွာနေထိုင်ခွင့်ရရှိရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဒီမိုကရေစီအခြေခံလွတ်လပ်ခွင့်များရရှိရေးအပါအဝင် အခြေခံကျတဲ့လူ့အခွင့်အရေးတွေကို ကာကွယ်မြှင့်တင်ရေးအတွက် ဦးတည်ကြိုးပမ်းနေခြင်းပဲဖြစ်ပါတယ်။ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေးရရှိလာတာနဲ့အမျှ လက်နက်ကိုင်ပဋိပက္ခနဲ့ပတ်သက်တဲ့ လူ့အခွင့်အရေးဆုံးရှုံးမှုတွေဟာလည်း တဖြည်းဖြည်းနဲ့ အဆုံးသတ်သွားမှာဖြစ်ပါတယ်။ ယင်းကဲ့သို့ လူ့အခွင့်အရေးကာကွယ်မြှင့်တင်ရေးဆောင်ရွက်ကြရာမှာ အပြစ်တင်ရှုံ့ချဝေဖန်မှုပြုလုပ်ခြင်းနည်းလမ်းထက်ကို လူ့အခွင့်အရေးမြှင့်တင်ရေးကို အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်နေတဲ့ အစိုးရနဲ့ပူးပေါင်းဆောင်ရွက်ခြင်း၊ ကူညီပံ့ပိုးပေးခြင်းနည်းလမ်းနဲ့ဆောင်ရွက်မှသာ ထိရောက်အောင်မြင်လိမ့်မယ်လို့ ကျွန်တော်တို့ အနေနဲ့ခိုင်မာစွာရပ်တည်ထားပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံအစိုးရအနေနဲ့ လူ့အခွင့်အရေးနဲ့ပတ်သက်လို့ အပြုသဘော ဝေဖန်ထောက်ပြအကြံပြုချက်တွေကို အလေးအနက်ထားပြီးတော့ မိမိတို့နိုင်ငံရဲ့ ပကတိအခြေအနေနဲ့အညီ ဆုံးဖြတ်ဆောင်ရွက်လျက်ရှိသလိုပဲ လူ့အခွင့်အရေးကိစ္စနဲ့ပတ်သက်လို့ ထိပ်တိုက်ရင်ဆိုင်တွေ့ဆုံခြင်း နည်းလမ်းထက်ကို ထိတွေ့ဆက်ဆံပူးပေါင်းဆောင်ရွက်တဲ့ နည်းလမ်းဖြင့်ချဉ်းကပ်ဆောင်ရွက်လျက်ရှိပါတယ်။

ကုလသမဂ္ဂနဲ့ ပူးပေါင်းဆောင်ရွက်ရေးဟာ စောစောကပြောကြားတဲ့အတိုင်း မြန်မာ့နိုင်ငံခြားရေးမူဝါဒရဲ့ အခြေခံအုတ်မြစ်တစ်ခုဖြစ်သည်နှင့်အညီ ကုလသမဂ္ဂရဲ့ မြန်မာနိုင်ငံရဲ့ လူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူအဆက်ဆက်ရဲ့ ခရီးစဉ်တွေကို အစဉ်တစိုက်လက်ခံပြီးတော့ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ မစ္စယန်ဟီလီကို ၂၀၁၄ ခုနှစ်မှာ အထူးအစီရင်ခံစာ တင်သွင်းသူခန့်အပ်ခဲ့ပြီးတဲ့နောက်ပိုင်းမှာ ယခင်အစိုးရလက်လက်မှာ သုံးကြိမ်၊ မိမိတို့အစိုးရ လက်ထက်မှာ သုံးကြိမ်လက်ခံခဲ့ပြီးဖြစ်ပါတယ်။ ယခင်တုန်းက ငါးရက်ကနေ ဆယ်ရက်လောက်သာ လက်ခံရာကနေပြီးတော့ ၁၂ ရက်ထိ အချိန်ကာလမြှင့်တင်ပြီးတော့လည်း စီစဉ်ဆောင်ရွက်ပေးခဲ့ပါတယ်။ အထူးအစီရင်ခံစာတင်သွင်းသူ ခန့်အပ်ခြင်းဟာဆိုလို့ရှိရင်လည်း သက်ဆိုင်ရာနိုင်ငံတွေရဲ့

လူ့အခွင့်အရေးနဲ့ပတ်သက်တဲ့ စိန်ခေါ်မှုအခက်အခဲတွေကို ဖြေရှင်းရေးအပေါ်မှာ အထောက်အကူပြုစေရန်ရည်ရွယ်ချက်နဲ့ ခန့်အပ်တာဝန်ပေးအပ်ခြင်းဖြစ်ပါတယ်။ အဲဒီလိုခန့်အပ်တဲ့နေရာမှာ အထူးအစီရင်ခံစာတင်သွင်းသူများ လိုက်နာရမည့်ကျင့်ဝတ်ကိုလည်း တိတိကျကျပြဋ္ဌာန်းထားပါတယ်။ အဲဒီကျင့်ဝတ်ထဲမှာ အထူးအစီရင်ခံစာတင်သွင်းသူတွေဟာ ၎င်းတို့ရဲ့ သဘောထားအမြင်တွေကို ဖော်ပြတဲ့အခါ အထူးသဖြင့် လူ့အခွင့်အရေးချိုးဖောက်မှုတွေနဲ့ပတ်သက်ပြီးတော့ အများပြည်သူကို ထုတ်ဖော်ပြောကြားတဲ့အခါမှာ သက်ဆိုင်ရာနိုင်ငံရဲ့ တုံ့ပြန်ချက်သဘောထားများကိုလည်း မျှမျှတတ ဖော်ပြရမယ်ဆိုပြီးတော့ ပါရှိပါတယ်။ ဒါ့အပြင် အစီရင်ခံစာတင်သွင်းသူအနေဖြင့် ဘက်လိုက်မှုကင်းရှင်းရန်၊ မျှတမှုရှိရန်၊ လွတ်လပ်မှုရှိရန်၊ ရိုးသားမှုရှိရန်နှင့် တိကျမှန်ကန်ပြီးတော့ ဓမ္မဓိဋ္ဌာန်ကျကျ သုံးသပ်မှုများပြုလုပ်ရန်လည်း ဖော်ပြပါရှိထားပါတယ်။ ဒါပေမဲ့ မစ္စယန်ဟီလီရဲ့ အစီရင်ခံစာအများစုဟာဆိုရင် သုံးသပ်ချက်တွေဟာ အပြုသဘောမဆောင်ဘဲနဲ့ အပြစ်ရှာတဲ့ရှုထောင့်နဲ့ကြည့်ထားတာကိုလည်း တွေ့ရပါတယ်။ နောက်ပြီးတော့ ဓမ္မဓိဋ္ဌာန်ကျမှု၊ မျှတမှု၊ ကင်းမဲ့မှုများကိုလည်းအထင်အရှားတွေ့မြင်နေရပါတယ်။ မစ္စယန်ဟီလီအနေဖြင့် ယခုခရီးစဉ်နောက်ဆုံးနေ့မှာ ထုတ်ပြန်ခဲ့တဲ့ ထုတ်ပြန်ကြေညာချက်မှာ ပြောကြားချက်တွေဟာ တိကျမှန်ကန်မှုနဲ့ မျှတမှုမရှိသဖြင့် အစီရင်ခံစာတင်သွင်းသူလိုက်နာရမည့် ကျင့်ဝတ်တွေကိုလိုက်နာမှုများစွာအားနည်းကြောင်းသုံးသပ် ရရှိပါတယ်။ ဒါကြောင့်မို့ မစ္စယန်ဟီလီရဲ့ ထုတ်ပြန်ချက်ကြေညာပါ ပြောကြားချက်များနဲ့ပတ်သက်ပြီး စိတ်ပျက်ရကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနကနေပြီးတော့ သတင်းထုတ်ပြန်ခဲ့ခြင်း ဖြစ်ပါတယ်။

အထူးအစီရင်ခံစာတင်သွင်းသူဟာ စိစစ်ရခြင်းမပြုရတဲ့ သတင်းတွေ၊ အတည်မပြုရသေးတဲ့ စွပ်စွဲချက်တွေကို ထည့်သွင်းဖော်ပြခဲ့သော်လည်းပဲ အဲဒီစွပ်စွဲချက်တွေနဲ့ပတ်သက်ပြီးတော့ အစိုးရတာဝန်ရှိသူများဘက်မှ ရှင်းလင်းပြောကြားချက်များကို မစ္စယန်ဟီလီအနေဖြင့် ထင်ဟပ်ဖော်ပြခြင်းမပြုခဲ့တာကို တွေ့ရပါတယ်။ ဒါကြောင့်မို့လို့ သူ့ရဲ့ထုတ်ပြန်ချက်ဟာ ဟန်ချက်ညီမျှမှုကင်းမဲ့ပြီးတော့ ဘက်လိုက်မှုများရှိနေတယ်လို့ သုံးသပ်ရပါတယ်။ မြန်မာနိုင်ငံအစိုးရအနေနဲ့ ရခိုင်ပြည်နယ်မှာ တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်မှုရရှိစေရေး၊ လူ့အဖွဲ့အစည်းနှစ်ရပ်ကြား သဟဇာတရှိစွာဖြင့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးအတွက် ရေရှည်တည်တံ့မယ့်ဖြေရှင်းမှု ရရှိရေးအတွက်ကို ကြိုးပမ်းဆောင်ရွက်မှုများနဲ့ အဲဒီလိုရင်ဆိုင်ဖြေရှင်းတဲ့အခါမှာ တွေ့ကြုံနေရတဲ့အခက်အခဲ၊ စိန်ခေါ်မှုတွေကိုလည်း ဖော်ပြထားခြင်းမရှိပါဘူး။ နောက်ပြီးတော့ ရခိုင်ပြည်နယ်မှာ အပြစ်မဲ့ပြည်သူများ အသက်အန္တရာယ်ခြိမ်းခြောက်ခံနေရမှုများကိုလည်း သူမအနေဖြင့်ထည့်သွင်း ပြောကြားမှုမရှိခြင်း

မှာလည်း ပကတိအခြေအနေကို လျစ်လျူရှုတဲ့သဘောမျိုးသက်ရောက်နေပါတယ်။ မစ္စယန်ဟီလီရဲ့ ကနဦးထုတ်ပြန်ပြောကြားချက်များအရ (၇၂)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံကို ဂုင်းတင်သွင်းမယ့်အစီရင်ခံစာမှာလည်း ဖော်ပြမယ့်အချက်တွေဟာ မျှတမှုမရှိတဲ့ တစ်ဖက်စောင်းနင်း သုံးသပ်တင်ပြချက်များ ပါဝင်လာနိုင်တဲ့အတွက် မှားယွင်းသောဆုံးဖြတ်ချက်များ ပေါ်ပေါက်လာနိုင်မယ်ဆိုတဲ့စိုးရိမ်စိတ်တွေဟာ ခိုင်လုံတဲ့စိုးရိမ်မှုများ ဖြစ်ပါတယ်။

မြန်မာနိုင်ငံအနေနဲ့ အစီရင်ခံစာမှာ ပါဝင်လာနိုင်တဲ့ စွပ်စွဲချက်များနဲ့ပတ်သက်ပြီးတော့ လိုအပ်တဲ့စိစစ်မှုများပြုလုပ်ပြီးတော့ လိုအပ်သောအရေးယူမှု၊ တုံ့ပြန်မှုများ ပြုလုပ်သွားကြရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ ဒီမိုကရေစီစနစ်ကိုငြိမ်းချမ်းစွာကူးပြောင်းလိုသော မိမိတို့အစိုးရအနေဖြင့် မြန်မာပြည်သူများအားလုံးရဲ့ အခြေခံလူ့အခွင့်အရေးရရှိရေးအတွက် အကန့်အသတ်များ၊ အခက်အခဲမျိုးကြားကနေပြီးတော့ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ သိသာထင်ရှားတဲ့တိုးတက်မှုတွေလည်း ရရှိနေပါတယ်။ ကမ္ဘာပေါ်မှာ လူ့အခွင့်အရေးမှတ်တမ်း လုံးဝဥဿုံပြည့်စုံကောင်းမွန်တယ်ဆိုတဲ့နိုင်ငံ တစ်နိုင်ငံမှမရှိပါဘူး။ အဲဒီလိုပဲ မြန်မာနိုင်ငံရဲ့ဒီမိုကရေစီအသွင်ကူးပြောင်းကာစ မြန်မာနိုင်ငံမှာလည်းပဲ လူ့အခွင့်အရေးဆိုင်ရာစိန်ခေါ်မှုတွေ အမြောက်အမြားရင်ဆိုင်နေရသည်ကို သူမအနေဖြင့် ကောင်းစွာနားလည်မှုရှိရန် လိုအပ်ပါတယ်။

လူ့အခွင့်အရေးကာကွယ်ရေးဆောင်ရွက်ရာမှာ အသိုင်းအဝိုင်းတစ်ခုတည်းအတွက်သာမကဘဲ လူမျိုး၊ ဘာသာ၊ ကျား/မ မခွဲခြား လူမှုအသိုင်းအဝိုင်းအားလုံးရဲ့ အခွင့်အရေးကာကွယ်ရေးကို ကြိုးပမ်းဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံအစိုးရအနေနဲ့ အမွေဆက်ခံခဲ့ရတဲ့လက်နက်ကိုင်ပဋိပက္ခတွေ၊ နိုင်ငံရေးအယူအဆကွဲပြားမှုတွေ၊ ဖွံ့ဖြိုးနောက်ကျမှုနဲ့ ဆင်းရဲနွမ်းပါးမှုအပါအဝင် စိန်ခေါ်မှုအမြောက်အမြားကို ဖြေရှင်းရေးအတွက် လူမှုအဖွဲ့အစည်းတွေကြားမှာ ယုံကြည်မှုတည်ဆောက်ရေးနဲ့ ကွဲပြားခြားနားမှုများကို အင်အားအဖြစ်ပြောင်းလဲရန် အလေးထားဆောင်ရွက်နေချိန်ဖြစ်ပါတယ်။ ဒီလိုအရေးကြီးတဲ့အချိန်အခါမျိုးမှာ လူ့အသိုင်းအဝိုင်းတစ်ခုတည်းရဲ့ လူ့အခွင့်အရေးကာကွယ်မြှင့်တင်ရေးကိုသာ အာရုံစိုက်ပြီး မမျှမတပြောကြားချက်များဟာ မြန်မာနိုင်ငံရဲ့လူမှုအဖွဲ့အစည်းအသိုက်အဝန်းများကြားမှာ စိတ်ဝမ်းကွဲမှုတွေ ပိုမိုဖြစ်ပေါ်လာစေပြီးတော့ ပြဿနာကို ပိုမိုရှုပ်ထွေးပြီးတော့ မတည်ငြိမ်မှုတွေ ဖြစ်ပွားလာနိုင်တယ်လို့ သုံးသပ်ရပါတယ်။ ဒါကြောင့်မို့လို့ ကုလသမဂ္ဂရဲ့ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စယန်ဟီလီရဲ့ သတင်းထုတ်ပြန်ချက်နဲ့ပတ်သက်ပြီးတော့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

ဒေါ်သန္တာ တင်သွင်းတဲ့အဆိုကို ကြိုဆိုထောက်ခံပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဆိုရှင်ရဲ့သဘောထားပြောပါ။

**ဒေါ်သန္တာ(အိမ်မဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတင်သွင်းတဲ့ အရေးကြီးအဆိုကို ဝိုင်းဝန်းထောက်ခံ အကြံပြုဆွေးနွေးကြတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၃ ဦးကိုလည်း အထူးပဲကျေးဇူးတင်ရှိပါတယ်။ ကျွန်မတို့ ဒီအဆိုကို သေချာရှင်းလင်းပြောကြားသွားပေးတဲ့ ဒုတိယဝန်ကြီးကိုလည်း အင်မတန်မှကျေးဇူးတင်ရှိပါတယ်။ ကျွန်မ အဆိုကို စတင်စဉ်ကလည်း ပြောခဲ့ပါတယ်။ ဒီထဲမှာပါဝင်တဲ့ရည်ရွယ်ချက်တွေအကြောင်း မစ္စယန်ဟီလီရဲ့ သတင်းထုတ်ပြန်ကိုကန့်ကွက်ရခြင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ ကုလသမဂ္ဂအဖွဲ့အစည်းနဲ့ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးခါစကတည်းက အဓိကလူ့အခွင့်အရေးကြေညာစာတမ်းကို အဓိကဝင်ပြီး လက်မှတ်ထိုးခဲ့တဲ့နိုင်ငံဖြစ်ပါတယ်။ နောက်ပြီးတော့ ကုလသမဂ္ဂရဲ့မူ (၅)ချက်ထဲကနေပြီး နိုင်ငံတကာနဲ့ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးဆိုတဲ့မူပေါ်မှာ လက်ခံပြီးတော့ လက်တွဲလုပ်ဆောင်ခဲ့တဲ့နိုင်ငံဖြစ်ပါ တယ်။ အဲဒီတော့ ဒီအဆိုတင်သွင်းရခြင်းဟာ ကုလသမဂ္ဂရဲ့လုပ်ဆောင်ချက်တွေ၊ ကုလသမဂ္ဂနဲ့ ပူးပေါင်းလုပ်ဆောင်ချက်တွေကို သံသယနဲ့တင်ခြင်းမဟုတ်ပါဘူး။ ဒီပေါ်မှာ ဒီအထူးအစီရင်ခံစာ တင်သွင်းသူရဲ့ သူ့ရဲ့ခံစားချက်၊ သူ့ရဲ့တင်ပြချက်တွေဟာ အမှန်လက်ရှိမြေပြင်အခြေအနေနဲ့ ကွဲပြားနေတဲ့အတွက်ကြောင့် သူပြောတဲ့စကားပေါ်မှာသာ ကျွန်မတို့က ကန့်ကွက်ရခြင်းပဲဖြစ်ပါတယ်။ တကယ်တော့ အခုတက်လာတဲ့အစိုးရသစ်နောက်ပိုင်းမှာ ဒီရခိုင်ပြည်နယ်နဲ့ပတ်သက်တဲ့ပြဿနာတွေကို နည်းမှန်၊ လမ်းမှန်နဲ့ ကြိုးစားဆောင်ရွက်နေတာလည်း အားလုံးအသိပဲဖြစ်ပါတယ်။ အရင်တုန်းက ဖြစ်ခဲ့ဖူးတဲ့အကြောင်းအရာတွေပေါ်မှာအခြေခံပြီးတော့ သတင်းအမှောင်ချထားပြီး တံခါးပိတ်ပြီးတော့သာ ကိုယ့်ဘာသာဖြေရှင်းနေလို့ရှိရင် သံသယတွေများလာမှာပဲဖြစ်တယ်ဆိုတဲ့ခံယူချက်နဲ့ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးဟောင်း မစ္စတာကိုဖီအာနန်ဦးဆောင်တဲ့ ဒီအကြံပေးကော်မရှင်ကိုဖွဲ့စည်းပြီးတော့ နိုင်ငံတကာကသိအောင် ကြိုးစားနေတာပဲဖြစ်ပါတယ်။ အဲဒီအပေါ်မှာ ကောင်းတဲ့အချက်တွေရော၊ လိုအပ်နေသေးတဲ့အချက်တွေရော မျှမျှတတတင်ပြမှသာ ကျွန်မတို့နိုင်ငံကို ကူညီမယ့် ကုလသမဂ္ဂရော၊ နိုင်ငံတကာကရော ကျွန်မတို့နိုင်ငံကိုကူညီမယ့်အစီအစဉ်တွေကို မှန်ကန်စွာ ချမှတ်နိုင်မှာဖြစ်ပါတယ်။ ဒီ့အတွက်ကြောင့် ဒီအဆိုကိုတင်သွင်းရခြင်းဖြစ်ပါတယ်။

ကျွန်မအနေနဲ့က ကျွန်မတင်သွင်းတဲ့အရေးကြီးအဆိုကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်ကြီးမှ အတည်ပြုပေးပါရန် ကျွန်မပန်ကြားအပ်ပါတယ်ရှင့်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါ်သန္တာ၊ အိမ်မဲမဲဆန္ဒနယ်က တင်သွင်းတဲ့ အရေးကြီးအဆိုကို လွှတ်တော်ကိုယ်စားလှယ် ၁၃ ဦးကဆွေးနွေးပြီး နိုင်ငံခြားရေး ဝန်ကြီးဌာနက အရေးကြီးအဆိုအား ထောက်ခံပါကြောင်း၊ အတည်ပြုသင့်ကြောင်းရှင်းလင်းခဲ့ပါတယ်။ အဆိုရှင်ကလည်း အတည်ပြုပေးရန်ရှင်းလင်းပြောကြားသွားပါတယ်။ ဒါကြောင့် ဒီအရေးကြီးအဆိုနှင့် စပ်လျဉ်းပြီး အတည်ပြုရန် လွှတ်တော်ရဲ့သဘောထားကိုမေးပါ့မယ်။ အရေးကြီးအဆိုနှင့်စပ်လျဉ်းပြီး အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဒေါ်သန္တာ တင်သွင်းတဲ့အရေးကြီးအဆိုကို လွှတ်တော်မှတစ်ညီတစ်ညွတ်တည်း အတည်ပြုကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၃)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၃၄)ရက်မြောက်နေ့ ဆက်လက် ကျင်းပမည့်နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၃)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၄)ရက်မြောက်နေ့ကို ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်(ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီမှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊၁၄း၀၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၃)ရက်မြောက်နေ့ကို ၁၄း၀၅ နာရီ အချိန်တွင်ရပ်နားပါသည်။

**မှုကြမ်း**

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၃) ရက်မြောက်နေ့ (၂၅.၇.၂၀၁၇) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ



ဒေါ်ခင်စောဝေ
(ရသေ့တောင် မဲဆန္ဒနယ်)



ဦးစိုင်းသီဟကျော်
(မိုင်းရယ် မဲဆန္ဒနယ်)



ဒေါက်တာခင်စိုးစိုးကြည်
(ပြည် မဲဆန္ဒနယ်)



ဦးကျော်တင်
(ဆော မဲဆန္ဒနယ်)



ဦးမျိုးညွန့်
(ဟုမ္မလင်း မဲဆန္ဒနယ်)



ဦးလာမာလေး
(ဆော့လော် မဲဆန္ဒနယ်)



ဦးဝင်းမြင့် (ဒုတိယရှေ့နေချုပ်)
ပြည်ထောင်စုရှေ့နေချုပ်ရုံး



ဦးလှကျော် (ဒုတိယဝန်ကြီး)
စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်း
ဝန်ကြီးဌာန

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်